# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၇၆]


**မြတ်ဗုဒ္ဓအဆူဆူတို့၏ အဆုံးအမ**

- ❖ မကောင်းမှု ရှောင်၊
- ❖ ကောင်းမှု ဆောင်၊
- ❖ ဖြူအောင် စိတ်ကိုထား။

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ ဝေဠုဝန်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်း ဆရာတော်များအား ဆက်ကပ် လောင်းလှူ ပူဇော်

**နေပြည်တော် မတ် ၂၃**

၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူသည်။

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ကျင်းပရာ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်က အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✳



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဘွဲ့တံဆိပ်တော်ရဆရာတော် တစ်ပါးအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)


**ယနေ့ ဖတ်စရာ**

**တပေါင်းလပြည့်နေ့တွင် စေတီပုထိုးများ၌ ဘုရားပူးများဖြင့် စည်ကားများပြား** စာမျက်နှာ » ၉

**အာဂတိဘီနဲ့ မဟာလူသား** ဆောင်းပါး စာမျက်နှာ » ၁၀





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အပူချိန်နှင့် မီးလောင်နိုင်ခြေများသတိပြုဖွယ်

ယခုရက်ပိုင်းအတွင်း နေ့အပူချိန်များသည် သိသိသာသာ တိုးလာလျက်ရှိသည်။ ထူးခြားသည့် နေ့အပူချိန်များသည် အနည်းဆုံး ၄၀ ဒီဂရီစင်တီဂရိတ်မှ ၄၂ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာသည်။ အပူချိန်များမြင့်တက်လာမှုကြောင့် မီးလောင်မှုများလည်း ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။ အပူချိန်မြင့်တက်မှုသည် မီးလောင်မှုကို အလွယ်တကူဖြစ်ပွားစေနိုင်သည်။ အပူချိန်မြင့်တက်မှုများကြောင့် မီးလောင်မှုဖြစ်စဉ်များသည် သမားရိုးကျမဟုတ်ဘဲ ဖြစ်ပွားလျက်ရှိသည်။

အပူချိန်မြင့်တက်သည့် နေ့ခင်းအချိန် ဓာတ်ဆီထည့်ရာ၌ပင် မီးလောင်မှု ဖြစ်ပွားနိုင်သည်။ ဓာတ်ဆီနှင့် ပုံးနှုတ်ခမ်းသား ပွတ်အားကြောင့် လျှပ်စစ်ဖြစ်ပေါ်ကာ မီးလောင်မှုဖြစ်ပွားနိုင်သည်။ နေ့ခင်းအပူချိန်မြင့်တက်နေချိန် အရှိန်ပြင်းစွာမောင်းနှင်သွားသော ဆိုင်ကယ်၊ မော်တော်ယာဉ်များအကြောင်းမဲ့ မီးလောင်မှုများဖြစ်ပွားလာသည်ကို တွေ့ရသည်။ မူလမီးအရင်းအမြစ်မရှိသော်လည်း အပူရှိန်ကြောင့် မီးထွက်လာပြီး မီးလောင်မှုများဖြစ်ပွားနိုင်သည်။

အမြန်လမ်းမကြီးပေါ်တွင် အလွန်ပူပြင်းနေချိန် ကားကို အရှိန်ပြင်းစွာ မောင်းနှင်ခြင်းကြောင့် တာယာပွင့်ထွက်ကာ ယာဉ်မတော်တဆမှုများဖြစ်ပွားလာသည်။ မော်တော်ကားတာယာများသည် အပူချိန်မြင့်တက်နေရချိန် အရှိန်ပြင်းစွာမောင်းနှင်မှုကြောင့် အပူလွန်ကဲပြီး တာယာပွင့်ပေါက်သွားနိုင်သည်။ ထို့အတူ ဈေးများ၊ သိုလှောင်ရုံများအတွင်းရှိ ဓာတုပစ္စည်းများသည်လည်း အပူချိန်မြင့်တက်လာချိန် အချင်းချင်းဓာတ်ပြုမှုကြောင့် မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့် အနေအထားဖြစ်သည်။

မီးလောင်မှုဖြစ်စဉ်များသည် သမားရိုးကျမဟုတ်တော့သည်ကို သတိပြုသင့်သည်။ အပူလွန်ကဲမှုကြောင့် ဓာတုပစ္စည်းများမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားနိုင်သည်။ လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲမှုကြောင့် အရည်ပျော်ကျကာ ရှော့ဖြစ်၍ မီးလောင်မှုများလည်း ဖြစ်ပွားလျက်ရှိသည်။ အပူချိန်ကြောင့် မီးလောင်နိုင်ခြေအားမှာ ပို၍များပြားလာသည်။

သို့ဖြစ်၍ နေ့အချိန် အပူချိန်မြင့်မားချိန်တွင် ခရီးဝေးမောင်းနှင်သော မော်တော်ယာဉ်များ သတိပြုရန်လိုအပ်လာသည်။ မော်တော်ယာဉ်များကို လုံလောက်သောအနားယူပြီးမှ မောင်းနှင်သွားလာခြင်းသည် အကောင်းဆုံးဖြစ်သည်။ နေ့လယ်နေ့ခင်း ဓာတ်ဆီထည့်သည့်အခါ သတိပြုသင့်သည်။ ပွတ်အားကြောင့် မီးလောင်နိုင်သည်။ ဓာတုဗေဒပစ္စည်းသိုလှောင်ရာတွင် စနစ်တကျ သိုလှောင်ထိန်းသိမ်းထားသင့်သည်။ လိုအပ်ပါက မီးဘေးလုံခြုံရေး အဆက်မပြတ်ထားရှိသင့်သည်။ ဆိုလာပြားများ အပူလွန်ကဲရာမှလည်း မီးလောင်မှုဖြစ်ပွားနိုင်ကြောင်း သိရသည်။ နေ့ခင်းဘက် အပူချိန်မြင့်တက်မှုများကြောင့် မီးလောင်မှုများမဖြစ်ပွားရအောင် ရှောင်ရန် ဆောင်ရန်များ သတိပြုလိုက်နာဆောင်ရွက်သင့်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

## ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မြောင်းမြမြို့နယ်ရဲတပ်ဖွဲ့၏ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် ဆွေးနွေးပွဲအခမ်းအနားကို မတ် ၂၀ ရက်က မြောင်းမြမြို့ အမှတ်(၄) ရပ်ကွက်ရှိ မြောင်းမြမြို့မရဲစခန်း ရဲကျော်သူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်လွင်က ယခုလက်ရှိ မြောင်းမြမြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုများ၊ ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ ကိစ္စရပ်များနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်စိုးက တစ်ပတ်အတွင်း ဖြစ်ပွားခဲ့သော မှုခင်းဖြစ်စဉ်များအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး လိုင်စင်ရအရက်ဆိုင်နှင့် စားသောက်ဆိုင်များအနေဖြင့် သင်္ကြန်ကာလအတွင်း သတ်မှတ်စည်းကမ်းချက်/လိုင်စင်စည်းကမ်းချက်များနှင့်အညီ လိုက်နာရောင်းချစေရေး ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုရဲ




## စွယ်တော်တိုက်နှင့် ရင်ပြင်တော်ကျောက်ပြားခင်းခြင်း ပြီးမြောက်သည့် ရေစက်ချအောင်ပွဲ

**ပုသိမ် မတ် ၂၃**

ပုသိမ်မြို့ အမှတ် ၄ ရပ်ကွက်ရှိ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ကျင်းပသည့် ဗုဒ္ဓမြတ်စွယ်တော်များ ကိန်းဝပ်စံပယ်အပူဇော်ခံမည့် စွယ်တော်တိုက်နှင့် ရင်ပြင်တော်ကျောက်ပြားခင်းခြင်းပြီးမြောက်သည့် ရေစက်ချအောင်ပွဲ မင်္ဂလာအခမ်းအနားသို့ မတ် ၂၀ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဇနီး ဒေါ်ခင်ဌေးမြင့်တို့ တက်ရောက်ခဲ့သည်။

အခမ်းအနား၌ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်၊ ရင်ပြင်တော်ကျောက်ပြားခင်းကျင်းလှူဒါန်းရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းဝေက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားခဲ့ပြီး စွယ်တော်မြတ်ပင့်ဆောင်မှုဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌက တရုတ်နိုင်ငံမှ ပင့်ဆောင်ပူဇော်ထားရှိသည့် ဗုဒ္ဓစွယ်တော်မြတ်၏ အလှူတော်ငွေများအား အလှည့်ကျသဘာပတိ ဦးညွန့်မြိုင်ထံသို့ လွှဲပြောင်းပေးအပ်၍ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မောင်းထောင်ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## သဲကွင်းမှတ်တိုင် ဆက်သွယ်ရေးကြိုးများ အိကျနေမှု အန္တရာယ်ရှိ

**ထင်သာမြင်သာ ပြုပြင်စရာ**



ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ဗားကရာဘက်မှလာသော သဲကွင်းမှတ်တိုင်အနီးတွင် မြန်မာ့ဆက်သွယ်ရေးမှ သွယ်တန်းထားသည့်ကြိုးများအိကျနေသည်မှာ လူတစ်ရပ်စာမျှပင် မလွတ်ကင်းနိုင်သော အနေအထားဖြစ်ပါသည်။

ယင်းဆက်သွယ်ရေးကြိုးများ အိကျနေသည်မှာ ပြီးခဲ့သောမိုးတွင်းကာလမှပင် ဖြစ်သည်ဟု အနီးဝန်းကျင်နေသူများက ပြောသည်။

မှတ်တိုင်သို့ လာရောက်သည့် လိုင်းကားများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း စားသုံးဆီလှောင်ကန်သို့ ဆီလာရောက်ထုတ်ယူသည့် ကားများအားလုံးမှာ ထိုအိကျနေသောကြိုးများကိုရှောင်ပြီး ယာဉ်တစ်ကြောစာခွာ၍ ရပ်တန့်နေကြရသည်။

ယာဉ်တစ်ကြောစာပျောက်သွားသည့်အတွက် ယာဉ်အသွားအလာများသောအချိန်များတွင် ယာဉ်ကြောများကျပ်သွားခြင်း၊ ကြိုးများနှင့် မော်တော်ယာဉ်များ ငြိပါသွားခြင်းများ ဖြစ်နေသည့်အတွက် အန္တရာယ်ရှိ အနေအထားတစ်ခု ဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှပြုပြင်ပေးပါရန်ပြည်သူများကလိုလားနေကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၇၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀/၁၀၃၀၀၀ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၇·၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၂·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၄·၆၉ |
| ထိုင်း | တစ်ဘတ် | ၃၄·၈၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၃၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈·၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉·၂၄၄ |

ခင်ရတနာ-စုစည်းသည်။

● ကျောဖုံးမှ

လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဖန်ဗင်မင်းနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာတို့က အဖွင့်မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ တိုးတက်မှုများအား သုံးသပ်ခြင်းနှင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယား၊ လာအိုဝန်ကြီးချုပ်များ၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့က ဆွေးနွေးကြသည်။



ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးတက်ရောက်လာသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ဆွေးနွေးပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မဲခေါင်ဒေသနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ခိုင်မာသည့် ကတိကဝတ်ထားရှိမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကိုယ်စားပြုလျက် မဲခေါင်-လန်ချန်း ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးကို တက်ရောက်ခွင့်ရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် ယခုအစည်းအဝေးကို တက်ရောက်ရန် ဆန္ဒရှိသော်လည်း နိုင်ငံအတွင်း အရေးကြီးသည့် အုပ်ချုပ်ရေးအပြောင်းအလဲ ကာလဖြစ်နေ၍ အစည်းအဝေးသို့ ပါဝင်တက်ရောက်နိုင်ခြင်း မရှိပါကြောင်းနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မဲခေါင်-လန်ချန်း နိုင်ငံခေါင်းဆောင်များသို့လည်းကောင်း၊ ဤသမိုင်းဝင်အစည်းအဝေးကြီး အထမြောက်အောင်မြင်စေရေးအတွက် လည်းကောင်း ဆုမွန်ကောင်းများ ပို့သလိုက်ပါသည် ပြောကြားလိုပါကြောင်း။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ တရုတ်ဝန်ကြီးချုပ် မစ္စတာ လီခချန်၏ ရည်မှန်းချက်နှင့် ကြိုးပမ်းမှုတို့ကြောင့် အကောင်အထည်ပေါ်လာသည့် အစီအစဉ်ဖြစ်သည်ကို ဝမ်းသာစွာ မှတ်သားမိပါကြောင်း။

မိမိအနေဖြင့် မဲခေါင်မြစ်ကြီး၏ အရေးပါမှုကို ပြော၍မကုန်နိုင်ပါကြောင်း၊ ကမ္ဘာပေါ်၌ ၁၂ ခုမြောက် အရှည်လျားဆုံးနှင့် အာရှတိုက်တွင် သတ္တမမြောက် အရှည်လျားဆုံးဖြစ်ပြီး ကီလိုမီတာ ၄၃၅၀ ရှည်လျားသော မဲခေါင်မြစ်ကြီးသည် နိုင်ငံခြောက်နိုင်ငံကို ဖြတ်သန်းစီးဆင်းလျက်ရှိပါကြောင်း။





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

မဲခေါင်မြစ်ဝှမ်းဒေသသည် ဇီဝမျိုးကွဲ သားရဲတိရစ္ဆာန်များ၊ သစ်ပင်မျိုးစိတ်ပေါင်းများစွာ ပေါကြွယ်ဝသည့် ဒေသတစ်ခုလည်း ဖြစ်ပါကြောင်း၊ မြစ်ကြောင်းတစ်လျှောက် မှီတင်းနေထိုင်လျက်ရှိသည့် လူဦးရေ သန်းပေါင်း ၆၀ ကျော်တို့သည် စားဝတ်နေရေးအတွက် မြစ်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို အားကိုးနေရပါကြောင်း။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ တစ်ဟုန်ထိုးဖြစ်ပေါ်နေသည့် ဒေသအတွင်း ဖြတ်သန်းစီးဆင်းနေသည့် မဲခေါင်မြစ်ကြီးကို အပြည့်အဝ အသုံးချနိုင်ခြင်း မရှိသေးသည်မှာလည်း ထူးခြားသည့်အသွင်အဖြစ် တွေ့ရှိနေရပါကြောင်း၊ မဲခေါင်မြစ်ကြီးအား အမှီပြု၍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပြုလုပ်နိုင်သည့် အလားအလာများစွာ ရှိနေပါကြောင်း၊ ဥပမာ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ဆည်ရေသောက် စိုက်ပျိုးမြေများ ချဲ့ထွင်ရေး၊ ရေကြီးမှု တားဆီးထိန်းချုပ်ရေး၊ ခြောက်သွေ့ရာသီတွင် ရေရရှိရေး၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ရေကြောင်းသွားလာရေးနှင့် ခရီးသွားလုပ်ငန်းစသည်တို့ကို ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများ ကြီးမားစွာရှိနေပါကြောင်း။

မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ ထိပ်သီးခေါင်းဆောင်များအဆင့်၊ ဝန်ကြီးများအဆင့်၊ အဆင့်မြင့် အရာရှိများအဆင့်နှင့် လုပ်ငန်းအဖွဲ့အဆင့် စသည်ဖြင့် အဆင့်ဆင့်သော လုပ်ငန်းဆောင်ရွက်မှုယန္တရားကို ထောက်ခံပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုအတွက် တူညီဆန္ဒဖြင့် ဆုံးဖြတ်ခြင်း၊ တန်းတူရည်တူရှိမှု၊ အပြန်အလှန် ဆွေးနွေးတိုင်ပင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု၊ မိမိဆန္ဒအလျောက် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်မှု၊ ပူးပေါင်းပါဝင်မှုနှင့် အကျိုးအမြတ် မျှဝေခံစားမှု၊ ကုလသမဂ္ဂပဋိညာဉ်နှင့် နိုင်ငံတကာဥပဒေများကို လေးစားမှုတို့အပေါ် အခြေခံထားသည့် "မူများ" ကိုလည်း ထောက်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ရလဒ်များအပေါ် ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း ဆောင်ရွက်ပြီး တရုတ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့က နိဂုံးချုပ်မိန့်ခွန်း ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် ဗီယက်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် Exhibition Zone ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မဲခေါင်မြစ်ကြောင်းတစ်လျှောက်ရှိ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပြပွဲသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ပူးတွဲသတင်းစာရှင်းလင်းပွဲနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံ ခေါင်းဆောင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

# နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးကို တရားဝင်ကုန်သွယ်မှုအဖြစ် ပိုမိုအားပေးမြှင့်တင်ရန် ဆွေးနွေး

**စန်းယ မတ် ၂၃**

မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို မတ် ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် စန်းယမြို့ရှိ Sheratonဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့် ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ကုန်သွယ်ရေးတိုးတက်လာမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးကို တရားဝင်ကုန်သွယ်မှုအဖြစ် ပိုမိုအားပေးမြှင့်တင်လိုမှုနှင့် ကွမ်းလုံတံတားသစ် တည်ဆောက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# စင်ကာပူနိုင်ငံမှ ၂၀၁၇ ခုနှစ်အတွက် အာဆီယံပညာသင်ဆုကမ်းလှမ်း

**နေပြည်တော် မတ် ၂၃**

၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံအစိုးရက ချီးမြှင့်မည့် အာဆီယံပညာသင်ဆုအတွက် မြန်မာနိုင်ငံမှ ထူးချွန်ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ကြောင်း ရန်ကုန်မြို့ရှိ စင်ကာပူသံရုံးမှ စာအမှတ် ၁၀၁/၂၀၁၆ ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်လွှာပုံစံနှင့်အတူ ပူးတွဲပေးပို့ခဲ့ကြောင်း သိရသည်။

ပညာသင်ဆုကမ်းလှမ်းလာသူများသည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အတွင်း မွေးဖွားသူများဖြစ်ရန်နှင့် အနိမ့်ဆုံး Grade-9 အဆင့်ရှိ ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ကြောင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုရှိပြီး ကျောင်းစာမေးပွဲများကို ကောင်းမွန်စွာဖြေဆိုနိုင်သူများ ဖြစ်ရမည်ဖြစ်ကြောင်း၊ အဆိုပါ ပညာသင်ဆုအတွက် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ရွေးချယ်စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပြီး စက်တင်ဘာလတွင် လူတွေ့စစ်ဆေးခြင်းပြုလုပ်၍ အောက်တိုဘာလတွင် ပညာသင်ဆုအတွက် အောင်စာရင်းများ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်းနှင့် ပညာသင်ဆုအတွက် လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်ကာ ၂၀၁၆ ခုနှစ် ဇွန် ၃ ရက်တွင် နောက်ဆုံးထား၍ ရန်ကုန်မြို့ စင်ကာပူသံရုံးသို့ အချိန်မီပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ကမ္ဘာ့ပျမ်းမျှပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနှင့် နှိုင်းယှဉ်လျှင် တရုတ်ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုပိုမိုများပြား

**ပေကျင်း မတ် ၂၃**

၁၉၈၀မှ၂၀၁၅အထိ ပုံမှန်အားဖြင့် တရုတ်နိုင်ငံ၏ နှစ်စဉ် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုသည် ၃ မီလီမီတာရှိသောကြောင့် ကမ္ဘာ့ပျမ်းမျှပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားနေကြောင်း သမုဒ္ဒရာ စီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

၂၀၀၆ ခုနှစ်မှ ၂၀၁၅ခုနှစ်ကြားကာလများသည် လွန်ခဲ့သော နှစ် ၃၀ တွင် ပင်လယ်ရေမျက်နှာပြင် အမြင့်ဆုံးမြင့်တက်သည့် ကာလများဖြစ်ကြောင်း ယင်းစီရင်ခံစာက ဖော်ပြသည်။

ကမ္ဘာကြီး ပူနွေးမှုကြောင့် ပင်လယ်ရေများ အပူချိန်မြင့်တက်လာခြင်း၊ ရေခဲမြစ်နှင့် ကုန်းမြေရှိရေခဲများ အရည်ပိုမိုပျော်လာခြင်းကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာကြောင်း၊ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် တရုတ်နိုင်ငံ၏လေထုနှင့် ပင်လယ်ရေထုအပူချိန်မြင့်တက်လာပြီး ကမ်းရိုးတန်းဒေသများတွင် လေဖိအားနည်းရပ်ဝန်းများကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာရခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မုန်တိုင်းများကြောင့် စီးပွားရေးတွင် ၉၉ ဒသမ ၈ ရာခိုင်နှုန်းခန့် ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ ပင်လယ် လှိုင်းကြမ်းများကြောင့် လူသေဆုံးမှု ၇၇ ရာခိုင်နှုန်းဖြစ်ပွားခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ပင်လယ်ကမ်းရိုးတန်းပြည်နယ်များဖြစ်သော ကွမ်တုံ၊ ဖူကျန်းနှင့် ဇီကျန်းတို့သည် ပင်လယ်သမုဒ္ဒရာနှင့်သက်ဆိုင်သော ဘေးဒုက္ခများကို အများဆုံးခံစားရသောပြည်နယ်များဖြစ်ကြောင်း ၎င်းအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

(ဆင်ဟွာ)



## သမ္မတအိုဘားမားနှင့် မိသားစု အာဂျင်တီးနားသို့ရောက်ရှိ

**ဗျူနိုအေရိစ် မတ် ၂၃**

စီးပွားရေး မြင့်တင်မှုလိုလားသူ သမ္မတ မော်ရီစီယိုမာခရိုင်း ပြီးခဲ့သည့်ဒီဇင်ဘာလက အာဏာရလာသည့်အချိန်ထိ တောင်အမေရိက လက်ဝဲအုပ်စုဝင်နိုင်ငံတစ်ခုဖြစ်သည့် အာဂျင်တီးနားနိုင်ငံနှင့် သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်ရေးမြင့်တင်သွားနိုင်ရန်ရည်ရွယ်၍ အမေရိကန်သမ္မတ အိုဘားမားသည် ဗုဒ္ဓဟူးနေ့က အာဂျင်တီးနားနိုင်ငံသို့ ရောက်ရှိလာသည်။

သမ္မတအိုဘားမား၏နှစ်ရက်ကြာခရီးစဉ်သည် နှစ်နိုင်ငံကြား နှစ်ပေါင်းများစွာတင်းမာနေသော ဆက်ဆံရေးကို အဆုံးသတ်စေပြီး လက်တင်အမေရိက၏ တတိယစီးပွားရေးအင်အား အကြီးဆုံးနိုင်ငံဖြစ်သည့် အာဂျင်တီးနားတွင် မာခရိုင်း၏ ရင်းနှီးမြှုပ်နှံရေးပြုပြင်ပြောင်းလဲမှုကို ထောက်ခံအားပေးနိုင်ရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။ သမ္မတအိုဘားမားနှင့် မိသားစုသည် ဗုဒ္ဓဟူးနေ့က ဗျူနိုအေရိစ်လေဆိပ်သို့ရောက်ရှိလာခဲ့ရာ အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ကြသည်။ အမေရိကန်သမ္မတသည် ပူးတွဲသတင်းစာရှင်းလင်းပွဲမလုပ်မီ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်း၌ သမ္မတ မာခရိုင်းနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)

## အမေရိကန်၌ ကျင်းပသော နျူကလီးယားအစည်းအဝေးသို့ ရှီကျင့်ဖျင် တက်ရောက်မည်

**ပေကျင်း မတ် ၂၃**

လာမည့် သီတင်းပတ်တွင် ဝါရှင်တန်၌ကျင်းပမည့် နျူကလီးယားလုံခြုံရေးအစည်းအဝေးကို တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်မည်ဖြစ်ပြီး အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးသွားဖွယ်ရှိသည်။

မတ် ၂၈ ရက်မှစ၍ ရှီသည် အမေရိကန်ပြည်ထောင်စုနှင့် ချက်သမ္မတနိုင်ငံသို့ ငါးရက်ကြာ ခရီးသွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။ ၎င်းသည် မတ် ၃၁ ရက်မှစ၍ ကျင်းပသော အစည်းအဝေးသို့ တက်ရောက်မည်ဖြစ် သည်။



အဆိုပါ အစည်းအဝေးသည် နျူကလီးယား ဆက်စပ်ပစ္စည်းများကို အကြမ်းဖက်သမားများ လက်ဝယ်ကျရောက်ခြင်း မရှိစေရန် ကာကွယ်ရေး ရည်ရွယ် ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

ခေါင်းဆောင် နှစ်ဦးတို့သည် မြောက်ကိုရီးယား၏ နျူကလီးယား အဆင့်မြင့်လာမှုနှင့် တောင်တရုတ်ပင်လယ်တွင် တရုတ်၏စစ်ရေး လှုပ်ရှားမှုများ တိုးမြင့်လာသည့်အပေါ် ဆွေးနွေးသွားမည်ဟု မျှော်လင့်ရသည်။

ရှီသည် ချက်သမ္မတနိုင်ငံသို့သွားရောက်ပြီး သမ္မတ မီလော့ဇီမန်နှင့် တွေ့ဆုံမှုသည် ယင်းနိုင်ငံ၏ စီးပွားရေးနှင့် အခြားဆက်ဆံရေးများတိုးတက်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သံတမန်ရေးရာလေ့လာစောင့်ကြည့်သူများက ပြောသည်။

(ရိုက်တာ)

## ကမ္ဘောဒီးယားရှိ ပြည်နယ်အားလုံးနီးပါး မိုးခေါင်မှုဒဏ် ခံစားနေရပြီး ပြည်နယ်အချို့ ရေရှားပါး

**ဖနောင်ပင် မတ် ၂၃**

ကမ္ဘောဒီးယားရှိ ပြည်နယ်အားလုံးနီးပါး မိုးခေါင်မှုဒဏ်ကို ရင်ဆိုင်နေရသော်လည်း ပြည်နယ်အချို့သာလျှင် ရေရှားပါးမှုကို ရင်ဆိုင်နေရကြောင်း ဒေသတွင်းသတင်းစာများတွင် ဖော်ပြခဲ့သည်။

ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနရှိ မိုးလေဝသဌာနမှ ဒါရိုက်တာတစ်ဦးဖြစ်သူ Oum Ryna က ခြောက်သွေ့ရာသီတွင် နေ့စဉ်ရေသုံးစွဲမှုကို လိုအပ်သော ပမာဏထက် ပိုမိုသုံးစွဲခြင်းမပြုရန် ပြည်သူအားလုံးကို ညွှန်ကြားထားကြောင်း ပြောခဲ့သည်။

ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား ပူအိုက်သောရာသီ၌ ကျန်းမာရေးအတွက် ရေလုံလောက်စွာ သောက်သုံးရန် သတိပေးထားပြီး မိုးရာသီရောက်သည့်တိုင် ရေများသိုလှောင်သိမ်းဆည်းထားရန် ပြည်သူများသို့ ကြေညာထားသည်။

ကမ္ဘောဒီးယား တစ်နိုင်ငံတည်းသာလျှင် ရေပြတ်လပ်မှုကို ရင်ဆိုင်နေရခြင်းမဟုတ်ဘဲ ထိုင်း၊ လာအို၊ ဗီယက်နမ်နှင့် တရုတ်မှ ပြည်နယ်အချို့မှ နိုင်ငံများ အပါအဝင် မဲခေါင်နိုင်ငံများသည် အလားတူအဖြစ်မျိုးရင်ဆိုင်နေရကြောင်း ၎င်းက ပြောခဲ့သည်။

ကမ္ဘောဒီးယားထိပ်ပိုင်းအရာရှိတစ်ဦးက မတ်လ ၁၅ ရက်မှ ဧပြီ ၁၀ ရက်အထိ မိုးခေါင်ရေရှားမှု ဒဏ်ခံစားနေရသော မဲခေါင်နိုင်ငံများသို့ တရုတ်နိုင်ငံမှ ရေလွှတ်ပေးလျက်ရှိကြောင်း အင်္ဂါနေ့က ပြောခဲ့သည်။

(ဆင်ဟွာ)

## တူရကီတွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်သူ ၁၃ ဦးကို ထိန်းသိမ်း

**အစ္စတန်ဘူလ် မတ် ၂၃**

တူရကီအာဏာပိုင်များက အိုင်အက်စ်အကြမ်းဖက်သမားများနှင့်ဆက်နွှယ်သည်ဟု သံသယရှိသူ အနည်းဆုံး လူ ၁၃ ဦးကို အင်္ဂါနေ့က ထိန်းသိမ်းလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံသားတစ်ဦးနှင့် အီရတ်နိုင်ငံသားတစ်ဦးအပါအဝင် လူသုံးဦးကို အစ္စတန်ဘူလ်တွင်ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အနာဒိုလူသတင်းအေဂျင်စီနှင့် အခြားမီဒီယာက ပြောသည်။ ၎င်းတို့သည် ဂျာမန်ကောင်စစ်ဝန်ချုပ်ရုံးနှင့် စာသင်ကျောင်းတစ်ကျောင်းကို တိုက်ခိုက်ရန် တရားမဝင်စီစဉ်ခဲ့ကြောင်း သိရသည်။ ဂျာမန် စုံစမ်းစစ်ဆေးရေးအဖွဲ့က သံသယရှိအကြမ်းဖက်သောင်းကျန်းသူများရှာဖွေရာတွင် ပူးပေါင်း ပါဝင်ကူညီခဲ့သည်။

ဂါဇီယန်တက်ပ် ပြည်နယ်အရှေ့တောင်ဘက်တွင်လည်း အိုင်အက်စ်အကြမ်းဖက်အုပ်စုနှင့် ဆက်နွှယ်သည့်အကြမ်းဖက်သောင်းကျန်းသူများဟုယူဆရသူ ၁၀ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ သံသယရှိသူများသည် ဆီးရီးယားမှတစ်ဆင့် တူရကီထဲသို့ တရားမဝင် ဝင်ရောက်ရန် ကြိုးပမ်းသူများဖြစ်ကြောင်းသိရပြီး တစ်ယောက်သောသူထံတွင် အသေခံတိုက်ခိုက်ရန် ဖောက်ခွဲရေးပစ္စည်းတစ်ခုတွေ့ရှိခဲ့ကြောင်း သိရသည်။

သို့သော်လည်း ဖမ်းဆီးထိန်းသိမ်းထားသူများတွင် သက်ဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ဖော်ပြထားသော သံသယရှိသူများ ပါဝင်ပုံမရှိကြောင်း သိရသည်။

လွန်ခဲ့သော ခြောက်လခန့်က တူရကီတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၈၀ ကျော် သေဆုံးခဲ့သည်။ စနေနေ့က အစ္စတန်ဘူလ်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

## ယီမင်ရှိ အယ်လ်ခိုင်ဒါလေ့ကျင့်ရေးစခန်းကို အမေရိကန်က လေကြောင်းမှတိုက်ခိုက်

**ဝါရှင်တန် မတ် ၂၃**

အမေရိကန်စစ်ဘက်က အာရေဗျကျွန်းဆွယ် ယီမင်တောင်တန်းများကြားရှိ အယ်လ်ခိုင်ဒါ လေ့ကျင့်ရေးစခန်းကို အင်္ဂါနေ့က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ တိုက်ခိုက်ရေးသမား များစွာ သေဆုံးခဲ့ကြောင်း ပင်တဂွန်က ပြောသည်။

အမေရိကန်နိုင်ငံသားများကို ခြိမ်းခြောက်နေသည့် အေကျူအေပီအနေဖြင့် ယီမင်နိုင်ငံကိုအခြေစိုက်စခန်းအဖြစ် အသုံးပြုလျက်ရှိကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ပီတာကွတ်က ပြောသည်။

ယီမင်နိုင်ငံသည် ၂၀၀၉ ခုနှစ်ကတည်းက အယ်လ်ခိုင်ဒါအဖွဲ့၏ တက်ကြွလှုပ်ရှားမှု အကြီးဆုံးနိုင်ငံဖြစ်လာကြောင်း၊ အိုစမာဘင်လာဒင်၏ ကွန်ရက်သည် ယီမင်နိုင်ငံတွင် အဓိကဖြန့်ကြက်လာကြောင်း ၎င်းက ပြောသည်။

ယီမင်နိုင်ငံတွင် ဟူသီပြည်သူ့စစ်များနှင့် ဆော်ဒီကျောထောက်နောက်ခံသမ္မတ မန်ဆာဟာဒီ၏ သစ္စာခံတပ်များအကြား ပြည်တွင်းစစ်ဖြစ်ပွားနေချိန် အယ်လ်ခိုင်ဒါနှင့် အေကျူအေပီအဖွဲ့တို့သည် အန္တရာယ်အများဆုံး လက်နက်ကိုင်လှုပ်ရှားလာကြောင်း အနောက်နိုင်ငံများက ရှုမြင်သုံးသပ်ထားသည်။

(ရိုက်တာ)

# ပအိုဝ်းအမျိုးသားနေ့ပွဲတော် ရန်ကုန်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် မတ် ၂၃**

ပအိုဝ်းတစ်မျိုးသားလုံး၏ နေ့ထူးနေ့မြတ်ဖြစ်သည့် (တပေါင်းလပြည့်နေ့)တွင် ကျရောက်သော ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ယနေ့ နံနက် ၈ နာရီမှစတင်ကာ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တောင်ကြီး ပရိယတ္တိစာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးစံလွင်၊ ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု(ဗဟို)ဥက္ကဋ္ဌ ဦးခွန်ဝင်းကိုတို့ ပေးပို့သည့် သဝဏ်လွှာများကို တာဝန်ရှိသူများက ဖတ်ကြားသည်။

အခမ်းအနားတွင် ရိုးရာအဝတ်အစား အသုံးအဆောင်ဆိုင်များနှင့် စားသောက်ဖွယ်ရာများ ခင်းကျင်းရောင်းချထားပြီး ဘိုးဘွားများ ကန်တော့ခြင်း၊ ပရိယတ္တိစာပေထူးချွန် ပအိုဝ်းသံဃာတော်များနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားတွင် ပအိုဝ်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ တိုင်းရင်းသားပေါင်းစုံတို့၏ အကအလှများအပြင် ပအိုဝ်းလူမျိုးတို့၏ ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် ပအိုဝ်းစောင်း၊ ပလွေ၊ ကွာ၊ အခရာ(အခယာ) စသော တူရိယာပစ္စည်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။



တပေါင်းလပြည့်နေ့ (ပအိုဝ်းအမျိုးသားနေ့)ရောက်တိုင်း ပအိုဝ်းလူမျိုးများ အများဆုံးနေထိုင်ရာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နှစ်စဉ် စဉ်လာမပျက် ဆင်နွဲလေ့ရှိသည်သာမက ပြည်ပနိုင်ငံများတွင်ပါ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ကျင်းပကြောင်း သိရသည်။

ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် သုဝဏ္ဏဘူမိ သထုံပြည်ကို အုပ်ချုပ်ခဲ့သော သထုံမြို့ ရွှေစာရံစေတီတော်၏ မူလဒါယကာလည်းဖြစ်သော ပအိုဝ်းလူမျိုးတို့အတွက် တောက်ပသော ခေတ်ကာလကို ဖန်တီးပေးခဲ့သည့် သူရိယစန္ဒာမင်း၏ ကျေးဇူးတရားကို အောက်မေ့တမ်းတ သတိရခြင်းအားဖြင့် သူရိယစန္ဒာမင်း၏ မွေးနေ့ဖြစ်သော တပေါင်းလပြည့်နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း အခမ်းအနားမှ သိရသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-နေလင်း**

# မန္တလေး မင်္ဂလာဈေးမီးလောင်မှုကြောင့် ဆိုင်ခန်းပေါင်း ၂၉၇ ခန်းပျက်စီးဆုံးရှုံးခဲ့

**မန္တလေး မတ် ၂၃**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်းနှင့် လမ်း ၃၀ ရှိ မင်္ဂလာဈေး၌ မတ် ၂၂ ရက် ညနေ ၅ နာရီခွဲခန့် ဈေးပိတ်ပြီးချိန်တွင် လေးနာရီကြာ မီးလောင်ခဲ့မှုကြောင့် ဆိုင်ခန်းစုစုပေါင်း ၅၅၀ အနက် ၂၉၇ ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဈေးအတွင်း၌ ရုံးခန်းပေါင်းခုနစ်ခန်း၊ အရောင်းပြခန်း ခြောက်ခန်း၊ အထည်ဆိုင်ခန်း ၄၈၁ ခန်း၊ လူနေတိုက်ခန်း ၅၆ ခန်း စုစုပေါင်း ၅၅၀ တွင် ရုံးခန်းတစ်ခန်း၊ အရောင်းပြခန်းငါးခန်း၊ အထည်ဆိုင်ခန်း ၂၆၃ ခန်းနှင့် လူနေတိုက်ခန်း ၂၈ ခန်း စုစုပေါင်း၂၉၇ ခန်း မီးလောင်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

"မီးလောင်သွားပြီဆိုတော့ ခိုင်ခံ့မှုရှိ မရှိ၊ လောလောဆယ်မှာ ဝင်လို့ရ/မရ ဒါတွေကို စစ်ဆေးသွားမယ်။ လူတွေရဲ့အသက်က အဓိကကျတယ်။ ပြုပြင်ရမှာလား၊ အားလုံးဖြိုချပြီး အသစ်တည်ဆောက်ရမှာလားဆိုတာတွေက ပညာရှင်တွေနဲ့ ဖွဲ့စည်းစစ်ဆေးပြီး ဆက်လုပ်ရမယ့်အပိုင်းပါ။ လက်ရှိမှာတော့ ဆိုင်ခန်းပိုင်ရှင်တွေကို သူတို့ပစ္စည်းတွေသယ်ဖို့ တစ်ထပ်ချင်းစီ ခွင့်ပြုနေပါတယ်"ဟု မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးထွန်းကြည်က မတ် ၂၃ ရက် နံနက်ပိုင်းတွင် မင်္ဂလာဈေးသို့ လာရောက်စစ်ဆေးစဉ် ပြောကြားသည်။ မီးလောင်မှုဖြစ်စဉ်ကြောင့် အဆောက်အအုံတွင်းသို့ ဝင်ရောက်ခွင့် ယာယီပိတ်ထားခဲ့သော်လည်း ၂၃ ရက်ကစ၍ ဆိုင်ခန်းပိုင်ရှင်များနှင့် တိုက်ခန်းနေထိုင်သူများကို ပစ္စည်းများသယ်ယူခွင့်ပြုခဲ့ကြောင်း၊ သယ်ယူမှု အဆင်ပြေစေရန်နှင့် စနစ်တကျရှိစေရေးအတွက် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်နှင့် တာဝန်ခံများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော့်ဆိုင်ခန်းအပါအဝင် ဆိုင်ခန်းအတော်များများ မီးလောင်ဆုံးရှုံးခဲ့တယ်။ ပြောချင်တာက အားမငယ်ကြပါနဲ့၊ ကမ္ဘောဇဘဏ်က ဆိုင်ခန်းအမျိုးအစားအလိုက် ချေးငွေထုတ်ချေးမယ်လို့ သိရတဲ့အတွက် အားတက်စရာပါ။ မန္တလေးမြို့မှာရှိတဲ့ ဈေးတွေအားလုံးကလည်း မီးမပေါ်ဆဲဘဲ အထူးဂရုစိုက်ကြပါ"ဟု မီးလောင်ဆုံးရှုံးမှုတွင် ပါဝင်ခဲ့သည့် စိန်နဲ့မြ မွေ့ရာဆိုင်ပိုင်ရှင် ဦးကျော်မင်းက ပြောသည်။

မီးလောင်ခံရသည့် မင်္ဂလာဈေးနှင့်ပတ်သက်ပြီး ဆိုင်ခန်းပိုင်ရှင်များနှင့် တိုက်ခန်းနေထိုင်သူများ၏ ပစ္စည်းများရွှေ့ပြောင်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို သကြ်န်မတိုင်မီအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အန္တရာယ်ရှိအဆောက်အအုံ သတ်မှတ်ရန်အတွက် မြို့တော်စည်သာယာရေးကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ နည်းပညာတက္ကသိုလ် (မန္တလေး)စသည်တို့ ပါဝင်သည့် ပညာရှင်များပူးပေါင်းပြီး အဆောက်အအုံစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ နည်းပညာအကူအညီများဖြင့် စစ်ဆေးအတည်ပြုသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

# သာသနာနုဂ္ဂဟ စာအောင်ဆုနှင်း

**မုဒုံ မတ် ၂၃**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သည့် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲအသီးသီးတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် စာအောင်ရဟန်း၊ သာမဏေ ၆၃ ပါးတို့အား (၄၈)ကြိမ်မြောက် သာသနာနုဂ္ဂဟ စာအောင် ဆုနှင်းသဘင်ပွဲကို ယနေ့ (တပေါင်းလပြည့်) နံနက် ၉ နာရီတွင် မွန်ပြည်နယ် မုဒုံမြို့ ဂျုံးဂျုံးကျတောရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အလှူရှင်များ၊ တပည့်ဒါယကာ ဒါယိကာမများက စာအောင်ဆုလက်မှတ်၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုချစ်**

# မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၃**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတွင် ဆရာဝန်များအတွက် ဦးနှောက်အမြွှေးရောင်ရောဂါအကြောင်းကို ပါမောက္ခဦးအေးမောင်ဟန်၊ ပါမောက္ခရဲမြင့်ကျော်နှင့် ပါမောက္ခနီလာလွင်တို့က ဟောပြောမည်ဖြစ်သဖြင့် ဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။

**မောင်မောင်**

◆ *ကျောဖုံးမှ*

အဆိုပါ ခုံးကျော်တံတားသစ်၏ ပင်မတံတား အရှည်မှာ ၄၆၅ မီတာနှင့် ချဉ်းကပ်တံတား အရှည်မှာ တံတားသစ်၏ တစ်ဖက်တစ်ချက်စီ၌ မီတာ ၃၀ စီ ပါဝင်ကာ ပင်မနှင့် ချဉ်းကပ်တံတားအရှည်မှာ စုစုပေါင်း ၅၂၅ မီတာရှိသည်။ ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်၏ ယာဉ်သွားလမ်းအကျယ် ဖွဲ့စည်းထားပုံမှာ တံတား၏ အဖြောင့်နေရာတွင် ၁၃ ဒသမ ၄ မီတာ (လေးလမ်းသွား) ဖြစ်ပြီး တံတား၏ အကွေ့နေရာတွင် ၁၄ ဒသမ ၅ မီတာ (လေးလမ်းသွား) ဖြစ်ကြောင်း သိရသည်။

မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က "ခရီးသည်တင်ယာဉ်လိုင်းတွေမှာ ပြေးဆွဲလမ်းကြောင်းဆိုတာ သတ်မှတ်ပေးထားတာရှိတယ်။ အဲဒီတော့ သတ်မှတ်ပြေးဆွဲလမ်းကြောင်း ပေးထားတဲ့အတိုင်းပဲ ဒီလမ်းမကြီးကို ဖြတ်ရမှာပါ။ ဥပမာ ထောက်ကြန့်နဲ့ စော်ဘွားကြီးကုန်း၊ ၁၀ မိုင်ကုန်းဘက်ကလာတဲ့ ကမ္ဘာ



ဦးသန်းဆွေ

အေးဘုရားလမ်းဘက်ကွေ့မယ့် ယာဉ်တွေကတော့ တံတားပေါ်တက်လို့ မရပါဘူး။

ညာဘက်ကပေးထားတဲ့ လမ်းအတိုင်း ကွေ့ပြီးသွားကြရပါလိမ့်မယ်။ ပြည်လမ်းအတိုင်း မောင်းနှင်ကြမယ့် ခရီးသည်တင်ယာဉ်တွေကတော့ ဒီတံတားပေါ်က ဖြတ်သန်းမောင်းနှင်ကြလိမ့်မယ်။

သို့သော် အခက်အခဲက ဘာရှိလာသလဲဆိုတော့ တံတားအဝမှာ ရှိနေတဲ့မှတ်တိုင်ပါ။ ဒီတော့ ဒီမှတ်တိုင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ သက်ဆိုင်ရာ အဖွဲ့အစည်းများက စစ်ဆေးပြီးတော့ ဒီမှတ်တိုင်ကို ရွှေ့ပြောင်းဖို့ စီမံပြီးပါပြီ။ ဘာလို့လဲဆိုတော့ တံတားအောက်လမ်းက မောင်းနှင်နေကြတဲ့ ခရီးသည်တင်ယာဉ်များအတွက် အခက်အခဲမရှိပေမယ့် တံတားအပေါ်ကို ထိုးတက်မယ့် ခရီးသည်တင်ယာဉ်ကျတော့ အန္တရာယ်ရှိပါတယ်။ ဒါကြောင့် တာဝန်ရှိတဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက မှတ်တိုင်ပြောင်းရွှေ့ဖို့ကို စီမံပြီးပါပြီ။ ဒါကြောင့် ပြည်လမ်းအတိုင်းသွားမယ့် ယာဉ်တွေဟာ တံတားပေါ်က ဖြတ်သန်းမောင်းနှင်ကြရမှာဖြစ်ပြီး ကမ္ဘာအေးဘုရားလမ်းဘက်ပတ်မယ့် ယာဉ်တွေဟာ တံတားအောက်ကပဲ ဖြတ်သန်းမောင်းနှင်ကြရမှာပါ။ အခုတော့ တံတားစီမံကိန်းလည်း ပြီးစီးခဲ့ပြီမို့ ယာဉ်ကြောပြေလျော့မှုများ ရှိလာတော့မှာပါ"ဟု ဆိုသည်။

စီမံကိန်းဒါရိုက်တာ ဦးသန်းဆွေက "ရန်ကုန်မြို့အတွင်း တည်ဆောက်တဲ့ ကားလမ်းခုံးကျော်တံတားများအနက် ခြောက်စင်းမြောက်ဖြစ်ပါတယ်။ ကမ္ဘာအေးဘုရားလမ်းနဲ့ ကျိုက်ဝိုင်းဘုရားလမ်းနေရာပြည် အမြန်လမ်းမကြီး တောင်မြောက် ဆောက်လုပ်ထားတာပါ။ ယာဉ်တစ်စီးချင်း ခံနိုင်ဝန် ၇၅ တန် တစ်ဖက်နှစ်လမ်း၊ လေးလမ်းသွား ကြမ်းခင်းနံရံ၊ ရက်မ သံကူကွန်ကရစ်နဲ့ နိုင်လွန်ကတ္တရာခင်းထားတယ်။



ဦးကျော်မိုး

ကျွန်တော်တို့ ကြိုးစားရကျိုးနပ်ပါတယ်"ဟု ပြောကြားသည်။

အထူးဧည့်သည် အမှတ်(၂) သံမဏိစက်ရုံမှူးကြီး ဦးကျော်မိုးက "ဒီတံတား တစ်စင်းလုံးအတွက် ကျွန်တော့်စက်ရုံထုတ် သံမဏိသံပေါင်တွေပါ။ အရင်မြစ်ကူးတံတားအတွက် တရုတ်နိုင်ငံက မှာရတယ်။ အခုတော့ ဘယ်နိုင်ငံကမှ မှာစရာမလိုဘဲ ဝန်ထမ်းခြောက်ရာကျော် နေ့မအား ညမနား လုံလောက်အောင် ထုတ်လုပ်နိုင်ပါပြီ။ ဧရာဝတီမြစ်ကူးတံတားအများအပြား ဆောက်လို့ရပါတယ်" ဟု ပြောကြားသည်။

အဆိုပါ မရမ်းကုန်းမြို့နယ်ရှိ ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်မှာ လေးလမ်းသွားတံတား ဖြစ်လာသည့်အတွက် ရန်ကုန်မှ အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေယာဉ်ကွင်းသို့လည်းကောင်း၊ ရန်ကုန်မြို့မှ အထက်မြန်မာပြည်ကို ဆက်သွယ်ထားသည့် အမြန်လမ်းမကြီးသို့ လည်းကောင်း ယာဉ်များ တောက်လျှောက် ဖြတ်သန်းသွားလာနိုင်ကြတော့မည် ဖြစ်ပြီး အဆိုပါ ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်း စတင်ရန်အတွက် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်က အုတ်မြစ်တူးဖော်ခြင်းနှင့် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မရမ်းကုန်းမြို့နယ်ရှိ ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်း ဖွင့်ပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးသစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးလှမြင့်နှင့် Crown Advanced Construction ကုမ္ပဏီလီမိတက်က စီမံကိန်းဒါရိုက်တာ ဦးသန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၂၃** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**



ဒုတိယသမ္မတ ဦးညွန့်ထွန်း ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)

*✳ ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂုဏောသနက သမ္ဗောဒနီယ ဩဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ ဝေဠုဝန်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလနှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် (ကျိုက်ပိ) ဆရာတော် ဘဒ္ဒန္တဂုဏောသနတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယနှင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဒုမာဘိဝံသတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ချမ်းသာကြီးကျောင်းတိုက် သာသနဂုဏ်ရည်ဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မဟာသုဗောဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အဘိဇာတာဘိဝံသတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရှမ်းပြည်နယ် လားရှိုးမြို့ ကန်မိန်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တမုနိန္ဒနှင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပန်းငွေရုံတောရ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုမနတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်

*စာမျက်နှာ ၇ ကော်လံ ၁ သို့*



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့ ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်တို့ ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နတ်မှော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရနှင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လှည်းဆိပ်စံပြကျေးရွာ မနောဟာရီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုသလတို့အားလည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့ မြန်မာဗုဒ္ဓဘာသာကျောင်းတိုက် ဉာဏာဝါသဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရနှင့် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒတို့အား လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ)တို့က အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ကမ္မဋ္ဌာနာစရိယ၊ သဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှတို့က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်တော် ရရှိကြသူများအား ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ပေးအပ်ကြရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးကျော်ခင်မြင့်နှင့် သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးစိုးသိမ်းနှင့် ဦးစိုးနိုင်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က သီဟသုဓမ္မမဏိဇောတဓရ၊ သုဓမ္မမဏိဇောတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရရှိကြသူများအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး နန့်ကြင်ကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီနှင့် သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရရှိကြသူများအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်များမှ ဘာသာရေးနှင့်လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကုမ္ပဏီများနှင့် အလှူရှင်ပြည်သူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော်အဝင်လမ်းနှင့် စေတီတော် ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် သံဃာတော်အရှင်မြတ် ၁၅၂ ပါး၊ သီလရှင်ဆရာကြီး ခုနစ်ပါး၊ လူပုဂ္ဂိုလ်အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၃၇ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့သည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မြင်ကွင်းပုံရိပ်များ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးညဏ်ထွန်း ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဘွဲ့တံဆိပ်ရရှိသူ တစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး နန့်ကြင်ကြည် ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။

# ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၃

**နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးဝင်း၊ ဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် မဟာဆုတောင်းပြည့် ဘုရားကြီးအား ရွှေကြာသက်န်းတော်၊ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းနှင့် သစ်သီးများ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယက အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယက အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်မြတ်အား နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရား နာကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းသည်။ တပေါင်းလပြည့် အခါသမယ၌ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဓမ္မစကြာဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ခြင်း၊ ဆီမီးကိုးထောင် ပူဇော်ခြင်းများဖြင့် စည်ကားလျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စေတီပုထိုး ကျောင်းကန်များ၌လည်း သက်ဆိုင်ရာ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ခြင်း၊ ဆီမီးပူဇော်ခြင်းများဖြင့် စည်ကားများပြားလျက်ရှိသည်။

**(သတင်းစဉ်)**



# တပေါင်းလပြည့်နေ့တွင် စေတီပုထိုးများ၌ ဘုရားဖူးများဖြင့် စည်ကားများပြား

**ရန်ကုန် မတ် ၂၃**

တပေါင်းလသည် မြန်မာလများတွင် ၁၂ လမြောက်ဖြစ်သည်။ သာယာလှသော လရာသီ တပေါင်းလကို ခေတ်အဆက်ဆက်စာဆိုများရေးဖွဲ့ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ရှေးယခင်က တပေါင်းလပွဲတော်သည် သဲပုံစေတီပွဲတော်ဖြစ်သည်။ သဲပုံစေတီပွဲကို ပုဂံခေတ်မတိုင်မီကပင် ပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။ တပေါင်းလပြည့်နေ့တွင် ဘုရားပွဲများကျင်းပလေ့ရှိရာ တပေါင်းလပွဲတော်ဟုလည်း ခေါ်ကြသည်။

တပေါင်းလပြည့် မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့

တပေါင်းလပြည့်နေ့ကို ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့အဖြစ် သတ်မှတ်ထားသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ကပိလဝတ် နေပြည်တော်မှ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အမတ် ၁၀ ဦးကို အခြွေအရံ တစ်ဆောင်စီဖြင့် ၁၀ ကြိမ်ခွဲ၍ ဘုရားရှင်အားပင့်ရန် ရာဇဂြိုဟ်ပြည်သို့စေလွှတ်ခဲ့သည်။

ဘုရားရှင်အား ပင့်ရန်သွားသူအမတ်များသည် ဘုရားရှင်နှင့်တွေ့၍ တရားနာရသောအခါ ဧဟိဘိက္ခုရဟန်းများဖြစ်ကုန်ကြပြီး ကပိလဝတ်ပြည်သို့ မပြန်နိုင်ကြတော့ပေ။ နောက်ဆုံး ကာဠုဒါယီအမတ်ကြီးသွားသည့်အခါ တရားနာရပြီး ကာဠုဒါယီ အမတ်ကြီး ရဟန္တာဖြစ်သွားသည်။

ရဟန္တာဖြစ်ပြီး ကာဠုဒါယီမထေရ်က ဘုရားရှင်အား တပေါင်းလ၏ သာယာကြည်နူးဖွယ်ကောင်းပုံကို ဂါထာပေါင်း ၆၄ ဂါထာသီကုံးဖွဲ့ဆို၍ ခမည်းတော်၏ကျေးဇူးကို သိသောအားဖြင့် ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချီန်တန်ပြီဖြစ်ကြောင်း လျှောက်ထားလေသည်။

ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ရဟန္တာပေါင်း နှစ်သောင်း ခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်မှ ယူဇနာ ၆၀ ကွာဝေးသော ကပိလဝတ်နေပြည်တော်သို့ တစ်ရက်တွင် တစ်ယူဇနာနှုန်းဖြင့် ရက်ပေါင်း ၆၀ ကြာအောင် ဒေသစာရီ ကြွချီတော်မူသည်။

တပေါင်းလပြည့်နေ့သည် ဘုရားရှင် ပြည်တော်ဝင်ရန် စတင်ကြွလှမ်းသောနေ့ဖြစ်သဖြင့် ထိုနေ့ကို အကြောင်းပြု၍ ပြည်တော်ဝင်အခါတော်နေ့အဖြစ် ကျင်းပကြခြင်းဖြစ်သည်။



**တပေါင်းလပြည့်နေ့က ရွှေတိဂုံစေတီတော်၌ ဘုရားဖူးကုသိုလ်ပြု ပရိသတ်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။**

ယနေ့သည် တပေါင်းလပြည့်နေ့ အခါသမယဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ရှိ ဘုရားပုထိုးစေတီတော်များ၌ ဗုဒ္ဓပူဇနိယပွဲတော်များကျင်းပလျက်ရှိရာ ကုသိုလ်ပုည ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ၂၆၀၄ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သိင်္ဂီဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒောဘာသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ တပေါင်းလပြည့်နေ့တွင် ပြည်တွင်းဘုရားဖူးများသာမက ထိုင်းနိုင်ငံမှ ဘုရားဖူးလာသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းသူများ၊ ဇီဝိတဒါနငှက်များ၊ ငါးများ ဘေးမဲ့လွှတ် ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ဆူးလေစေတီတော်၌ နံနက် ၇ နာရီတွင် သိမ်တော်ကြီး ဆရာတော်က သီလပေးတရားချီးမြှင့်သည်။ စေတီတော်ရင်ပြင်၌ ဥပုသ်သီလဆောက်တည်သူများ၊ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မှစ၍ ညနေ ၄ နာရီတွင် ပုဇွန်တောင်မြို့နယ် အမှတ် ၇၊ ၈၊ ၉၊ ၁၀ ရပ်ကွက်သူ ရပ်ကွက်သားများက ဆရာတော် သံဃာတော်များ၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဘုရားဖူးလာပြည်သူများက ဘုရားဓာတ်တော်၊ ရှင်သာရိပုတ္တရာနှင့် ရှင် မောဂ္ဂလန်တို့၏ ဓာတ်တော်များကို ဖူးမြော်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၊ ရွှေဟောင်းသမိုင်းဝင် ကျိုက္ကစံစေတီ၊ ရွှေဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်တို့၌ ဆွမ်းတော်ကြီးတင်ခြင်း၊ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲနှင့် မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ဆရာတော် သံဃာတော်များက ဥပုသ်သီလခံယူကြသူများအား ရှစ်ပါးသီလ ချီးမြှင့်တော်မူကြသည်။

စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ နံနက် ၈ နာရီတွင် မာဂဓီ-သာစည်ဆရာတော် ဦးဆောင်၍ တပေါင်းလပြည့်နေ့အခမ်းအနားကို ကျင်းပသည်။

အလားတူ မန္တလေးမြို့၌ တပေါင်းလ သဲပုံစေတီပွဲတော်များ၊ ရှင်ပြုအလှူမင်္ဂလာပွဲများကို အစဉ်အလာမပျက် နေရာအနှံ့ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ယနေ့ နံနက် ၄ နရီခွဲတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥက္ကဋ္ဌ အရှင်သူမြတ် အမှူးပြုသော မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ သစ်သီး၊ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများ၊ တိုင်းရင်းသား တိုင်းရင်းသူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူခြင်း၊ ဖယောင်းတိုင်မီးပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များကို ရွတ်ဆိုပူဇော်ကြကာ ကုသိုလ်ပြုကြသူများ သမထနှင့် ဝိပဿနာပွားများကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိကြသည်။

ထို့အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မဟာလောကရန်နိုင် အောင်တော်မူ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင် ဆုတောင်းပြည့်ဘုရား၊ ဘုရားနီဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဝါခင်းကုန်းဘုရား၊ စွယ်တော်မြတ်စေတီတော် အပါအဝင် မန္တလေးမြို့ရှိ ဘုရားပုထိုးစေတီတော်များ၌ ဘုရားဖူး ကုသိုလ်ယူပရိသတ်များဖြင့် စည်ကားများပြားကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်၊ တင်မောင်(မန်းကိုယ်ပွား)**

**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**

# တပေါင်းလပြည့်နေ့တွင် အလောင်းတော်ကဿပ၌ လာရောက်ဖူးမြော်သူများဖြင့် စည်ကားလျက်ရှိ

**ယင်းမာပင် မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပ၌ မတ် ၂၃ ရက် (တပေါင်းလပြည့်နေ့) က အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

"အလောင်းတော်ကဿပမှာ ဒီနေ့လပြည့်နေ့ဆိုတော့ ဘုရားဖူးလာသူတွေနဲ့ အလွန်စည်တယ်။ ဒီဘုရားမှာက တပို့တွဲလပြည့်နဲ့ တပေါင်းလပြည့်နေ့တွေဆို အစည်ကားဆုံးပဲ။ ဒီရက်ပိုင်း ကျောင်းသားတွေလည်း စာမေးပွဲပြီးပြီဆိုတော့ အနယ်နယ်အရပ်ရပ်ကနေ ဒီကို ဘုရားဖူးလာကြတယ်။ အခမဲ့နားနေဆောင်တွေလည်းရှိတော့ စိတ်ချမ်းမြေ့စွာဘုရားဖူးပြီး နားနေနိုင်တဲ့အတွက် နောက်နှစ်လည်း ဘုရားဖူးလာဦးမယ်" ဟု မော်လမြိုင်မြို့မှ ဘုရားဖူးတစ်ဦးက ပြောသည်။

အလောင်းတော်ကဿပသို့ ဘုရားဖူးလာရောက်လိုသူများအနေဖြင့် မုံရွာ-ညောင်ပင်ကြီး-ယင်းမာပင်-ကပိုင်-သပိတ်ဆေးစခန်းသို့ လည်းကောင်း၊ မုံရွာ-ယာကြီး-ကလေးဝ လမ်းအတိုင်း မိုင်တိုင် (၁၁)မှ တရော်ကျင်း-ကပိုင်-သပိတ်ဆေးစခန်းသို့ လည်းကောင်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်းအတိုင်း မိုင်တိုင်(၂၈)အနီးရှိ သစ်ရာပင်ကျေးရွာသို့သွားပြီး ထိုမှ ကပိုင်-သပိတ်ဆေးစခန်းသို့လည်းကောင်း ကိုယ်ပိုင်ယာဉ်များဖြင့် တိုက်ရိုက်သွားရောက်နိုင်သလို မုံရွာမြို့မှ နေ့စဉ် နံနက် ၅ နာရီခန့် ပုံမှန်ထွက်သော ယာဉ်များဖြင့် ချိတ်ဆက်ပြီးလည်း သွားရောက်နိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# အာဂတီဘီနဲ့ မဟာလူသား

ပါမောက္ခဦးဝင်းနိုင်
အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန်ကြီး

ဆရာဝန်ကျွန်တော့်အတွက် အလုပ်ပိတ်ရက်ရယ်လို့ သတ်သတ်မှတ်မှတ် မရှိလှပါဘူး။ လူနာပါးချိန်မှာနားရတာမျိုးပါ။ ဒီအချိန်လေးမှာပဲ လူမှုရေးလေးတွေလုပ်နိုင်ပါတယ်။ တနင်္ဂနွေ တစ်ရက်မနက်ပိုင်း အိမ်မှာရှိတုန်း တူမလေးကဲကဲတို့ အလည်ရောက်လာပါတယ်။ မတွေ့ရတာကြာပြီလေ။ သူကလည်း ကျောင်းသူလေးပဲကိုး။ ပိုဆိုးတာက တက္ကသိုလ်ဝင်တန်းဖြေနေရတော့ အပြင်မထွက်နိုင်၊ စာပဲကြိုးစားနေရလို့တဲ့။ ခုတော့ သူ့အမေဖြစ်သူကျွန်တော့်အစ်မ သဲသဲနဲ့ သူမရောက်တာကြာလို့တစ်ကြောင်း၊ အငြင်းပွားစရာက တစ်ကြောင်းကြောင့် ကျွန်တော့်အိမ်လာလည်ဖြစ်တာတဲ့။ ငြင်းခုံကြတဲ့အကြောင်းကလည်း ကျွန်တော် အဆုတ်ဆရာဝန်နဲ့ပတ်သက်နေတယ်လေ။ တီဘီ အကြောင်းတဲ့။ ဖြစ်ပုံက ဒီလိုပါ။ ကဲကဲက စာမေးပွဲအောင်ပြီးလို့အခွင့်သာရင် ဆေးကျောင်းတက်ချင်တယ်တဲ့။ ကျွန်တော်က ဆရာဝန်ဆိုတော့ မျိုးဆက်သစ်တွေကို ကြိုဆိုရမှာပေါ့။ ပြဿနာက ကျွန်တော့်အစ်မ သူ့အမေသဲသဲ။ တူမလေးက တီဘီဖြစ်ခဲ့ဖူးလို့ ခြောက်လ ဆေးသောက်ခဲ့ရဖူးတယ်လေ။ တီဘီထပ်ဖြစ်ရင် ဘယ်လိုလုပ်မလဲပေါ့။ ဆရာဝန်မဖြစ်ခင် လူနာထပ်ဖြစ်နေမှာစိုးတာပေါ့လေ။ ဟုတ်တော့ ဟုတ်ပါတယ်။ မိဘတွေက သားသမီးတွေကို ခလုတ်မထိ၊ ဆူးမငြိစေချင်တာ သဘာဝကျပါတယ်။ ဆေးကျောင်းတက်ရင်၊ ဆရာဝန်ဖြစ်ပြီးရင် တီဘီလူနာကို ရှောင်လို့ရမှာမှမဟုတ်တာ။ ဒီလို တီဘီလူနာနဲ့ထိတွေ့ရင်း တီဘီရောဂါကူးစက်နိုင်တာကို အဆုတ်တီဘီဖြစ်တုန်းက သိထားကြတာကိုး။ ဒီတော့ကျွန်တော့်ကို ဗဟိုပြုပြီးမေးရင်း မြန်းရင်းပေါ့။

**သမီးကဲကဲ** ॥ ॥ မေမေ့ကို ပြောပေးပါဦး ဦးဦးရယ်။ တီဘီက ပြန်ဖြစ်ချင်မှ ပြန်ဖြစ်မှာပါ။ မဟုတ်ဘူးလား။ နောက်ပြီး ဦးဦးတို့က တီဘီရောဂါကုနေတာ တီဘီရောဂါတွေ လျော့နည်းပျောက်ကွယ်တော့မှာ မဟုတ်လား။ သမီးက ဆရာဝန်လုပ်ချင်လို့ ဆေးကျောင်းတက်ချင်တာ။ တီဘီကြောက်လို့ မတက်ရဘူးဆိုတော့ အဆင်မပြေလိုက်တာ။ မေမေ့ကိုကူပြောပေးပါဦး။

**မေမေသဲသဲ** ॥ ॥ တီဘီက များလာတယ်လို့ ကြားရတယ်နော်။ လျော့ဖို့၊ ပျောက်ဖို့ နေနေသာသာ၊ ဒီပြင့်ဆေးယဉ်ပါး တီဘီတွေလည်းရှိတယ်တဲ့။ ဟုတ်တယ်မဟုတ်လားငါ့မောင် ဆရာဝန်ကြီးရဲ့။

**ကျွန်တော်ဆရာဝန်** ॥ ॥ အမေရော၊ သမီးပါ မှန်ကြပါတယ်။

**သမီးကဲကဲ** ॥ ॥ နှစ်ယောက်စလုံးဘယ်လိုမှန်သွားတာတုံး ဦးဦးရဲ့။ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ဟာ။

**ကျွန်တော်ဆရာဝန်** ॥ ॥ ဦးဦးက နှစ်ယောက်စလုံးကို အမှန်ပေးတာ တကယ်ပါ။ အမေက အရှိတရားနဲ့စဉ်းစားရင်မှန်တယ်။ သမီးက အသိတရားနဲ့ယှဉ်ရင် မှန်တယ်လေ။ ဒါကြောင့်။

**မေမေသဲသဲ** ॥ ॥ မင်းလုပ်လိုက်တာမှ ပိုရှုပ်ကုန်ပြီ။ မင်းရှင်းပြပေတော့။

**ကျွန်တော်ဆရာဝန်** ॥ ॥ ရှင်းပါ့မယ်။အဖြစ်က ‘အာဂတီဘီနဲ့ မဟာလူသား’ တို့ ဆင်နွှဲနေတဲ့ ယှဉ်ပြိုင်တိုက်ပွဲဖြစ်နေလို့ပါ။

**သမီးကဲကဲ** ॥ ॥ ဆေးကျောင်းတက်ဖို့ပြောရင်းကနေ တိုက်ပွဲအကြောင်းကို စိတ်ဝင်စားလာပြီ။ ပြောပါဦး ဦးဦးရဲ့။ ‘အာဂတီဘီပိုး’ဆိုတာကြီး။

**ကျွန်တော်ဆရာဝန်** ॥ ॥ ဟုတ်ပ။ တီဘီက သာမန်မဟုတ်ဘူး။ ‘အာဂတီဘီ’ ကွဲ့ ကဲကဲရဲ့။ သူနဲ့တို့လူသားတွေရဲ့ အငြိုးအတေးတွေက နှစ်ပေါင်းထောင်ချီကြာခဲ့ပြီ။ လွန်ခဲ့တဲ့နှစ် ၄၀၀၀ လောက်က အီဂျစ် မံမီရုပ်ကြွင်းတွေမှာ တီဘီသဲလွန်စတွေ တွေ့တယ်။ အဲဒီအချိန်ကတည်းက တို့လူသားတွေကို တိုက်ခဲ့တာ၊ လူသားတွေ အလဲအကွဲဖြစ်ခဲ့ကြရတယ်။

**သမီးကဲကဲ** ॥ ॥ တီဘီဖြစ်တာ၊ တီဘီဆေးတိုက်ခဲ့လိုက်ရောပေါ့။ အဲဒီကတည်းက ရှင်းပစ်လိုက်ရမှာနော် မဟုတ်ဘူးလား။

**ကျွန်တော်ဆရာဝန်** ॥ ॥ ရှင်းပစ်ဖို့နေနေသာသာ တီဘီပိုးကြောင့်ဆိုတာ တောင်မသိခဲ့ဘူး။ ‘ဟစ်ပိုကရေးတီး’ (Hippocrates -400BC) တောင် ဒီရောဂါဟာဖြစ်ရင် သေဖို့များတယ်ဆိုတာလောက်ပဲ သိခဲ့တာ။ ‘အရစ္စတိုတယ်’ (Aristotle -354 -322BC) ကတော့ ရောဂါဖြစ်တဲ့လူနဲ့ အနီးကပ်နေရင် ဝင်သက်ထွက်သက်လေကနေရောဂါရနိုင်တယ်လို့ထင်ခဲ့တယ်။ တီဘီဆိုတဲ့ရောဂါကိုတောင် သတ်သတ်မှတ်မှတ် မသတ်မှတ်နိုင်ခဲ့သေးဘူးကွဲ့။

**သမီးကဲကဲ** ॥ ॥ ဒါဆို တီဘီဆိုတဲ့အခေါ်အဝေါ်က ဘယ်လိုဖြစ်လာတာလဲ။

**ကျွန်တော်ဆရာဝန်** ॥ ॥ တီဘီရောဂါဖြစ်တဲ့ ကလီစာတွေမှာ Tubercle လို့ ခေါ်တဲ့ အစိအဖုသေးသေးလေးတွေ ဖြစ်တတ်တာကို သတိထားမိပြီး Tuberculosis လို့ ခေါ်တာ။ Dr. J.L. Schonlein က စပြီး မှည့်ပေးခဲ့တာ။

**မေမေသဲသဲ** ॥ ॥ ဒါဆို ကူးစက်တတ်တယ်ဆိုတာရော ဘယ်တုန်းကမှ သိတာလဲ။

**ကျွန်တော်ဆရာဝန်** ॥ ॥ ၁၈၈၀ပြည့်နှစ်လောက်မှာ သိပြီ။ ဗြိတိန်မှာ တီဘီဖြစ်ရင် ကျန်းမာရေးဌာနတွေကို သတင်းပို့ရပြီ။ စည်းကမ်းမဲ့ တံတွေးထွေးတာတွေတားမြစ်ပြီလေ။

**သမီးကဲကဲ** ॥ ॥ ချောင်းဆိုးရင် နှာခေါင်း၊ ပါးစပ်အုပ်တာရော လုပ်ခိုင်းပြီပေါ့နော်။

**ကျွန်တော်ဆရာဝန်** ॥ ॥ ဟုတ်ပ။ ဟုတ်ပ။ အဲ့ဒီအချိန်တုန်းကစပြီး ဒီလိုကောင်းတဲ့အမူအကျင့်တွေစပြီလေ။ ဒါတောင် တကယ်ဖြစ်စေတဲ့ပိုးကို မတွေ့သေးဘူးနော်။

**မေမေသဲသဲ** ॥ ॥ ဒါဆို ပိုးကိုတွေ့တာ ဘယ်တော့မှလဲ။

**ကျွန်တော်ဆရာဝန်** ॥ ॥ ၁၈၈၂ ခုနှစ်မှာ ဂျာမနီနိုင်ငံသား Dr. Robert Koch က စတွေ့တာ။ ၁၈၈၂ ခုနှစ်မတ်လ ၂၄ ရက်နေ့မှ ကြေညာတယ်။

**မေမေသဲသဲ** ॥ ॥ ဒါကြောင့် မတ်လ ၂၄ ရက်နေ့ရောက်တိုင်း ကမ္ဘာ့တီဘီနေ့ရယ်လို့ ကျင်းပတာကိုးနော်။

**ကျွန်တော်ဆရာဝန်** ॥ ॥ ဟုတ်တယ်မမ။ သူက ၁၈၉၀ ပြည့်နှစ်မှာ တီဘီပိုးကနေ Tuberculo Protein ဆိုတာကို ခွဲထုတ်နိုင်ခဲ့သေးတယ်။ နောက်ပိုင်းမှာ Tuberculin test /T test လို့ခေါ်တဲ့ တီဘီပိုး ခန္ဓာကိုယ်ထဲမှာ ရှိ၊ မရှိ စမ်းတဲ့ဓာတ်ပစ္စည်းပေါ့။

**သမီးကဲကဲ** ॥ ॥ ဒါကြောင့် ဦးဦးပြောတဲ့တိုက်ပွဲမှာ မဟာလူသားက ပါနေတာကိုး။ တီဘီပိုးကို အခွဲ့နွှာတော့မှာပေါ့နော်။

**ကျွန်တော်ဆရာဝန်** ॥ ॥ အဲဒီလောက်မလွယ်လှဘူးလေ။ တီဘီပိုးက ကိုယ်ထဲဝင်လာပြီးရင် အောင်းနေတာ။ ရောဂါလက္ခဏာပြရင်တောင် တီဘီဟုတ်ရဲ့လားဆိုတာ ခွဲရခက်သေးတာ။

**မေမေသဲသဲ** ॥ ॥ ဓာတ်မှန်ရိုက်တာတို့ သလိပ်စစ်တာတို့လုပ်မှာပေါ့။ မဟုတ်ဘူးလား။

**ကျွန်တော်ဆရာဝန်** ॥ ॥ ဟုတ်ပါတယ် မမ။ ဓာတ်မှန်အတွက် X-ray ကို ၁၈၉၅ ခုနှစ်မှ Wilhelm Rontgen က စတွေ့တာလေ။ နောက်ပိုင်းကျမှ ရင်ဘတ်ဓာတ်မှန် (Chest X-ray) ရိုက်ကြည့်လို့ရတာ။

**သမီးကဲကဲ** ॥ ॥ ဒါဆို တီဘီပိုးဘယ်ပြေးတော့မလဲ။ ရောဂါပိုးကို ရှာတွေ့ပြီ၊ သူ့ကြောင့် ရောဂါဖြစ်တာကိုလည်း ဓာတ်မှန်နဲ့သိနိုင်နေပြီပဲ။

**ကျွန်တော်ဆရာဝန်** ॥ ॥ ရောဂါတစ်ခုကုဖို့ဒီလောက်မလွယ်ဘူးလေ။ ပိုးက ကိုယ်ထဲကို အသက်ရှူလမ်းကြောင်းကဝင်တာ။ ကိုယ်ထဲမှာရောဂါပျံ့တာ၊ လူ့ခန္ဓာကိုယ်က တုံ့ပြန်မှုလုပ်တာ စတာတွေကို လေ့လာခဲ့ရသေးတာ။ နောက်ပြီး ပိုးကိုသတ်နိုင်မယ့်ဆေးရှာရသေးတာလေ။

**မေမေသဲသဲ** ॥ ॥ တီဘီဆေးတွေမပေါ်ခင်က တီဘီကို ဘယ်လိုကုခဲ့ကြလဲကွဲ့။

**ကျွန်တော်ဆရာဝန်** ॥ ॥ ကုပုံကုနည်း မှားခဲ့တာတွေရှိတယ်။ ၁၈၄၀ လောက်တုန်းက အမေရိကန်မှာရှိတဲ့ Mammoth Cave ခေါ်တဲ့ ဂူအကြီးကြီးထဲကို လူနာတွေ ရွှေ့စေပြီးထားခဲ့ဖူးတယ်။ အပူရှိန်နဲ့ ဂူအနေအထားအရ ကောင်းမယ်ထင်လို့တဲ့။ တစ်နှစ်လောက်အတွင်း ရာနဲ့ချီတဲ့လူနာတွေအားလုံး ဆုံးပါးကုန်တယ်။

**သမီးကဲကဲ** ॥ ॥ သမီးတီဘီဖြစ်တုန်းက အဆုတ်လူနာတွေဆို လေကောင်းကောင်းရှူ၊ အစာကောင်းကောင်းစားလို့ ဦးဦးပြောဖူးတယ်နော်။

**ကျွန်တော်ဆရာဝန်** ॥ ॥ သမီးကဲကဲက မှတ်ဉာဏ်ကောင်းသားပဲ။ ဟုတ်တယ်။ ၁၈၅၉ ခုနှစ်လောက်မှာ Sanatorium Treatment ဆိုပြီးပေါ်ခဲ့ဖူးတယ်။ ပင်လယ်ကမ်းခြေမှာ လေကောင်းကောင်းရှူ၊ နေကောင်းကောင်းပြပြီး၊ အစာကောင်းကောင်းကျွေး၊ လေ့ကျင့်ခန်းလုပ်ပြီးကုတာပေါ့ကွယ်။ အဲဒီတုန်းက ရောဂါသည်တွေအတွက် အားကိုးရာကုထုံးပေါ့။ ရောဂါသည်တွေကို သီးသန့်ခွဲထားနိုင်တော့ ကူးစက်တာလည်း နည်းသွားတာပေါ့လေ။

**သမီးကဲကဲ** ॥ ॥ ဒါဆိုသမီးသောက်ခဲ့ရဖူးတဲ့ဆေးတွေက ဘယ်တုန်းက စပေါ်တာလဲ။ သမီးတို့က မဟာလူသားတွေပဲလေ။ ပိုးတွေ့မှတော့ နိုင်တဲ့ဆေးရှာနိုင်မှာပါ။

**ကျွန်တော်ဆရာဝန်** ॥ ॥ ဟုတ်ပ။ ၁၉၄၃ ခုနှစ်မှာ Streptomycin၊ ၁၉၄၉ ခုနှစ်မှာ PAS ၊ ၁၉၅၂ ခုနှစ်မှာ Isoniazid၊ ၁၉၅၄ ခုနှစ်မှာ Pyrazinamide၊ ၁၉၅၅ ခုနှစ်မှာ Cycloserine၊ ၁၉၆၃ ခုနှစ်မှာ Rifampicin တို့ကို ရှာတွေ့ခဲ့ကြတယ်။

**သမီးကဲကဲ** ॥ ॥ ဟာ. . . ဒီလောက်ဆေးတွေ ပေါ်နေမှတော့ တီဘီပိုးကိုရှင်းနိုင်ပြီပေါ့။

**မေမေသဲသဲ** ॥ ॥ ညည်းဦးလေးက ပြောထားတယ်လေ။ အာဂတီဘီတဲ့။ ဒီလောက်တော့ မလွယ်လောက်ဘူး မဟုတ်လား။

**ကျွန်တော်ဆရာဝန်** ॥ ॥ ဟုတ်တယ် မမ။ Streptomycin ထိုးဆေးပေါ်တော့ ရောဂါပျောက်အောင်ကုနိုင်တာသိတယ်။ ဒါနဲ့ ကုကြည့်တော့ ပြန်ဖြစ်တဲ့လူတွေ ရှိတာတွေ့ရတယ်။ ဆေးတစ်မျိုးတည်းနဲ့မနိုင်ဘူးပေါ့။

**သမီးကဲကဲ** ॥ ॥ ဩော် ဒါကြောင့် သမီးတီဘီဖြစ်တုန်းက ဆေးသုံး၊ လေးမျိုး ပေါင်းထားတဲ့ ဆေးလုံးကြီးတွေ သောက်ခဲ့ရတာကိုး။

**ကျွန်တော်ဆရာဝန်** ॥ ॥ အေး ဟုတ်တယ်ကွဲ့။ ဆေးကို ဘယ်ဆေးတွေ ပေါင်းသောက်ရမယ်၊ ဘယ်လောက်ကြာကြာ သောက်ရမယ်စသဖြင့် သုတေသနတွေလုပ်ခဲ့ကြရတယ်။ နှစ်ချီကုခဲ့ရာကနေ ခြောက်လ၊ ရှစ်လကုရတဲ့ ကုထုံးတွေပေါ်လာတာပေါ့။

**မေမေသဲသဲ** ॥ ॥ ဒါပေမယ့် ခုထိတီဘီကို ကမ္ဘာပေါ်က ပျောက်သွားအောင် မရှင်းနိုင်သေးဘူး မဟုတ်လား။

**ကျွန်တော်ဆရာဝန်** ॥ ॥ ဟုတ်တယ် မမ။ ၁၉၈၀ လောက်ထိ တီဘီတိုက်ဖျက်ရေးက အခြေအနေကောင်းခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာ တီဘီပိုးတွေက တစ်ကြော့ပြန်ခေါင်းထောင်ဖို့ အကြောင်းဖန်လာတယ်။ အဲဒါက HIV/ AIDS ပေါ်လာတာပဲ။ ကိုယ်ခံအားကျတဲ့သူတွေမှာ တီဘီပိုးတွေက အလွယ်တကူဝင်တယ်။ ရောဂါဖြစ်လွယ်တယ်။ ကုတော့လည်း ခက်ခဲ၊ ကြန့်ကြာတတ်တယ်။

**သမီးကဲကဲ** ॥ ॥ လူနာတွေက ဆေးမှန်မှန်မသောက်ရင်လည်း ပြန်ဖြစ်တတ်တယ်မဟုတ်လား။

**ကျွန်တော်ဆရာဝန်** ॥ ॥ ပြန်ဖြစ်ရုံတင်မကဘူး။ ဆေးယဉ်ပါးတီဘီ (အပြင်းစားတီဘီ) တောင်ဖြစ်သွားသေးတယ်။

**မေမေသဲသဲ** ॥ ॥ တီဘီကလည်းများလာ၊ ဆေးယဉ်ပါးတီဘီကလည်း ဖြစ်လာနဲ့တော့ ဒုက္ခပါပဲ။

**သမီးကဲကဲ** ॥ ॥ မဟာလူသားကတော့ လက်ပိုက်ကြည့်ပြီးအရှုံး မပေးလောက်ပါဘူးနော် ဦးဦး။

**ကျွန်တော်ဆရာဝန်** ॥ ॥ မပူပါနဲ့သမီးရယ်။ မဟာလူသားပါဆိုနေမှ။ ဘယ်ငုံ့ခံပါလိမ့်မလဲ။ တီဘီရောဂါကို စောစောရှာနိုင်မယ့်နည်းတွေ ထွင်တာပေါ့။ ဒီ့ပြင် ဆေးယဉ်တီဘီ ဟုတ်၊ မဟုတ် အမြန်စမ်းတဲ့စက်တွေထွင်တာပေါ့။ ဥပမာ Gene expert လို စက်တွေပေါ့။ နှစ်နာရီအတွင်းအဖြေသိတယ်လေ။ ဒီရောဂါပိုးအတွက် ဆေးတွေလည်းအရေးတကြီးလိုအပ်လာတော့ အမြန်ရှာကြပြန်တာပေါ့။

**မေမေသဲသဲ** ॥ ॥ ဒါဆို ခုအခြေအနေက ဘယ်လိုရှိနေသတုံး။

**ကျွန်တော်ဆရာဝန်** ॥ ॥ ဆေးအသစ်တွေပေါ်လာပြီ။ ဆေးယဉ်တီဘီအတွက် ဆေးအသစ်တွေ တိုးလာပြီ။ အရင်က ၂၀၊ ၂၄လ ကုခဲ့ရ၊ ကုနေရတဲ့ကုထုံးကို ဒီထက်တိုတိုကုရအောင်၊ ဥပမာ ကိုးလ-တစ်နှစ်နဲ့ကုလို့ရအောင် စမ်းသပ်နေကြပြီ။ အောင်လည်း အောင်မြင်နေပါပြီ။

**သမီးကဲကဲ** ॥ ॥ ဟေး. . ဒါမှ မဟာလူသားကွ။ ဘယ်ရလိမ့်မတုံး။

**မေမေသဲသဲ** ॥ ॥ ကြွေးကြော်မနေနဲ့ဦး။ ပြန်ထပ်ဖြစ်မှ၊ ဆေးယဉ်တီဘီဖြစ်နေမှ ဒုက္ခရောက်နေဦးမယ်။

**ကျွန်တော်ဆရာဝန်** ॥ ॥ ဟုတ်တယ် သမီးရဲ့။ တီဘီရောဂါက မဖြစ်အောင် ဆင်ခြင်နိုင်လေ ကောင်းလေပဲ။

**သမီးကဲကဲ** ॥ ॥ ဦးဦးက သမီးကို နှာခေါင်းစည်း စည်းခိုင်းမလို့လား။

**ကျွန်တော်ဆရာဝန်** ॥ ॥ လူကောင်းစည်းဖို့ထက်၊ လူနာကစည်းရမှာ။ လူနာရယ်မှ မဟုတ်ပါဘူး။ ချောင်းဆိုး၊ နှာချေတိုင်း နှာခေါင်းနဲ့ပါးစပ်ကို လက်ကိုင်ပဝါ ဒါမှမဟုတ် နှာခေါင်းစည်းနဲ့ လုံအောင်စည်း ဆိုးရမယ်။ တံတွေးကို စည်းမဲ့ ကမ်းမဲ့မထွေးရဘူး။ ပြည်သူ့နီတိတွေပေါ့ကွယ်။

**သမီးကဲကဲ** ॥ ॥ ဒါဆို သမီးဆေးကျောင်းတက်ချင်တဲ့ကိစ္စ ဦးဦး ဘယ်လိုဆုံးဖြတ်ပေးမှာလဲ။ ပေးတက်မှာ မဟုတ်လား။

**ကျွန်တော်ဆရာဝန်** ॥ ॥ တီဘီက အာဂပိုးဆိုပေမယ့် ဦးဦးတို့ကလည်း မဟာလူသားပဲလေ။ အနိုင်အရှုံး မကွဲပြားသေးပေမယ့် ခုလိုအင်နဲ့အားနဲ့တိုက်ခိုက်နေမှတော့ အောင်ပွဲက မဟာလူသားဘက်မှာရှိမှာ မဟုတ်လား။ သမီးအပါအဝင် ပြည်သူတစ်ရပ်လုံးက ကူလိုက်ရင် ဦးဦးတို့က အာဂတီဘီပိုးကို ရှင်းထုတ်နိုင်တဲ့ မဟာလူသားဖြစ်မှာ မလွဲပါဘူးလေ။

**မေမေသဲသဲ** ॥ ॥ ဒီလိုဆို ငါ့မောင်ဆရာဝန်ကြီးရဲ့ သဘောထားက. . . ॥

**ကျွန်တော်ဆရာဝန်** ॥ ॥ ကျွန်တော်တို့ မဟာလူသားမျိုးနွယ်တွေ ဆက်လက်တည်တံ့ရှင်သန်နိုင်ဖို့၊ အာဂတီဘီပိုးကို အနိုင်ယူမယ့် မဟာလူသားမျိုးဆက်သစ်တွေ လိုအပ်နေမှတော့ ကဲကဲကို ဆရာဝန်ဖြစ်ခွင့်ပေးရမှာပေါ့။

**သမီးကဲကဲ** ॥ ॥ ဟေး ဒါမှ တို့ဦးဦးကွ။ အာဂတီဘီကို အနိုင်ယူမယ့် မဟာလူသားဖြစ်အောင် ကြိုးစားပါမယ်လို့ ကတိပေးပါတယ် ဦးဦး။

တီဘီရောဂါရှင်များကို စာနာစိတ်ထားရင်း တီဘီရောဂါတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသော ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံးကို လေးစားဂုဏ်ပြုလျက် ရေးသားအပ်ပါသည်။

# ဆွံ့အ နားမကြား ကလေးငယ်များအား အောင်မြင်စွာအခမဲ့ခွဲစိတ်ကုသ



ဓာတ်ပုံ-တင်လှမောင်

အောင်မြင်စွာခွဲစိတ်ကုသပြီးစီးသည့် ကလေးငယ်များကို တွေ့ရစဉ်။

**ရန်ကုန် မတ် ၂၃**

မြန်မာနိုင်ငံအတွင်းရှိ မွေးရာပါအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဆွံ့အ၊ နားမကြားနှင့် နှုတ်ခမ်းကွဲ အာခေါင်ကွဲကလေးငယ်များဖြစ်ကြသော အသက်ခြောက်နှစ်အောက် ကလေးငယ်များ၏ အနာဂတ်ဘဝ သာယာလှပစေရေးအတွက် ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်းမှ သောတပြည့်စုံစီမံချက်အရ အလှူရှင်များအား ဖိတ်ခေါ်ကာ အခမဲ့ခွဲစိတ်ကုသ ကူညီဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၉ ရက်က ဆွံ့အ နားမကြား ကလေးငယ်လေးဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဝိတိုရိယ ကျန်းမာရေးထောက်ပံ့ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်အေးအေးစန်းက "ဆရာမတို့မှာ ပရိုဂရမ်နှစ်ခုရှိပါတယ်။ တစ်ခုက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးတွေကို လှပတဲ့အပြုံးလေးတွေရရှိဖို့ လုပ်ပေးတာပါ။ ကလေးငယ်တစ်ဦးကို ခွဲစိတ်ကုသတာဟာ ငွေကျပ်သုံးသိန်း ကုန်ကျပါတယ်။ ဆရာမတို့ သုံးကြိမ်မြောက် ခွဲစိတ်ကုသပေးတဲ့ အကြိမ်အရေအတွက်နဲ့ဆိုရင် ကလေးငယ် ၂၉၀ ကျော် ရှိခဲ့ပါပြီ။ နောက်တစ်ခုကတော့ ဆွံ့အ နားမကြားကလေးငယ်များကိုခွဲစိတ်ပြီး နားကြားကိရိယာတပ်ဆင်ပေးတဲ့ ပရိုဂရမ်တစ်ခုပါ။ နားမကြားတဲ့ အသက်ခြောက်နှစ်အောက် ကလေးငယ်များကိုအခမဲ့ ခွဲစိတ်ကုသပေးမယ့်အကြောင်း နိုင်ငံပိုင်သတင်းစာများကနေ အသိပေးအကြောင်းကြားခဲ့ပါတယ်။ ပြီးတော့ ဝိတိုရိယဆေးရုံကို ရောက်လာတဲ့ ကလေးတွေကို နားကြားကိရိယာ တပ်ဆင်နိုင်ဖို့ရဲ၊ မရ စစ်ဆေးစမ်းသပ်ပြီးမှ အဆင့်ဆင့်အော်ပရေးရှင်းလုပ်တာပါ။ ခြောက်နှစ်ကျော်ရင် လက်မခံပါဘူး။ ဒါလည်းခွဲစိတ်ရာမှာ ခြောက်နှစ်အောက်ကလေးငယ်များကို ခွဲစိတ်ကုသတာ ပိုအဆင်ပြေစေလို့ပါ" ဟု ပြောကြားသည်။

ထိုကဲ့သို့ ခွဲစိတ်ကုသမှု၊ နားကြားကိရိယာတပ်ဆင်မှုနှင့် စကားပြောပြန်သင်ပေးရမှုများအတွက် ကလေးငယ်တစ်ဦးလျှင် ငွေကျပ် သိန်း ၁၆၀ ကျော်ထိကုန်ကျကြောင်း ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၅ ခုနှစ်ကတည်းက အဆိုပါ ပရိုဂရမ်ကိုစတင်ခဲ့ရာ တစ်လလျှင် ကလေးငယ် သုံးဦး၊ လေးဦးနှုန်း ခွဲစိတ်ကုသပေးရာမှ လက်ရှိအနေအထားထိ ကလေးငယ် ၂၁ ဦးကို ခွဲစိတ်ကုသနိုင်ခဲ့ကာ နားကြားကိရိယာ အခမဲ့တပ်ဆင်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆွံ့အ နားမကြားများဖြစ်ကြသော ကလေးငယ် ၄၂ ဦးအား ခွဲစိတ်ကုသပေးရန် စီစဉ်ထားကြောင်းနှင့် လက်ရှိကလေးငယ် ၃၈ ဦးစာ ကုန်ကျစရိတ်အလှူငွေများမှာ ရရှိနေပြီဖြစ်ကြောင်း ဝိတိုရိယ ကျန်းမာရေးထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်းမှ သိရသည်။

"ဆွံ့အ နားမကြားနေတဲ့ ကလေးငယ်လေးတွေကိုမြင်ရတော့ စိတ်မကောင်းပါဘူး။ ဒါနဲ့ နားမကြားတဲ့ကလေးတွေရဲ့ဘဝတွေကို အသစ်တစ်ဖန် ပြန်လည်ဖန်တီးပေးဖို့တတ်နိုင်တဲ့ဘက်ကနေ လှူဒါန်းတာပါ။ ဒီကလေးတွေရဲ့ဘဝဟာ အခုလို နားမကြားတဲ့ဘဝကနေ လူကောင်းတွေနဲ့တန်းတူအကောင်းပြန်ဖြစ်လာတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ သူတို့လေးတွေဟာ ရှေ့ဆက်ပြီး နိုင်ငံကိုအကျိုးပြုနိုင်မယ့် ပညာတတ်ကြီးတွေ လူကောင်းလူတော်တွေဖြစ်လာနိုင်သလို အခုလို ထောက်ပံ့လှူဒါန်းခွင့်ရတာ အလွန်ကိုကောင်းမွန်တဲ့ အခြေအနေတစ်ခုလို့ မြင်ပါတယ်" ဟု နားကြားကိရိယာအလှူရှင်ဖြစ်သော ဒေါ်ပိုးဖြူက ပြောသည်။

ဝိတိုရိယကျန်းမာရေးထောက်ပံ့ကူညီစောင့်ရှောက်မှုဖောင်ဒေးရှင်းမှာ စေတနာ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပြီး အဆိုပါဖောင်ဒေးရှင်းကို ၂၀၁၄ ခုနှစ် မတ် ၉ ရက်က စတင်ထူထောင်ခဲ့ကာ ကြီးကြပ်ကော်မတီနှင့်လုပ်ငန်းကော်မတီများဖြင့် စနစ်တကျဖွဲ့စည်းထားကြောင်းနှင့် အခမဲ့နယ်လှည့်ကွင်းဆင်းဆေးကုသရေးနှင့် ကျန်းမာရေးအသိပညာပေးခြင်းများကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

# မိတ္ထီလာခရိုင်တွင် ရေရှားပါးကျေးရွာများအား ရေကားများဖြင့် ရေပေးလှူ

**မိတ္ထီလာ မတ် ၂၃**

အယ်နီညို ရာသီဥတုကြောင့် သောက်သုံးရေ ရှားပါးမှုဖြစ်ပေါ်လာနိုင်သည့်အတွက် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်အတွင်းရှိ နွေရာသီကာလတွင် ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နိုင်သည့် ကျေးရွာများအနက် ပထမဦးစားပေးအနေဖြင့် မိတ္ထီလာမြို့နယ်မှ ၁၀ ရွာ၊ မလှိုင်မြို့နယ်မှ ကိုးရွာ၊ ဝမ်းတွင်းမြို့နယ်မှ ငါးရွာ၊ သာစည်မြို့နယ်မှ သုံးရွာ စုစုပေါင်း ၂၇ ရွာကို ဦးစားပေး၍ ရေကားများဖြင့် ရေများဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးဇော်မြင့်ဦးဆောင်၍ မီးသတ်ဦးစီးဌာနဖြင့်ပူးပေါင်းကာ မီးသတ်ကားများဖြင့် မတ်လဒုတိယပတ်မှစ၍ ဂဠုန်ကျေးရွာအုပ်စု ရေရှားပါးပြတ်လပ်နေသည့် သဲတောလေးကျေးရွာကို ရေဂါလန် ၁၂၀၀၊ ခင်တဲကျေးရွာအုပ်စု တောင်ဖီလာကျေးရွာတွင် သောက်သုံးရေရေဂါလန် ၁၂၀၀၊ မိတ္ထီလာမြို့နယ် ကျောက်ပန်းတောင်းနယ်စပ်အဆုံး ဇရပ်ကုန်းကျေးရွာအုပ်စု လျှော်ဖြူပင်ကျေးရွာတွင် ရေဂါလန် ၁၂၀၀ ပေးလှူခဲ့သည်။

ဆက်လက်၍ ဒုတိယအကြိမ်အဖြစ်ခင် တဲကျေးရွာအုပ်စု တောင်ဖီလာကျေးရွာတွင် ရေဂါလန် ၁၂၀၀၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နီနီဦး ဦးဆောင်မှုဖြင့် ဝမ်းတွင်းမြို့နယ်မီးသတ်ကားများဖြင့် ဝမ်းတွင်းမြို့နယ် ပန်းကြိုင်ကျေးရွာအုပ်စု အိုးပွတ်ကန် ကျေးရွာတွင် သောက်သုံးရေပြတ်လပ်နေသဖြင့် မီးသတ်ကားဖြင့် ရေဂါလန် ၃၂၀၀ နှစ်ကြိမ်ပေးဝေခဲ့ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**



# အမေရိကန်ပီဇာရက်ချိန်းလာရန် လုပ်ထုံးလုပ်နည်းအသစ်ပြောင်းလဲ

**ရန်ကုန် မတ် ၂၃**

အမေရိကန်ဗီဇာ လျှောက်ထားသူများအနေဖြင့် ကောင်စစ်ဌာနသို့ အဆင်ပြေစွာ ဝင်ရောက်နိုင်စေရန်အတွက် သံရုံးဝင်ထွက်မှု လုပ်ထုံးလုပ်နည်းအသစ်ကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက မတ် ၂၂ ရက်က ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ဗီဇာလျှောက်ထားသူများအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၄ ရက်မှစ၍ သံရုံးသို့ မိမိတို့ရထားသည့် ရက်ချိန်းအချိန်မတိုင်မီ ၁၅ မိနစ်အလိုတွင် ရောက်ရှိရမည်ဖြစ်ကြောင်း သိရသည်။

ရက်ချိန်းရထားပြီသော ဗီဇာလျှောက်ထားသူသာ သံရုံးအတွင်းသို့ဝင်ခွင့်ရမည်ဖြစ်ပြီး အဖော်အဖြစ် လိုက်ပါလာသူဖြစ်ပါက သံရုံးအတွင်းသို့ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ ကားဖြင့်လာသော ဗီဇာလျှောက်ထားသူများသည် သံရုံးရှေ့ရှိ လူသွားလမ်းအနီး ကားရပ်ရန်နေရာတွင် ကားပေါ်မှ ဆင်းရမည်ဖြစ်ကြောင်းနှင့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် ကြီးမားသော ကျောပိုးအိတ်များကို ကောင်စစ်ဌာနသို့ သယ်ယူခွင့်မပြုကြောင်း သိရသည်။

**မွန်းဦးနဒီ**

# စားအုန်းဆီပြည်ပဈေးနှုန်း မြင့်တက်ချိန် ဆိပ်ကမ်းရောက် အရင်းဈေးထက် ဈေးမြှင့်တင်ရောင်းချ

**ရန်ကုန် မတ် ၂၃**

အယ်နီညိုဖြစ်စဉ်ကြောင့် ဆီအုန်းပင်များမှ ဆီထွက်နှုန်းကျဆင်းမှုရှိလာသဖြင့် စားအုန်းဆီပြည်ပဈေးနှုန်းမြင့်တက်လာသည်။ ဖေဖော်ဝါရီလနောက်ဆုံးပတ်မှ မတ်လဒုတိယပတ်မကုန်မီ ရက်ပိုင်းအထိ ပြည်ပစားအုန်းဆီ FOB တစ်တန်ဈေးနှုန်းမှာ ပျမ်းမျှ၆၅၀ ဒေါ်လာဝန်းကျင်သာရှိခဲ့ပြီး မတ် ၁၄ ရက်မှစ၍ ပြည်ပဈေး စတင်မြင့်တက်ခဲ့ရာ မတ် ၂၁ ရက်တွင် ၆၉၀ ဒေါ်လာနှုန်း တစ်ပိဿာအရင်းဈေး ၁၅၆၅ ကျပ်နှုန်းသို့ မြင့်တက်လာသည်။

ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှ မတ်လဒုတိယပတ်ကုန်ရက်ပိုင်းအထိ ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီ၏ ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေးနှုန်းမှာ ပျမ်းမျှ ငွေကျပ် ၁၄၈၀ ဝန်းကျင်သာရှိပြီး ပြည်ပမှ စားအုန်းဆီဝယ်ယူတင်သွင်းရာတွင် ဝယ်ယူပြီး ၁၀ ရက်ခန့်အကြာ ပြည်တွင်းသို့ရောက်ရှိတတ်သည်ဟု သိရသည်။ သို့ဖြစ်ရာ မတ် ၂၁ ရက်ဝန်းကျင်ရန်ကုန်ဆီဈေးကွက်တွင် ရောင်းချသော စားအုန်းဆီများ၏ အရင်းဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၄၈၀ ဝန်းကျင်သာရှိနိုင်ကြောင်း သိရသည်။

သို့သော် မတ် ၂၁ ရက် ရန်ကုန်ဈေးကွက်တွင် D.O ဆီထုတ်ယူခွင့် တစ်ပိဿာ လက်ကားရောင်းဈေးမှာ ၁၅၈၅ ကျပ်၊ လက်ကားလက်ငင်းအလှယ် တစ်ပိဿာရောင်းဈေးမှာ ၁၆၀၅ ကျပ်ရှိသည်ဟု ငုဝါလမ်းရှိ ဆီရောင်းဝယ်သည့်ပွဲရုံများမှ သိရသည်။ သို့ဖြစ်ရာ ပြည်ပမှ ဆီတင်သွင်းသူများ ပြည်တွင်းဈေးကွက်တွင် ယခင်ရက်ပိုင်းတစ်ပိဿာ အလှယ်ငွေကျပ် ၁၅၀၀ ဝန်းကျင်ဖြင့် ဝယ်ယူထားသူများအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၊ ပိဿာ ၁၁၀ ဝင် ဆီတစ်ပီပါလျှင် ငွေကျပ် ၁၀၀၀၀၊ ဆီတန်တစ်တန် ငါးပီပါလျှင် ငွေကျပ် ၅၀၀၀၀ ဝန်းကျင် ယခုရက်ပိုင်းတွင် အကျိုးအမြတ်များစွာရရှိသည်ဟု ဆီဈေးကွက်မှ သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း စားအုန်းဆီတိုက်ရိုက်ဖြန့်ဖြူးနေသော ဆီတင်သွင်းသည့် ကုမ္ပဏီတစ်ခုသည် မတ်လဒုတိယပတ် အစပိုင်းရက်က အလှယ်တစ်ပိဿာလက်ကားဈေး ၁၅၀၅ ကျပ်နှုန်း ရောင်းချခဲ့ပြီးနောက် မတ် ၂၁ ရက်အထိ အရောင်းခေတ္တပိတ်ထားသည်ဟု ဝယ်ယူနေကျ နယ်မှကုန်သည်တစ်ဦးက ပြောသည်။

ရန်ကုန် စားအုန်းဆီဈေးကွက်အတွင်း ပြည်ပဈေးမတက်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တင်သွင်းလာသော ဆီသင်္ဘောများ မရောက်လာခြင်း၊ ရောက်ရှိသော်လည်း ဆီချနိုင်မှုမရှိခြင်း အခက်အခဲများကြောင့် ဆီဈေးနှုန်းများ မြင့်တက်မှုများရှိတတ်သည်။ ယခုရက်ပိုင်းပြည်ပမှ ဆီသင်္ဘောများ ဆီသိုလှောင်ကန်အခက်အခဲကြောင့် ပင်လယ်ဝတွင် စောင့်ဆိုင်းနေရသည်အထိ စားအုန်းဆီပြည့်စုံလုံလောက်မှုမရှိသော်လည်း ပြည်ပဈေးမြင့်တက်မှုကို အကြောင်းပြု၍ အရင်းဈေးထက် တစ်ပိဿာငွေကျပ် ၁၀၀ ဝန်းကျင် ဈေးမြင့်လာသည်။ ယင်းသို့ ဈေးမြင့်လာမှုကြောင့် စားအုန်းဆီအသုံးပြု စားသောက်ဖွယ်ရာများ ဈေးမြင့်တက်လာမည်ကို စားသုံးသူများ စိုးရိမ်ပူပန်မှုရှိလာသည်ဟု သိရသည်။

**ခင်ဆိုင်**

# ကြည့်မြင်တိုင် ဈေးကြီး(အနောက်)ရပ်ကွက် တိုက်ခန်းအတွင်း မီးလောင်



**ရန်ကုန် မတ် ၂၃**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး (အနောက်) ရပ်ကွက် ကွမ်းရွဲတန်းလမ်း တိုက်အမှတ်(၂၆) မြေညီထပ်(ခေါင်းရင်းခန်း) ၌ မတ် ၂၃ရက်ညနေ ၄ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုသတင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့မှ ညနေ ၄ နာရီ ၃၆ မိနစ်တွင် စတင်လက်ခံရရှိခဲ့ပြီး ခရိုင်မီးသတ် လက်ထောက် ညွှန်ကြားရေးမှူး ဦးဌေးဝင်း ဦးစီးသော အုပ်ချုပ်ရေးယာဉ်တစ်စီးနှင့် မီးငြိမ်းသတ်ရေးယာဉ်သုံးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ပြီး **(ဝဝုံ)**ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ တိုက်ခန်းအတွင်းရှိ နှစ်ပေမီးချောင်းချပ် အပူလွန်ကဲရာမှ တစ်ဆင့် မီးလောင်ရခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အိမ်တွင်း အသုံးအဆောင်ပစ္စည်းအချို့ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးပေါ်ဆမှုကြောင့် အိမ်ငှားနေသူ ကိုဖြိုးဝင်းအား ကြည့်မြင်တိုင်မြို့မရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဘော်ဂါသွေး**

# မိုင်းယန်းမြို့နယ် ပုံလုံကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**ကျိုင်းတုံ မတ် ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် မိုင်းလွေ ကျေးရွာအုပ်စု ပုံလုံကျေးရွာ၌ မတ် ၂၂ ရက် နံနက် ၁၀ နာရီခွဲက တောမီးမှ တစ်ဆင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျေးရွာ၏ အရှေ့တောင်ဘက်၌ တောမီးလောင်နေရာမှ ကျေးရွာအစွန်ဆုံးနေအိမ်ဖြစ်သော ဦးစိုင်းဆမ်နွံနေအိမ်သို့ မီးကူးကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ နံနက် ၁၁ နာရီခွဲတွင် မိုင်းယန်းမီးသတ်စခန်းသို့သတင်းရောက်ရှိခဲ့ပြီး မိုင်းယန်းမြို့နှင့် မိုင် ၂၀ ခန့်ကွာဝေးသော အဆိုပါကျေးရွာသို့ မီးငြိမ်းသတ်ယာဉ်များ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကာ အခြားနေအိမ်များသို့ ကူးစက်မှုမရှိအောင်ငြိမ်းသတ်နိုင်ခဲ့သည်။ အိမ်ခြေ ၈၇ လုံးရှိသော ပုံလုံကျေးရွာ၌ ၁၉ အိမ်မီးလောင်ကျွမ်းကာ လူ ၇၄ ဦး မီးဘေးသင့်ခဲ့သည်။

ကျေးရွာ၌ အချို့အိမ်ဝိုင်းများ ကျယ်သည့်အပြင် လောင်စာများနည်းပါး၍ မီးကူးစက်မှု သိပ်မမြန်ကြောင်း ကျေးရွာနေပြည်သူတစ်ဦးကပြောသည်။ မီးဘေးသင့်သူများကို မိုင်းယန်းမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်း အဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# လှိုင်လင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၃**

မူးယစ်တပ်ဖွဲ့စု (၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက်က မိုင်းပန်-မိုင်းတုံသွားကားလမ်း တာဆန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် ယာဉ်အမှတ် 4F/----- ပရာဒိုမော်တော်ယာဉ်ကို စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်း အိုင်ဇိုင်းယားနှင့် ယာဝါးပိုတို့မှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ အိုင်ဇိုင်းယားကို သံလွင်မြစ်ကမ်းဘေးတွင် ဖမ်းဆီးရမိခဲ့ပြီး ယာဝါးပိုမှာ သံလွင်မြစ်အတွင်း ခုန်ချထွက်ပြေးသွားသဖြင့် မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ် ၄ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၆၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မတ် ၂၀ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ တာဝါတိုင်အနီးတွင် လင်းအောင် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၂၀၀၀၀ နှင့် ဘိန်းဆီခဲ ၂ ဒသမ ၈ ကီလို တို့ကိုလည်းကောင်း၊ မတ် ၂၁ ရက်က လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာသွားကားလမ်းမတွင် လောက်ဖင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# သစ်သယ်ဆောင်လာသော ၁၂ ဘီးယာဉ်ကြောင့် ဝန်နှင့်အားမမျှ၍ တံတားကျိုးကျ

**ကျိုက်မရော မတ် ၂၃**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် တရနာ-ဘုရားကုန်းလမ်း မိုင်တိုင်အမှတ် (၂၆×၂၇)ကြား လမုခိုကျေးရွာအုပ်စုအတွင်းရှိ ဖားဘောင်တံတား (ဘေလီသံပေါင် အမျိုးအစား)သည် မတ် ၂၀ ရက် ညနေ ၆ နာရီက ကရင်ပြည်နယ်ဘက်မှ မောင်းနှင်လာသော သစ်သယ်ဆောင်လာသည့် ၁၂ ဘီးယာဉ်ကြောင့် ကျိုးကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



တံတားကျိုးကျမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးအတွက် ယာယီလမ်းလွှဲအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် FCGC ကုမ္ပဏီမှ တာဝန်ရှိသူတို့ ပူးပေါင်း ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ တံတားကျိုးကျမှုနှင့်ပတ်သက်၍ သစ်သယ်ဆောင်လာသော ယာဉ်အမှတ် 8D/----- ယာဉ်မောင်း ဦးစည်သူအောင် မုဒုံမြို့ မြို့မ(၄) ရပ်ကွက်နေသူနှင့် ယာဉ်နောက်လိုက် ဦးအောင်ဝင်း တို့ကို ချောင်းနှစ်ခွ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်ထွန်း(ပြန်/ဆက်)**



# မူဆယ်မြို့၌ အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**မူဆယ် မတ် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ်မြို့နယ် ပန်းခမ်းကျေးရွာအုပ်စုတိန်လုံကျေးရွာ မူဆယ်-နမ့်ခမ်း ပြည်ထောင်စု ကားလမ်းမကြီးဘေး တိန်လုံကျေးရွာ မူလတန်းကျောင်းအနီး မတ် ၂၂ ရက်ညနေ ၅ နာရီခွဲက ဒေါ်နန်းသိန်းဟန်၏ နေအိမ်မီးဖိုမှ စတင်မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။



အဆိုပါမီးမှာ ဒေါ်နန်းသိန်းဟန်၏မီးဖိုဆောင်အတွင်း လျှပ်စစ်ရေနွေးအိုးတည်ရာမှ ဝိုင်ယာရှော့ဖြစ်ပြီး စတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အခြားနေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခြင်း၊ လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မူဆယ်မြို့မရဲစခန်းမှ ရဲအုပ်မျိုးထွန်းလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးဦးကိုကိုကြီးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ အရန် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးသတ်ယာဉ် ၁၄ စီး၊ ရေသယ်ယာဉ် နှစ်စီးနှင့် အုပ်ချုပ်ရေးယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီခွဲတွင်မီးညွန့်ကျိုးပြီး မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-အယ်လ်စိုးထန်တူး**
**ဓာတ်ပုံ-ကိုမိုင်း(ပြန်/ဆက်)**

# စားရှည်ကိုင်ဆောင်ရမ်းကားနေသူအား အရေးယူ

**ကော့သောင်း မတ် ၂၃**

ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် လမ်းကြားတစ်ခုတွင် ငှက်ကြီးတောင်ဓားရှည် ကိုင်ဆောင်ကာ လမ်းသွားလမ်းလာသူများအား ရမ်းကားလျက်ရှိသူ အမျိုးသားတစ်ဦးအား မတ် ၂၂ ရက် ညနေပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၄ နာရီက ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် တိုက်ဂါး ဟိုတယ်ဘေးရှိ လမ်းကြားတွင် ဇော်မင်းထိုက်(ခ)ခေါင်းနီ (၂၄နှစ်)သည် အရိုးအသွား ၃၀ လက်မခွဲခန့်ရှိငှက်ကြီးတောင် ဓားရှည်တစ်ချောင်းကိုင်ဆောင်လျက် လမ်းသွားလမ်းလာများအား ရမ်းကားနေသောကြောင့် ကော့သောင်းရဲတပ်ဖွဲ့စခန်းမှ ရဲအုပ် အောင်ဇော်မင်းထွန်း ဦးစီးနယ်ထိန်းအဖွဲ့ဝင်များက သွားရောက် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဓားရှည်ကိုင်ဆောင် ရမ်းကားသူအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကျွန်းလှမြို့တွင် မီးရထားနှင့်ထော်လာဂျီတိုက်မိ

**ကျွန်းလှ မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့တွင် မတ်၂၂ရက် ညနေ ၃ နာရီ ၅၂ မိနစ်က မီးရထားနှင့်ထော်လာဂျီတိုက်မိကြောင်း သိရသည်။ ဖြစ်စဉ်မှာရွှေဘို-မိုးညှင်းပြေးဆွဲလျက်ရှိသော အမှတ်(၃၉) အဆန်ရထားစက်ခေါင်းအမှတ် DD ----နှင့်ဖိုးသား(ခ)လှိုင်မင်းဝေမောင်းနှင်လာသော 8/-------လိမ္မော်ရောင် ပုဇင်းဂေါင်းထော်လာဂျီ လေးဘီးကားတို့ ပိတောက်မြိုင်ရပ်ကွက်နှင့် သုသာန်သွားရထားလမ်းဖြတ်နေရာ မိုင်တိုင်အမှတ်၄၉၉/၁-၂ ကြားတွင် တိုက်မိရာ ရထား(၄၃)မိနစ်ခန့် ကြန့်ကြာသွားခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဖိုးသား(ခ) လှိုင်မင်းဝေ(၂၂)နှစ် သစ်ရာမြိုင်ရပ်ကွက်နေသူအား မြို့မရဲစခန်းကမီးရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



# မီးကြွင်း မီးကျန်မှ မီးလောင်မှုဖြစ်ပွား

**တပ်ကုန်း မတ် ၂၃**

နေပြည်တော် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်နယ်မြေ(၂) နတ်စင်လမ်းနေ ဦးအုန်းမြိုင် (၆၀)နှစ် နေအိမ်တွင် မတ် ၂၃ ရက် နံနက် ၃နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက်က ဦးအုန်းမြိုင် (၆၀)နှစ်၏ အိမ်ရှိ မီးဖို မီးကြွင်း မီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်လွင် ဦးဆောင်ပြီး မီးသတ်ယာဉ်သုံးစီး၊ မီးသတ်စက် သုံးလုံး၊ မီးသတ်တပ်ဖွဲ့များဝင်နှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၃နာရီ မိနစ်၂၀တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# မီးဖြတ်စက်အပူလွန်ကဲရာမှ ဆိုင်ခန်း ရှစ်ခန်း မီးလောင်



**ကျိုင်းတုံ မတ် ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် နွံနောရပ် (၁) ထပ်ဆိုင်ခန်း ရှစ်ခန်း မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ်၂၂ရက် ည ၁၁ နာရီခွဲခန့်က ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် နွံနောရပ်ရှိ ဒေါ်မြမြဝင်း၏ဆိုင်ခန်း၌ ရေခဲသေတ္တာနှင့် သွယ်တန်းထားသော ကြားခံ (Safe Guard)အပူလွန်ကဲရာမှ ဆိုင်ခန်း ရှစ်ခန်းမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးလောင်ရာမှာ Level II အဆင့်ရှိပြီး ယာဉ်အုပ်စု၊ မီးငြိမ်းသတ်ယာဉ် ခြောက်စီးနှင့် ရေသယ်ယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ သန္ဓေနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်း မီးငြိမ်းသတ်သဖြင့် မတ် ၂၂ ရက် သန်းခေါင်ကျော်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**ခိုင်ဇာ(ယောမြေ)**


**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**UNIQUE STAR TRAVELS & TOURS**

| | | |
|---|---|---|
| ဥရောပ(၉)နိုင်ငံ+(အင်္ဂလန်) Apr: 9,12 ($ 4200) | အမေရိကား Apr:8,12 ($ 5700) | ဩစတြေးလျ Apr:10,13 ($ 3400) |
| ဟောင်ကောင်၊မကာအို Apr:10,11 ($ 1600) | ဂျပန် Apr:11,12,13 ($ 2900) | ထိုင်း၊ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:10,13,14 ($ 1300) |
| ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:11,13,14 ($ 950) | စင်္ကာပူ၊မလေးရှား Apr:11,14 ($ 950) | လန်ကာဝီ၊စင်္ကာပူ Apr:11,13,14 ($ 1200) |
| ဂရိ Apr:9,12 ($ 3700) | ထိုင်း၊စင်္ကာပူ၊မလေး Apr:10,13,14 ($ 1300) | ဗီယက်နမ် Apr:9,11,13 ($ 650) |

Bangkok-Pattaya-Ayuttaya
Mar: 23, 26 / Apr: 2 ($ 350 / 400)
Apr: 10, 11, 12, 13, 14, 18 ($ 400/ 450)
Bangkok-Cambodia ( $ 550 )
Phuket-Bangkok ($ 550 )
Chiangmai - Bangkok ( $ 450 )
70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.

**GOLDEN STAR** ခရီးသွားလုပ်ငန်း
◆ ကျိုက်ထီးရိုး(နေ့စဉ်)
◆ ချောင်းသာ/ငွေဆောင်
ဟိုတယ် စီစဉ်ပေးသည်။
Ph: 209200, 544383, 430480, 705968, 703448


## အမည်ပြောင်း

ပုသိမ်မြို့၊ အထက(၆)၊ အဋ္ဌမတန်း(B)မှ ဦးကျော်ကိုကိုလတ်၏သား မောင်သန့်သူရိန်ကို ၁၄/ပသန(နိုင်)၂၉၄၄၉၀အား မောင်ရဲရင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ပုသိမ်မြို့၊ ဧရာရတနာကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်း(B)မှ မောင်သာထက်ကို ၁၄/ပသန(နိုင်) ၂၉၄၄၉၁အား မောင်ဟိန်းသန့်ဟူ၍လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရဲရင့်၊ မောင်ဟိန်းသန့်**


**GOLDEN RICH TRAVELS**
ဗန်ကောက်(၂-ည)ပတ္တာရား၊အယုဒ္ဓယ၊မဲဆောက် ၃သိန်း, Apl 11
ချင်းမိုင်(၂-ည)မယ်ဆိုင်ရွှေတြိဂံ၊မဲဆောက် ၃သိန်း, Apl 11
09-450 587933, 09-440062164,09-786674066

**သကြံ်နန်းလာပြီ**
သင်္ကြန်တွင်း ပိတ်ရက်ရှည် ပိတ်မှာဆိုတော့လို့ အိပ်စား ဆန်အတွက်ကြိုတင်မှာထားပါ ။
09-73077711 ☎ 01-682844
09-73077722 ☎ 01-682944
စိတ်ကောင်း၊ကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန
မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ ဗန်းမော်မြို့

## လေလံကြော်ငြာ

ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားပြီးဖြစ်သော အကောက်ခွန်မဲ့မော်တော်ဆိုင်ကယ်ဆက်စပ်ပစ္စည်း ၃၈မျိုး၊ တရုတ်နိုင်ငံလုပ်လက်ကိုင်တယ်လီဖုန်းမျိုးစုံ ၇၁လုံးအပါအဝင် လျှပ်စစ်ပစ္စည်းမျိုးစုံ ၂၃မျိုးတို့အား အများပြည်သူတို့ ဈေးပြိုင်လေလံစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။ လေလံဆွဲလိုသူများသည် လေလံစည်းကမ်းနှင့်ပစ္စည်းစာရင်းများကို ၂၄-၃-၂၀၁၆ရက်မှ ၂၇-၃-၂၀၁၆ရက်များအတွင်း ဗန်းမော်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ဝယ်ယူပြီး ဝင်ရောက် ယှဉ်ပြိုင်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

(၁) **လေလံတင်ရောင်းချမည့်ရက်** - ၂၈-၃-၂၀၁၆ရက် (တနင်္လာနေ့)
(၂) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၁၀:၀၀နာရီ
(၃) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး ဗန်းမော်မြို့

**မှတ်ချက်**။ လေလံတင်ရောင်းချမည့်ပစ္စည်းများအား ၂၇-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ လာရောက်ကြည့်ရှုနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**ဗန်းမော်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဆန်းဝင်း ၇/မညန(နိုင်)၀၆၁၃၇၅၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်(MA625333) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၁၅၈၆၅၃**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ နဝင်းရပ်ကွက်၊ ချောင်းနားတန်းရပ်၊ ပြည်တော်သာလမ်းမတန်းနေ ဦးမြင့်မောင်၇/ပမန(နိုင်)၀၇၄၀၇၉၏သမီး မသီသီဝင်း၇/ပမန(နိုင်)၁၃၄၈၄၉၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၄-၁၉၈၇ဖြစ်ပါကြောင်း။ **မသီသီဝင်း**

## အမည်ပြောင်း

ဦးအောင်မင်း၏သမီး ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ အထက(၅) နဝမတန်းမှ မတင်အေးရွှေအား မဟံသူဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ **မဟံသူ**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ် ၅၂၊ စက်မှုဇုန်အကွက်၊ ဦးပိုင်အမှတ် J-၁၈၅၊ ဧရိယာ ၀ဒသမ၀၅၅၈ကေရှိမြေကို ဦးထွန်းလင်းအောင် အမည်ဖြင့် မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦး စီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၅)ရပ်ကွက်၊ အကွက်အမှတ်(၁၆၃-ဘီ)၊ ထန်းကုန်းအကွက်၊ ဦးပိုင်အမှတ် ၃၃/၂၊ ၃၄/၁၊ ဧရိယာ ၀ဒသမ၃၀ကေရှိ မြေကို ဒေါ်ရီရီခင်က မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

# ဘေးအန္တရာယ်ရှိအဆောက်အအုံများသတ်မှတ်နိုင်ရေး ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် စိစစ်ရေးကော်မတီစည်းဝေး

**မန္တလေး မတ် ၂၃**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၁ နာရီခွဲတွင် မတ် ၂၂ ရက်က မင်္ဂလာဈေး မီးလောင်ကျွမ်းခဲ့ခြင်းနှင့်ပတ်သက်၍ ဘေးအန္တရာယ်ရှိ အဆောက်အအုံများ သတ်မှတ်နိုင်ရေး ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် စိစစ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညွန့်မောင်၊ အတွင်းရေးမှူး ဦးခင်မောင်တင်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဆောက်လုပ်ရေးဦးစီးဌာန တည်ဆောက်ရေးအထူးအဖွဲ့(၂)ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ညွန့်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (မန္တလေး) တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ထွေး၊ နည်းပညာတက္ကသိုလ် (မန္တလေး) မြို့ပြအင်ဂျင်နီယာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာလှမျိုးအောင်နှင့် အင်ဂျင်နီယာများ တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်က မီးလောင်ဆုံးရှုံးခဲ့ရသည့် ဆိုင်ခန်းပိုင်ရှင်များအနေဖြင့် ၎င်းတို့၏ပစ္စည်းများသယ်ယူရာတွင် မည်သည့်ထောက်ခံစာမှ လိုအပ်ခြင်းမရှိဘဲ ဈေးအကျိုးတော်ဆောင်၊ ဈေးတာဝန်ခံများနှင့် စိစစ်ပြီး ပြန်လည်သယ်ယူနိုင်ကြောင်း၊ စနစ်တကျသယ်ယူနိုင်ရေးအတွက် ဝင်ပေါက်နှင့် ထွက်ပေါက်များကို သီးသန့်စီစဉ်ပေးထားပြီး သက်ဆိုင်ရာက လုံခြုံရေးဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။




ဆက်လက်၍ အတွင်းရေးမှူးက မီးဘေးသင့် အဆောက်အအုံဖြစ်သည့်အတွက် အန္တရာယ်ရှိ မရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန အင်ဂျင်နီယာများ၊ မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် နည်းပညာတက္ကသိုလ် (မန္တလေး) ပညာရှင်များနှင့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးဆုံးဖြတ်သွားမည်ဖြစ်ပြီး ကြားကာလတွင် ဆိုင်ခန်းပိုင်ရှင်များ ပစ္စည်းသယ်ယူရန်နှင့် မြို့တော်စည်ပင်မှ သန့်ရှင်းရေး ဆောင်ရွက်သွားနိုင်ရေးကို စီစဉ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လက်ရှိမီးဘေးဒဏ်ခံထားရသည့် အဆောက်အအုံများ လတ်တလော စစ်ဆေးမှုများအရ ဆိုင်ခန်းပိုင်ရှင်များနှင့် လူနေတိုက်ခန်းနေထိုင်သူများအနေဖြင့် ၎င်းတို့ပစ္စည်းများ စနစ်တကျသယ်ယူရာတွင် အန္တရာယ်မရှိကြောင်း၊ စလစ်ပျဉ်များ၊ ပိုင်တိုင်များ မီးဘေးသင့်ခဲ့သော်လည်း ပစ္စည်းသယ်ယူနိုင်သည့် အနေအထားထိ ရှိနေပြီး နောက်ပိုင်းတွင် နည်းပညာများဖြင့် အဆင့်ဆင့် စစ်ဆေးမှုများ လုပ်ဆောင်ရန်လိုကြောင်း အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(မန္တလေး)မှ ဦးသန့်ဇင်ထွေးကလည်း မီးဘေးသင့်အဆောက်အအုံဖြစ်၍ လက်ရှိစစ်ဆေးမှုများအရ ပစ္စည်းသယ်ယူမှုများတွင် အန္တရာယ်ကင်းသော်လည်း တိကျသည့် ကြံ့ခိုင်မှုအဖြေရရှိရေးအတွက် မီးလောင်မှု အပိုင်းလိုက် အင်ဂျင်နီယာနည်းပညာများ၊ ကိရိယာများဖြင့် ဆက်လက်စစ်ဆေးရမည်ဖြစ်ပြီး စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြံပြုတင်ပြသည်။

ထို့နောက် ကော်မတီဝင်များနှင့် တက်ရောက်လာသူများက မီးဘေးသင့် မင်္ဂလာဈေးအဆောက်အအုံနှင့်ပတ်သက်သည့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဆိုင်ခန်းရှင်များနှင့် လူနေတိုက်ခန်းများမှ ပစ္စည်းသယ်ယူရေးလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင်၊**
**မင်းထက်အောင်(မန်းကိုယ်ပွား)**



# လောင်းလုံးမြို့နယ်၌ ဘုရားဖူးယာဉ်တစ်စီးတိမ်းမှောက်

**လောင်းလုံး မတ် ၂၃**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာအနီး ယနေ့ နံနက် ၁၁ နာရီခွဲခန့်က ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်၍ ၁၃ ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လောင်းလုံးမြို့မှ လေးမိုင်ခန့်အကွာ လက်ခတ်တောင်ဘုရားပွဲ ကျင်းပရာသို့ ဘုရားဖူးခရီးသည်များကို တောင်ခြေမှ တောင်ပေါ်သို့ အခမဲ့ ပို့ဆောင်ပေးသည့် ယာဉ်မောင်း စည်သူ မောင်းနှင်သော 5K/---ဖို့ဒ်လန်းမြေသယ်ယာဉ်သည် တောင်ဆင်းအကွေ့တွင် ဂီယာချိန်းရာမှ ဂီယာမဝင်ဘဲ အရှိန်လွန်၍ လမ်းဘေးကျောက်ပုံကို တိုက်မိကာ တိမ်းမှောက်သွားခဲ့သည်။ အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ဘုရားဖူးခရီးသည်များအနက် ၁၁ ဦးမှာ ပွဲချင်းပြီးသေဆုံးသွား၍ ကျန် ၄၇ ဦးမှာ ဒဏ်ရာများရရှိသဖြင့် ထားဝယ်ဆေးရုံသို့ တင်ပို့ကုသလျက်ရှိစဉ် သရက်ချောင်းမြို့နယ် ဆေးဖြတ်ကုန်းကျေးရွာနေ ဦးသီးဝေနှင့် သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာနေ ဒေါ်စန်းရီတို့မှာ ရရှိထားသောဒဏ်ရာဖြင့် ထပ်မံသေဆုံးသွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါခရီးသည် အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးငါးဦး သေဆုံးခဲ့ပြီး ကျန်အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၂၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်မောင်းနှင်သူကို လောင်းလုံးမြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**


## လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းဆုမွန်လွှာ

၂၀၁၆ခုနှစ် (၄၂)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်သည့် **“စီမံခန့်ခွဲရေးထူးချွန်မှု”** ဂုဏ်ထူးဆောင်ဆုကို မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ (ညွှန်ကြားရေးမှူး) ဦးဝင်းညွန့်အားလည်းကောင်း၊ ဝန်ထမ်းမှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆုကို ကျိုက်မရောမြို့နယ် အခွန်ဦးစီးဌာနမှူး (ဦးစီးအရာရှိ) ဦးတင်မောင်လွင်အားလည်းကောင်း၊ ထိုက်တန်စွာချီးမြှင့်အပ်နှင်းခဲ့ပါသဖြင့် မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းအားလုံးမှ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း နိုင်ငံ့တာဝန်များကို အောင်မြင်စွာ ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းများ**
**မွန်ပြည်နယ်**

## ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ
## စိတ်ဝင်စားမှုဖော်ပြလွှာ(Expression of Interest) ဖိတ်ခေါ်ခြင်း

၁။ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အထူးစီးပွားရေးစီမံကိန်းများတွင် မြန်မာနိုင်ငံဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အများပိုင်ကုမ္ပဏီ GDE(Government Designated Entity)ကို ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်၍ စိတ်ပါဝင်စားမှုရှိသော မြန်မာနိုင်ငံသားပိုင် မည်သည့်ကုမ္ပဏီမဆို အဆိုပြုပါဝင်လျှောက်ထားနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလျှောက်လွှာပုံစံ(Soft Copy)များကို ၂၃-၃-၂၀၁၆ရက်မှစ၍ ကျောက်ဖြူအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး(နေပြည်တော် ဖုန်း-၀၆၇-၄၀၅၀၂၄) ရန်ကုန်ဘူတာကြီး စခန်းသာရုံး ဖုန်း-၀၁-၃၉၃၄၂၅၊ ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဖုန်း-၀၄၃-၄၆၀၇၅တို့တွင် အခမဲ့ရယူနိုင်ပြီး ၃၁-၃-၂၀၁၆ရက် ၁၆:၃၀နာရီနောက်ဆုံးထား၍ အဆိုပါ ရုံးများတွင် တင်ပြနိုင်ပါသည်။ လျှောက်လွှာပုံစံ(Soft Copy)များကို http://www.kpsez.org မှလည်း ရယူနိုင်ပါသည်။

၃။ လျှောက်လွှာများ စိစစ်ရွေးချယ်ရာတွင် တိုင်းရင်းသားပိုင်နှင့် အများပိုင်ကုမ္ပဏီများအား ဦးစားပေးရွေးချယ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ**
**ရုံးအမှတ် ၂၉၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**နေပြည်တော်**

မင်းဓမ္မကုန်းတော်
**လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)**
# တပေါင်းပွဲတော် ပြည့်တော်ဝင်အခါတော်နေ့
## ခြင်းအလှခတ်ပူဇော်ပွဲ

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား၏)တပေါင်းလပြည့် ပြည့်တော်ဝင်အခါတော်နေ့ကို အောက်ဖော်ပြပါ ခြင်းအဖွဲ့များက ခြင်းအလှခတ်ပူဇော်ပါမည်။

မင်းဓမ္မခြင်းအဖွဲ့၊ နဂါးမာန်ခြင်းရုံခြင်းအဖွဲ့၊ တက်သစ်စခြင်းရုံခြင်းအဖွဲ့၊ လောကချမ်းသာခြင်းရုံ အမှုဆောင်အဖွဲ့၊ နန္ဒကျော်ခြင်းအဖွဲ့၊ ပိုင်ပိုင်ခြင်းအဖွဲ့၊ သင်းသင်းခိုင်ခြင်းအဖွဲ့၊ မြင့်စန္ဒာခြင်းအဖွဲ့၊ အောင်မြတ်လင်းခြင်းအဖွဲ့၊ စမ်းစမ်းမော် ပန်းမြတ်သီတာ ခြင်းအဖွဲ့၊ မျောက်ခြောက်ကောင် ခြင်းအဖွဲ့။

နေ့ရက် - ၂၇-၃-၂၀၁၆　အချိန် - ညနေ(၆)နာရီမှ ည(၁)နာရီထိ
နေရာ - မင်းဓမ္မဥယျာဉ်

ဂေါပကအဖွဲ့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၅၄၅၇၂ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူရှိန် ၆/ထဝန(နိုင်)၀၀၀၂၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၁၀၅၇ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လေး ၆/ရဖန(နိုင်)၀၃၈၁၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၁၆၂၀၀၊ Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှဝေ ၆/ရဖန(နိုင်)၀၃၅၁၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

# တစ်ကိုယ်ရေ သန့်ရှင်းမှု

သိပ္ပံစာရေးဆရာကိုကိုအောင်

လူ့ဘဝ တစ်လျှောက်လုံးတွင် သက်ရှည်ကျန်းမာပျော်ရွှင်စွာဖြင့် နေထိုင်သွားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းမှုသည် အရေးအကြီးဆုံးသော ကိစ္စတစ်ရပ်ဖြစ်သည်။ နံနက်အိပ်ရာမှ ထပြီးလျှင် ပြီးခြင်း မျက်နှာသစ်ဆပ်ပြာဖြင့် မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်း၊ အစာမစားမီ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ ရေအိမ်မှထွက်လာသည့်အခါ ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောသန့်စင်ခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံးကို နံနက်တစ်ကြိမ်နှင့် ညနေတစ်ကြိမ် ရေချိုးသန့်စင်ခြင်းစသော အလုပ်များသည် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အခြေခံအကျဆုံးသော အလေ့အထများ ဖြစ်ကြသည်။

လုပ်ငန်းခွင်မှမထွက်ခွာမီ ခြေလက်များကို စနစ်တကျဆေးကြောသန့်စင်ခြင်း၊ အများပြည်သူသုံးယာဉ်အမျိုးမျိုးတို့ဖြင့် စီးနင်းလိုက်ပါကြပြီးနောက် လုပ်ငန်းခွင်သို့ မဝင်ရောက်မီနှင့် လုပ်ငန်းခွင်မှအပြန် နေအိမ်သို့ရောက်ရှိချိန်များတွင် ခြေလက်များကို သန့်ရှင်းစင်ကြယ်အောင်ဆေးကြောခြင်း စသည်တို့ကလည်း လူမှုပတ်ဝန်းကျင်နှင့် ဆက်စပ်ထိတွေ့နေကြရသူတို့အဖို့ အမြဲလုပ်ဆောင်သင့်သည့် တစ်ကိုယ်ရေသန့်ရှင်းမှုအလေ့အထများ ဖြစ်ကြသည်။

အဝတ်အစားများကို လျှော်ဖွပ်ပြီးသည့်အခါ ပြန့်ပြူးသွားအောင် မီးပူတိုက်ခြင်းသည်လည်း ဝတ်စားဆင်ယင်မှုကို တင့်တယ်ကြည့်ကောင်းစေရုံအတွက်သာ မဟုတ်ဘဲ၊ အဝတ်အစားများ၌ ကပ်ငြိနေသည့် ဘက်တီးရီးယားများကို ရှင်းလင်းသုတ်သင်လိုက်ခြင်းပင် ဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းမှုသည် လူသားတို့အတွက်သာ အရေးကြီးသည် မဟုတ်ဘဲ၊ သတ္တလောကအတွင်းရှိ တိရစ္ဆာန်များ၏ ဘဝရှင်သန်ရေးအတွက်လည်း အလွန်တရာအရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်သည်။

သတ္တဝါတို့သည် မိမိတို့၏ဘဝရှင်သန်ရပ်တည်နိုင်ရေး အတွက် တစ်ကိုယ်ရေသန့်ရှင်းမှုကို အချိန်နှင့်အမျှ အမြဲတမ်းလုပ်ဆောင်နေကြရသည်။ တိရစ္ဆာန်အများစုတို့သည် အမိုးအကာကင်းမဲ့သော သဘာဝ ဟင်းလင်းပြင်ကြီးထဲ၌သာ ကျင်လည်ကျက်စားနေကြရသည့်အလျောက် အိပ်စက်သည့်အချိန်နှင့် အနားယူသည့်အချိန်များတွင် မြေကြီးပေါ်၌ လည်းကောင်း၊ သစ်ပင်သစ်ကိုင်းတို့၏ အပေါ်၌လည်းကောင်း၊ တွင်းများထဲ၌လည်းကောင်း နေထိုင်ကြရသည်။

သတ္တလောကအတွင်းရှိတိရစ္ဆာန်များအနက် ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးလှသည့် အိမ်မွေးတိရစ္ဆာန်အချို့တို့ကသာလျှင် တင်းကုပ်များ၊ လှောင်အိမ်များ၊ မွေးမြူရေးခြံများ စသည်တို့ထဲ၌ နွေးထွေးစွာ နေထိုင်ခွင့်ရကြသည်။ တိရစ္ဆာန်တို့၏ ကျင်လည်လှုပ်ရှားသွားလာနေထိုင်ပုံကိုကြည့်၍ ယင်းတို့သည် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုတစိုက် လုပ်ဆောင်ကြလိမ့်မည်ဟု လူအများက တွေးထင်မိကြမည် မဟုတ်ပေ။ တိရစ္ဆာန်တို့၏ သဘောသဘာဝကို လေ့လာစောင့်ကြည့်၍ သုတေသနပြုနေကြသော သိပ္ပံပညာရှင်တို့ကသာလျှင် တိရစ္ဆာန်တို့သည် လူတို့ထက်ပင် တစ်ကိုယ်ရေသန့်ရှင်းရေးကို ပိုမိုအလေးထား၍ ဂရုတစိုက်ပြုလုပ်ကြကြောင်း သိရှိနိုင်ကြသည်။



အိမ်မွေးတိရစ္ဆာန်များ ဖြစ်ကြသော ခွေးနှင့်ကြောင်တို့သည် ယင်းတို့ကိုယ်ပေါ်ရှိအမွေးအမှင်များ၊ ခြေနှင့်လက်များကို လျှာဖြင့် မကြာခဏ လျက်လေ့ရှိသည်ကို တွေ့ဖူးကြပေလိမ့်မည်။ ဤသည်မှာကား ခွေးနှင့်ကြောင်တို့က တစ်ကိုယ်ရေသန့်ရှင်းရေးကို ပြုလုပ်နေကြခြင်းပင် ဖြစ်သည်။ ခွေးနှင့်ကြောင်တို့၏ လျှာပေါ်တွင် တံတွေးဂလင်းမှ ထွက်သောအရည်များ အမြဲလိုလိုရှိနေပြီး ထိုအရည်များထဲ၌ ပါဝင်နေသော ဓာတုဓာတ်ပစ္စည်းများက ယင်းတို့၏ ခန္ဓာကိုယ်ပေါ်တွင် ကပ်ငြိနေသော ဘက်တီးရီးယားပိုးများနှင့် အန္တရာယ်ရှိသော ကပ်ပါးပိုးများကို သေဆုံးသွားစေသည်။ ထို့ကြောင့် ခွေးနှင့်ကြောင်တို့က ယင်းတို့၏ ခန္ဓာကိုယ်ကို လျှာဖြင့် မကြာခဏ ဆိုသလိုလျက်နေခြင်းသည် တစ်ကိုယ်ရေသန့်ရှင်းမှုကို အလေးထားလုပ်ဆောင်နေကြခြင်း ဖြစ်သည်။

အလားတူပင် ကြက်မွေးမြူရေးခြံများ၌ ကြက်များက ခြေထောက်ဖြင့်ဝပ်ကျင်းတူးပြီး ထိုကျင်းထဲသို့ ခန္ဓာကိုယ်တစ်ခုလုံးဝင်ကာ တောင်ပံနှင့်ခြေထောက်တို့ဖြင့် မြေကြီးများကိုရက်ထုတ်သော မြင်ကွင်းမျိုးကိုလည်း လူအများက တွေ့မြင်ဖူးကြသည်။ ဝပ်ကျင်းထဲမှ မြေကြီး၊ ဖုန်မှုန့်နှင့် သဲများသည် ကြက်၏အမွေးအတောင်များအတွင်း၌ ကပ်ငြိနေသော အန္တရာယ်ရှိကပ်ပါးပိုးများကို ဖယ်ရှားပစ်နိုင်သည့်အတွက် ထိုသို့ပြုလုပ်နေကြသော အမူအကျင့်သည်လည်း ကြက်တို့၏ တစ်ကိုယ်ရေ သန့်ရှင်းမှု အလေ့အထများပင် ဖြစ်ကြသည်။

တောထဲ၌ သဘာဝအလျောက် ရှင်သန်ကျက်စားနေကြသော ကျွဲရိုင်းများ၊ ရေမြင်းများ စသည့် တိရစ္ဆာန်တို့သည်လည်း ရေခန်းစပြုနေသည့် ရွှံ့ညွန်အိုင်များအတွင်း၌ နာရီပေါင်းများစွာကြာအောင် စိမ်နေလေ့ရှိကြသည်။ ဤလုပ်ရပ်သည်လည်း ပူပြင်းသောနွေရာသီကာလတွင် ယင်းတို့၏ ခန္ဓာကိုယ်ကို အပူအအေးထိန်းညှိပေးနေခြင်းနှင့် ခန္ဓာကိုယ်ပေါ်ရှိ ကပ်ပါးပိုးများကို ဖယ်ရှားနေခြင်းပင် ဖြစ်သည်။

အသေးငယ်ဆုံးသော တွင်းအောင်းသတ္တဝါတစ်မျိုးဖြစ်သည့် ပုရွက်ဆိတ်တို့၏ လောကထဲ၌လည်း တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုတစိုက် လုပ်ဆောင်နေကြသည့် အလေ့အထမျိုးကို တွေ့မြင်နိုင်သည်။ သေဆုံးသွားသော ပုရွက်ဆိတ်ကောင်များကို ယင်းတို့၏ အသိုက်အမြုံမှ ဝေးရာဆီသို့တကူးတကသယ်ဆောင်စွန့်ပစ်သည့် အလေ့အထသည် လူ့လောက၏လုပ်ရိုးထုံးစံနှင့် အလွန်ပင်တူညီပြီး တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုစိုက်သည့် လုပ်ရပ်ပင် ဖြစ်သည်။

အလားတူပင် တော၏ဘုရင်ဟု တင်စားခေါ်ဝေါ်ကြသော ခြင်္သေ့နှင့် ကျားတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးကို အလွန်ပင်ဂရုစိုက်ကြောင်း တွေ့ရှိနိုင်သည်။ မိမိတို့၏ ဝမ်းရေးအတွက် သားကောင်များကို စားသောက်ပြီးသည့်အခါ ပါးစပ်နှင့် ခန္ဓာကိုယ်တွင် ပေကျံရစ်ခဲ့သော သွေးနှင့် အသားစများကို ပြောင်စင်သွားသည်အထိ အချင်းချင်း လျှာဖြင့်လျက်ပေးသော အလေ့အထသည် တစ်ကိုယ်ရေသန့်ရှင်းမှုကို လုပ်ဆောင်နေကြခြင်းပင်ဖြစ်သည်။

ကမ္ဘာမြေပေါ်၌ မျောက်မျိုးစိတ်များစွာရှိကြသည့်အနက် အများစုသောမျောက်မျိုးစိတ်တို့မှာ အသီးနှင့် အရွက်စားသတ္တဝါများဖြစ်ကြပြီး အနည်းစုသော မျောက်မျိုးစိတ်တို့ကသာလျှင် အသီးအရွက်ရော အသားကိုပါ အာဟာရအဖြစ် စားသုံးကြသည်။ အသီးအရွက်ကိုသာ စားသုံးကြသော မျောက်မျိုးစိတ်များကို လေ့လာကြည့်မည်ဆိုပါက အနားယူသည့် အချိန်များတွင် တစ်ကောင်နှင့်တစ်ကောင် အပြန်အလှန် သန့်ရှင်းရေးပြုလုပ်ပေးကြသည်ကို တွေ့ရှိနိုင်သည်။ အမွေးအမှင်များအကြားရှိ သန်းနှင့် ကပ်ပါးကောင်များကို မွှေနှောက်ရှာဖွေ သုတ်သင်ပစ်လေ့ရှိကြသော မျောက်တို့၏ အပြုအမူသည် တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထား လုပ်ဆောင်ကြသော အလေ့အထပင် ဖြစ်သည်။

အသီးအရွက်ရော အသားကိုပါ စားသုံးကြသည့် မျောက်မျိုးစိတ်များတွင် အသားမစားသည့်မျောက်မျိုးစိတ်တို့နှင့် မတူကွဲပြားသော နေထိုင်မှုပုံစံကို တွေ့ရှိရသည်။ အသီးအရွက်ကိုသာ စားသုံးကြသော မျောက်မျိုးစိတ်များမှာ မိသားစုအများအပြား ပေါင်းစည်းနေထိုင်လေ့ရှိကြပြီး အသီးအရွက်ရော အသားကိုပါ စားသုံးသည့် မျောက်များကမူ မိသားစုတစ်စုချင်းစီသာ စုစည်းနေထိုင်ကြသော်လည်း ကျန်မိသားစုများနှင့် ပေါင်းစည်းရောနှော နေထိုင်လေ့မရှိကြပေ။

အသားစား မျောက်များသည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးကို အလွန်ဂရုစိုက်ကြသည်။ ခန္ဓာကိုယ်အမွေးအမှင်များအကြားရှိ ကပ်ပါးပိုးကောင်များကို အချိန်နှင့်အမျှ ဖယ်ရှားသုတ်သင်ပစ်လေ့ ရှိကြသည်။ အသားစားမျောက်များသည် အသီးအရွက်စားမျောက်များကဲ့သို့ မိသားစုအများအပြား စုပေါင်းရောနှော နေထိုင်လေ့မရှိကြသော်လည်း၊ ခန္ဓာကိုယ်သန့်ရှင်းရေးလုပ်လိုသည့်အခါ အကောင်ကြီးများက အကောင်ငယ်များကို အင်အားပြခြိမ်းခြောက်ပြီး အတင်းအကျပ် ခိုင်းစေလေ့ရှိကြသည်။ မည်သို့ပင်ဖြစ်စေကာမူ တိရစ္ဆာန်လောက၌ အသိဉာဏ်အမြင့်မားဆုံးသော မျောက်သတ္တဝါတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လုပ်ဆောင်လျက်ရှိနေကြသည်ကို လေ့လာသိရှိနိုင်သည်။

ထို့အတူ ဆင်များသည်လည်း ရေအိုင်အတွင်းရှိရေများကို နှာမောင်းဖြင့်စုပ်ယူပြီး ခန္ဓာကိုယ်ပေါ်သို့ ပက်ဖျန်းပေးကြလေ့ရှိခြင်း၊ ဖုန်မှုန့်နှင့် သဲများကို နှာမောင်းဖြင့်စုပ်ယူကာ ခန္ဓာကိုယ်ပေါ်သို့ ဖြူးပေးလေ့ရှိခြင်းများကို တွေ့မြင်နိုင်ပြီး ယင်းအလေ့အထများသည်လည်း ဆင်တို့၏ တစ်ကိုယ်ရေသန့်ရှင်းမှု လုပ်ရပ်များပင် ဖြစ်ကြသည်။ ခန္ဓာကိုယ်ပေါ်သို့ ဖုန်မှုန့်နှင့် သဲများဖြူးပေးခြင်းသည် ကပ်ပါးပိုးကောင်များကို ဖယ်ရှားပေးနေခြင်းဖြစ်ပြီး ရေဖြင့်ပက်ဖျန်းခြင်းကမူ အပူအအေးထိန်းညှိခြင်းနှင့် သန့်ရှင်းစင်ကြယ်စေခြင်းများ ဖြစ်ကြသည်။ ဤသို့သော ဥပမာတို့ကို ထောက်ရှုခြင်းအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းမှုသည် ဉာဏ်ရည်နိမ့်သည့် တိရစ္ဆာန်လောကအတွက်ပင် မည်မျှအရေးကြီးကြောင်း သိရှိနိုင်သည်။

လူ့လောကအတွင်းရှိ လူမှုပတ်ဝန်းကျင်၌ နေထိုင်ဆက်ဆံလှုပ်ရှားသွားလာကြရာ၌လည်း အထိအတွေ့မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများ၊ လေထဲမှတစ်ဆင့် ကူးစက်နိုင်သောရောဂါများ၊ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများ၊ အစားသောက်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများ၊ ပန်းကန်ခွက်ယောက်တို့မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများ၊ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းတို့မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများ စသည်ဖြင့် ရောဂါကူးစက်နိုင်သောအကြောင်းရင်းများစွာ ရှိနေသည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းမှုကို အဘက်ဘက်က လုပ်ဆောင်ထားနိုင်မှသာလျှင် ရောဂါကူးစက်ခံရခြင်းမှ ကင်းဝေးနိုင်ကြမည် ဖြစ်သည်။

ယနေ့ခေတ် တွင်ကျယ်စွာသုံးစွဲနေကြသော လက်ကိုင်ဖုန်းကို အသုံးပြုနေကြသူတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးကို ပို၍ဂရုစိုက်ရန် လိုအပ်သည်။ သတ္တုကိုယ်ထည်ဖြင့် ပြုလုပ်ထားသော လက်ကိုင်ဖုန်းများကို ကိုင်တွယ်အသုံးပြုသည့်အခါများနှင့် ဓာတ်ခဲလဲလှယ်သည့် အခါမျိုးများ၌ လူ့ခန္ဓာကိုယ်မှထွက်သော ချွေးနှင့်ထိတွေ့မှုကြောင့် လက်ကိုင်ဖုန်းအသုံးပြုသူတို့၏ လက်ပေါ်တွင် အစာအိမ်နှင့် အသက်ရှူလမ်းကြောင်းကို ဥပါဒ်ဖြစ်စေနိုင်သော ဓာတ်ပစ္စည်းများ ကပ်ငြိကျရောက်နေတတ်သည်ဖြစ်ရာ လက်ကိုင်ဖုန်းသုံးစွဲသူတို့သည် အခြားပစ္စည်းများကို မကိုင်တွယ်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးကြောခြင်း၊ လက်ဖြင့် အစာမစားမီဆပ်ပြာကိုအသုံးပြုကာ နှစ်ထပ်ဆေးကြောသန့်စင်ခြင်းတို့ကို ပြုလုပ်ကြခြင်းဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို မလွဲမသွေ လုပ်ဆောင်သင့်ကြသည်။

တစ်ကိုယ်ရေသန့်ရှင်းရေးသည် ဘဝတစ်သက်တာ ရှင်သန်နေထိုင်သွားနိုင်ရေးအတွက် အထူးအရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်သည့်အားလျော်စွာ ကလေးသူငယ်အရွယ်မှစ၍ တစ်ကိုယ်ရေသန့်ရှင်းမှုကို အမြဲတမ်းပြုလုပ်သည့် အလေ့အထမျိုးကို မိဘတို့က စနစ်တကျ ဂရုစိုက် ပျိုးထောင်သွားကြရမည်သာ ဖြစ်ပေသည်။ ။

**တိရစ္ဆာန်တို့၏ ကျင်လည်လှုပ်ရှားသွားလာနေထိုင်ပုံကိုကြည့်၍ ယင်းတို့သည် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုတစိုက်လုပ်ဆောင်ကြလိမ့်မည်ဟု လူအများက တွေးထင်မိကြမည်မဟုတ်ပေ။ တိရစ္ဆာန်တို့၏ သဘောသဘာဝကို လေ့လာစောင့်ကြည့်၍ သုတေသနပြုနေကြသော သိပ္ပံပညာရှင်တို့ကသာလျှင် တိရစ္ဆာန်တို့သည် လူတို့ထက်ပင် တစ်ကိုယ်ရေသန့်ရှင်းရေးကို ပိုမိုအလေးထား၍ ဂရုတစိုက်ပြုလုပ်ကြကြောင်း သိရှိနိုင်ကြ. . .**

# ရေဖြုန်း၊ ငွေဖြုန်းကြဦးမှာလား . . .

ဆူးငှက်



သင်္ကြန်ပွဲတော်ကာလ ကျုံးနှုတ်ခမ်းအပေါ် တည်ဆောက်ထားသည့် ရေကစားမဏ္ဍပ်ကို တွေ့ရစဉ်။

လာမယ့်နှစ်က အယ်နီညို အဆိုးဆုံးဖြစ်မယ့်နှစ်တဲ့။ အမြင့်ဆုံးအပူဒဏ်ကို ခံကြရမတဲ့။ မိုးခေါင်မတဲ့။ ရေကန်တွေ မြေအောက်ရေတွေ ခန်းခြောက်မတဲ့။ အထူးသဖြင့် သောက်သုံးရေပြတ်လပ်မှုတွေ ကြုံတွေ့ရနိုင်တယ်လို့ ပညာရှင်တွေက ခန့်မှန်းကြတယ်။ မြန်မာပြည်အလယ်ပိုင်းက မိုးနည်းရေရှားရပ်ဝန်းဒေသတွေမှာ ဒီအန္တရာယ်ကို ပိုပြီးသတိထားကြရမှာပေါ့။ ဒီဘေးဒုက္ခအတွက် ပိုမိုပြီးကြိုတင်ပြင်ဆင်ကြရမှာပေါ့။

မန္တလေးလို အပူပိုင်းဒေသမှာတည်ရှိတဲ့ မြို့ကြီးအဖို့လည်း 'ရေ' ရဲ့ အခန်းကဏ္ဍက အလွန်အရေးပါခဲ့ပါတယ်။ နှစ်စဉ်တိုးတက်လာတဲ့ လူဦးရေအတွက် လူတန်းစေ့နေထိုင်ရေးမှာ မရှိမဖြစ်လိုအပ်တဲ့ သန့်ရှင်းသော သောက်ရေသုံးရေ လုံလောက်စွာ ဖူလုံရရှိရေးဟာ နေ့စဉ်နှင့်အမျှ စဉ်းစားကြံဆဆောင်ရွက်နေရမယ့်ကိစ္စလည်းဖြစ်ပါတယ်။ ဒါဟာ သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနရဲ့ အရေးကြီး အရေးပါတဲ့ လုပ်ငန်းတာဝန်ဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့် မြို့နေလူဦးရေ ရှစ်သိန်းကျော်အတွက် တစ်နေ့ရေလိုအပ်ချက် ဂါလန် ၂၅ သန်းအထက် ရရှိရေးကို ဦးတည်ပြီး အဲဒီအခြေခံကတစ်ဆင့် နှစ်စဉ်တိုးပွားလာမယ့် လူဦးရေ၊ ရေရှည်တိုးပွားလာနိုင်သောလူဦးရေစသည်တို့ကို ချိန်ဆပြီး မြို့ရေပေးရေး စီမံကိန်းတွေကို နှစ်စဉ် တိုးချဲ့အကောင်အထည်ဖော်ကြရတာပါပဲ။

မန္တလေးရဲ့ကနဦးအစ မြို့ရေပေးရေးဟာ ရပ်ကွက်တွေထဲအထိ ဖြန့်ဝေပေးနိုင်တဲ့ ကျုံးရေပေးရေးစနစ်ပါပဲ။ မြို့တည်နန်းတည် သတ္တဌာနမှာ အပါအဝင်ဖြစ်ခဲ့တဲ့ မြို့တွင်းကျုံးတော်ကြီးကနေ ပိုက်လိုင်းအဆင့်ဆင့်နဲ့ အိမ်တိုင်ရာရောက် ရေပေးဝေရေးက စခဲ့တာပါ။ နောက်ပိုင်း လူဦးရေတိုးတက်များပြားလာတော့ ကျုံးရေနဲ့တင် မလုံလောက်တော့လို့ စီမံကိန်းရေလို့ခေါ်တဲ့ အဝီစိတွင်းကြီးများကရေကို အထပ်ထပ်သန့်စင်ပြီး ရေမီတာစနစ်နဲ့ အဆင်ပြေအောင် ဖြန့်ဝေနိုင်ခဲ့ပါတယ်။ ရေမီတာဟာ စနစ်တကျသန့်စင်ခဲ့လို့ ကနဦးအစပိုင်းမှာဖြင့် သောက်ရေအဖြစ်ပင် စိတ်ချယုံကြည်စွာသုံးစွဲနိုင်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာလည်း နှစ်စဉ်နှင့်အမျှ စီမံကိန်းရေတွင်းများ အသစ်တူးဖော်ခြင်း၊ ရေစစ်ရေတွန်းစက်ရုံများ တည်ဆောက်ကာ ရေဖြန့်ဝေခြင်းများ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒီလိုတိုးတက်များပြားလာတဲ့လူဦးရေနဲ့ လိုက်ဖက်ညီစွာ သန့်ရှင်းသော သောက်ရေသုံးရေများ ဖြန့်ဝေခြင်းနဲ့အတူ မူလကျုံးရေပေးဝေခြင်း အစီအစဉ်ထဲက ကျုံးရေကန် ၂၉၂ ကန်ကနေ တစ်နေ့ကို ကျုံးရေဂါလန် နှစ်သန်းလည်း ဖြန့်ဝေပေးနေဆဲဖြစ်တယ်လို့ သိရပါတယ်။

တစ်ဖက်က မြို့နေလူထုအတွက် သန့်ရှင်းသော သောက်ရေသုံးရေ ဖူလုံစေရေးကို နည်းလမ်းပေါင်းစုံကြံစည်ပြီး နှစ်စဉ်ဆောင်ရွက်နေသလို. . .၊ နှစ်စဉ်ဆင်နွှဲနေကျ သင်္ကြန်ပွဲတော်ကာလရောက်ရင် ကျုံးနှုတ်ခမ်းပေါ် ရေကစားမဏ္ဍပ်ကြီးတွေ လေးဖက်လေးတန်ဆောက်စေပြီး အတိုင်းအဆမရှိ ရေပက်ကစားကြတဲ့ အစီအမံတွေကိုလည်း ခွင့်ပြုနေလေပြန်တော့ 'အိတ်ပေါက်နဲ့ ဖားကောက်' ဆိုတဲ့ စကားပုံလို ဖြစ်နေပြန်ပါတယ်။ မြို့တော်ရေပေးဝေရေးဟာ ဘယ်လိုပဲအဆင်ပြေအောင် ဆောင်ရွက်နေပါတယ်ဆိုစေကာမူ နှစ်စဉ်တိုးတက်လာတဲ့ လူဦးရေ၊ အဆောက်အအုံနဲ့ လျော်ညီစွာ ရှေ့ကကြိုပြီး စနစ်တကျစီစဉ်ဆောင်ရွက်နိုင်မှုတော့ အားနည်းနေသေးတာ သေချာပါတယ်။ ဒီကြားထဲ လျှပ်စစ်မီးလာမှ ရေရရှိမှာမို့ ဒီအခက်အခဲကိုလည်း နေ့စဉ်နှင့်အမျှ ကျော်ဖြတ်နေရတာပဲ မဟုတ်ပါလား။ ကိုင်း. . .ထားပါတော့။ နှစ်စဉ်နှစ်တိုင်း ကျုံးတော်ကြီးကို ကျောပေး၊ ခြေကန်ကာ အကန့်အသတ်အတိုင်းအဆမဲ့ ရေတွေဖြုန်းတီးမှုဟာ သင်္ကြန်တွင်း ပျမ်းမျှကျုံး ရေဂါလန် သန်း ၄၀ ကျော် အနည်းဆုံးကုန်ပါသတဲ့။ ဒီအရေအတွက်ဟာ မန္တလေးမြို့လူထု ၁၀ သိန်းဝန်းကျင်အတွက် တစ်နေ့တာ ရေလိုအပ်မှုပမာဏပါပဲ။

မနက်လင်းတာနဲ့ ရေအတွက် ဒုက္ခများ သောကရောက်ကြတဲ့ အိမ်ထောင်စု ၇၀၀၀၊ လူဦးရေ ၅၀၀၀၀ ဝန်းကျင်အတွက် တစ်လစာနီးပါး လုံလောက်စွာသုံးစွဲနိုင်တဲ့ ရေပမာဏပါပဲ။

မန္တလေးကျုံးမြို့ရိုးရဲ့ အရှေ့ဘက် ရှစ်ပြ၊ ကိုးပြသာသာဝေးတဲ့ ရပ်ကွက်တွေမှာပင် အခုလိုနွေဦးပေါက်လာပြီဆိုရင် မနက်လင်းတာနဲ့ စက်ဘီးကိုယ်စီ၊ ဆိုင်ကယ်ကိုယ်စီနဲ့ ရေနီမြောင်းဆီ အပြေးအလွှားရောက်လာကြတယ်။ လျှော်ဖွပ်စရာ အဝတ်ထုပ်တွေရော. .။ ကလေးတွေရောပေ့ါ။ တချို့က အပြန်မှာသယ်ဖို့ ရေပုံးတွေလည်းပါတယ်။ တော်တော်နေပူတဲ့နေ့တွေဆိုရင် မိသားစုလိုက်ကားနဲ့လာကြတာတွေတောင်ရှိရဲ့. .။ အပန်းဖြေအနားယူဖို့ မဟုတ်ပါဘူး။ မန္တလေး ဆင်ခြေဖုံးရပ်ကွက်တွေ အတော်များများမှာ သောက်ရေ သုံးရေမလောက်လို့ ရေနီမြောင်းဆီ တကူးတကလာရောက်ပြီး ရေချိုးကြ၊ အဝတ်ဖွပ်ကြ၊ ရေသယ်ကြတဲ့ မရိုးနိုင်သော မြင်ကွင်းတွေပါပဲ။

ရေနီမြောင်းဆိုတာကလည်း ပါတော်မူပြီးနောက် ၁၉၀၂ ခု၊ ၁၉၀၃ ခုနှစ် ဝန်းကျင်ရောက်တော့ ဆည်တော်ကြီးကနေ မန္တလေးတူးမြောင်းကြီးဖောက်. .၊ အဲဒီတူးမြောင်းကြီးကတစ်ဆင့် မန္တလေးအရှေ့ခြမ်းက လယ်ကွင်းတွေဆီ ရေပေးဝေတဲ့မြောင်းပါပဲ။ အရှေ့ရိုးမအစပ်မှာရှိတဲ့ ဆည်တော်ကြီးရေက မိုးတွင်းဆိုရင် နီကျင်ကျင်မို့ ရေနီမြောင်းလို့ အလွယ်တကူခေါ်ဝေါ်သုံးစွဲခဲ့ကြရာက တွင်သွားတဲ့ နာမည်ပါပဲ။ ရေနီမြောင်းဟာ ၁၉၈၀ ကျော်ဝန်းကျင်အထိ ရေကောင်းရေရှင် တသွင်သွင်နဲ့ လယ်တွေကို ရေပေးတဲ့မြောင်းအသွင်က မပျောက်ခဲ့ပါဘူး။ ဒီနောက်ပိုင်း မြို့ကွက်သစ်တွေ၊ အိမ်ခြံမြေဝင်းအသစ်တွေ ဖော်ထုတ်လိုက်တဲ့နောက် လယ်ကွင်းတွေ ပျောက်ကုန်ပြီး ရေနီမြောင်းက ရပ်ကွက်ထဲဖြတ်သန်းစီးဆင်းတဲ့ မြောင်းဖြစ်သွားပါတယ်။ မန္တလေးကျုံးကြီးထဲကို အဲဒီရေနီမြောင်းကပဲ ရေသွင်းနေတာမို့ နန်းရှေ့ ၂၂ လမ်း ပွင့်တစ်လုံး ရေတံခါးအထိလောက်တော့ ရေပြည့်ရေစီးနေဆဲပါပဲ။ ၂၂ လမ်းက တောင်ဘက် တစ်လျှောက်လုံးကတော့ ရေလည်းမစီး ရေလည်းမရှိတော့ဘဲ အမှိုက်ပစ်ရာ ရေဆိုးမြောင်းကြီးအသွင် ပြောင်းသွားတာကို လျစ်လျူရှုထားတာလည်း အလွန်ဝမ်းနည်းစရာပါပဲ။ တစ်ချိန်က မန္တလေးတက္ကသိုလ်ရဲ့ အမှတ်အသား၊ အထင်ကရပမာဖြစ်ပြီး "နေခြည်အစောင်း၊ ရွှေရည်လောင်းတော့၊ မေမဒီအပေါင်းက လမ်းလျှောက်လာ၊ ရေနီမြောင်းက လွမ်းလောက်စရာ. . . ." လို့ ဂုဏ်ယူခဲ့တဲ့ ဆရာတင်မိုးရဲ့ ကဗျာလည်း ဒီကနေ့ လူငယ်တွေအမြင်မှာ နားမလည်နိုင်စရာ ဖြစ်ကြရပြီပေါ့။ ကဲ. . ထားပါတော့။ အဲဒီ အမှိုက်ဗရပျစ်နဲ့ ရေနီမြောင်းထဲက လက်ကျန်မြောင်းရေကိုပဲ နွေခါရောက်ရင် အလုအယက် သွားရောက်သုံးစွဲနေကြရတာပါ။

အဲဒီရေနီမြောင်းရဲ့ အရှေ့ဘက် နှစ်ပြ၊ သုံးပြအကွာက ကွက်သစ်လေးမှာရော ကြည့်ပါဦး။ အရင် . . . လယ်ကွင်းကန်သင်းရိုးစပ်က ကျန်ရစ်ခဲ့တဲ့ တစ်ကိုက်သာသာအကျယ်ရှိတဲ့ ရေမြောင်းလေးထဲ မိုးတွင်း လက်ကျန်ရေတွေကို စုဆောင်းထားပြီး မနက်မိုးလင်းတာနဲ့ ဒီရေမြောင်းလေးထဲမှာပဲ အမဲဝမ်းတွင်း (အမဲပုဆိုးကြမ်း) ဟင်းချက်ရောင်းတဲ့ ဈေးသည်က အမဲဝမ်းတွင်းမှ ထွက်ခါစ ပူပူနွေးနွေးကလီစာတွေကို တောင်းထဲထည့်ပြီး မြောင်းရေနဲ့ အကျိအချွဲ အညစ်အကြေးတွေ ဆေးချနေတယ်။ အဲဒီနေရာကအောက်ဘက်မှာ မြောင်းရေနဲ့သွားတိုက်၊ မျက်နှာသစ်၊ ချွဲဟပ်နေတယ်။ အောက်မှာက ဒီမြောင်းရေနဲ့ မနက်စာအတွက် ထမင်းအိုးတည်ဖို့ ဆန်ဆေးနေတယ်။ အဲဒီနောက်မှာက အဝတ်လျှော်ဇလုံကြီးနဲ့ ခြင်ထောင်တွေ၊ တဘက်တွေလျှော်ဖို့ ဒီရေနဲ့ပဲ ရေစိမ်နေတယ်။ အဝတ်တွေစိမ်ရင်း အိမ်ရှင်မက ဒီရေနဲ့ပဲ ခေါင်းလျှော်နေတယ်။

တချို့အိမ်က ဒီရေတွေကို စဥ့်အိုးထဲထည့် အနည်ထိုင်စေပြီးမှ သောက်ရေအိုးထဲ ပြောင်းထည့်ကြတယ်။ မန္တလေးလိုမြို့ကြီးမှာ ဒီလိုမြင်ကွင်းမျိုးရှိပါရဲ့လားလို့ သံသယမဖြစ်ပါနဲ့။ ကျွန်တော်ကိုယ်တိုင် အဲဒီလိုအခြေအနေမျိုးမှာ သုံးနှစ်၊ လေးနှစ်နေခဲ့ပြီးမှ ကြုံတွေ့ခဲ့ရတဲ့ ကိုယ်တွေ့တွေပါ။ ဒီကနေ့ထိရှိနေဆဲပါပဲ။ မန္တလေးမှာ ဘယ်လိုပဲ ရေစီမံကိန်းတွေရှိပါစေ၊ ကိုယ်ပိုင်အဝီစိတွင်းနဲ့ ရေပြဿနာဖြေရှင်းနေရသူချည်းပါပဲ။

ဒီလို နေကြထိုင်ကြရတဲ့ အခြေအနေမျိုးမှာ. . လာမယ့်သင်္ကြန်ရောက်ရင်လည်း "၄၈" ရပ်သော ပြာသာဒ်ဆောင်တွေနဲ့ ရှေးဟောင်းအမွေအနှစ် နန်းမြို့တော်ကြီး၊ ကျုံးမြို့ရိုးကြီးတွေကို လူမထင်စွာ ကျောပေး၊ ကုန်ပစ္စည်းလောက်မှ အလေးမထား. . .။ ကြော်ငြာစာလား၊ ကုန်ပစ္စည်းခာတ်ပုံ၊ ဗီနိုင်းရောင်စုံကြီးတွေကာရံပြီး ဧရာမစင်ကြီးတွေထိုးကာ. . . လက်ဝါးသာသာ ဘောင်းဘီတိုနဲ့ ဘော်လီမပါတဲ့ တီရှပ်ဝတ်ပြီး မူးယစ်ဆေးတန်ခိုးနဲ့ အသိလွတ်၊ သတိလွတ်နေကြသူလေးတွေ လက်ထဲကရေပိုက်က ရေဒလဟောထွက်စေဖို့၊ ကျုံးထဲက ရေကောင်းရေသန့်တွေ ဖောဖောသီသီဖြုန်းကြပါတော့မယ်။ ဒီအတွက် မြို့လူထုစိတ်ချမ်းသာရေး အဓိကဆိုတဲ့ မြို့တော်စည်ပင်သာယာရေးအဖွဲ့ကြီးက ကျုံးရေဂါလန်သန်း ၄၀ မှ သန်း ၆၀ ကျော်ဖြုန်းတီးဖို့ စီစဉ်ထားတာ နှစ်စဉ်ပါပဲ။ (လာမယ့်နှစ်သင်္ကြန်က တစ်ရက်တိုးပြီး ငါးရက်ဖြစ်တာမို့ သုံးစွဲမယ့်ရေဂါလန်က အရင်နှစ်ထက် သေချာပေါက်တိုးဦးမယ်)

အဲဒီ ဂါလန်သန်း ၄၀ သော ရေတွေက လမ်းတွေပေါ်ကတစ်ဆင့် အညစ်အကြေးတွေ ပေါင်းစုံသယ်ပြီး ဘေးနားရပ်ကွက်တွေထဲသာမက ကျုံးထဲကိုပဲ ပြန်ပြီးစီးဆင်းရဦးမှာပါ။ ကျုံးကို ကျောပေးဆောက်ထားတဲ့ မဏ္ဍပ်တွေပေါ်က သောင်းချီအရေအတွက်ရှိတဲ့ သင်္ကြန်ပျော်လူသားတွေရဲ့ "အလေး၊ အပေ့ါ"ဆိုတဲ့ အညစ်အကြေးတွေကရော. . .၊ မိသားဖသားပီပီ ဘယ်သူကများ စနစ်တကျ စွန့်ပစ်ကြပါမလဲ။ မူးယစ်ပျော်ပါးအသိလွတ်နေသူတိုင်းက ဒလဟောပက်ဖျန်းနေတဲ့ ရေတွေနဲ့အတူ စွန့်ပစ်ကြမှာပဲ။ ကျုံးရေထဲ တစ်ဝက်နင်းနေတဲ့ မဏ္ဍပ်ပေါ်ကနေ လွယ်လွယ်ကူကူ ကျုံးထဲပဲ



သင်္ကြန်အပြီး ညစ်ညမ်းသွားသော ကျုံးကိုတွေ့ရစဉ်။

ပြန်စွန့်ပစ်ကြမှာပါပဲ။ သင်္ကြန်ဆိုတာ အကြောင်းပြပြီး အခုလို ရေဂါလန် သန်း၄၀ ကျော်ဖြုန်းတီး. . .။ အမျိုးသားအမွေအနှစ် ကျုံးမြို့ရိုးပြာသာဒ်တွေ ဥပက္ခာပြု. . .၊ အများပြည်သူသုံး ကျုံးရေထဲ အညစ်အကြေးပေါင်းစုံ စီးဝင်စေတဲ့. . .၊ မန္တလေးသင်္ကြန်ရဲ့ အစီအမံတွေကို မပြုပြင်ကြတော့ဘူးလား။

အခု. . . မန္တလေးသင်္ကြန်ဆိုတာ. . .၊

တစ်မျိုးသားလုံး. . .၊ နိုင်ငံတကာက မြန်မာချစ်သူများအားလုံး တညီတညွတ်တည်း တန်ဖိုးထားဂုဏ်ယူကြည့်ရှုခံစား၊ အံ့သြခဲ့ကြတဲ့ ရှားရှားပါးပါး ရှေးဟောင်းအမွေအနှစ် ကျုံး၊ မြို့ရိုး၊ ပြအိုး၊ ပြာသာဒ်အဆောင်ဆောင်တွေကို ခေတ်ပေါ်ပစ္စည်းကြော်ငြာ ဗီနိုင်းပလတ်စတစ်စကြီးများနဲ့ကာရံပစ်လိုက်တဲ့ သင်္ကြန်ဖြစ်သွားပါပြီ။ တစ်မျိုးသားလုံး. . .၊ နိုင်ငံတကာက မြန်မာ

စာမျက်နှာ ၁၇ သို့

# မြန်မြန်သိ မြန်မြန်သွား မြန်မြန်ငြိမ်းသတ်နိုင်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ Command Control Center

သတင်းဆောင်းပါး
တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ - ကိုကြီးတင်

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေရာဒေသတစ်ခုခု၌ မီးလောင်မှုဖြစ်ပွားသည်နှင့် မြို့နယ်များရှိ မီးသတ်စခန်းအသီးသီးမှ မီးသတ်ယာဉ်များ အချိန်နှင့်တပြေးညီ အပြိုင်အဆိုင် ထွက်ခွာသွားကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ မြန်မြန်သိ မြန်မြန်သွား၍ မြန်မြန်ငြိမ်းသတ်ဆိုသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏မူအရ ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ဤသို့ မြန်မြန်သိ မြန်မြန်သွား၍ မြန်မြန်ငြိမ်းသတ်နိုင်ခြင်းမှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်တွင် ခေတ်မီ Command Control Center တစ်ခု တည်ဆောက်ထားပြီး လမ်းညွှန်ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်သည်ဟု သိရပါသည်။

သို့ဖြစ်ရာ အဆိုပါ Command Control Center နှင့်ပတ်သက်၍ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ထင်းပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၌ ဝင်ရောက်လေ့လာမေးမြန်းခဲ့ရာ သိလိုသမျှကို မီးသတ်တပ်ဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေဘက ရှင်းပြခဲ့ပါသည်။

ယင်း Command Control Center ခန်းမအတွင်း၌ အလျား ၃၀ပေ၊ အနံ ၈ ပေ ရှိသော ဖန်သားပြင်ပေါ်တွင် ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးမှ အဆောက်အအုံများ လမ်းများပေါ်မှ လှုပ်ရှားသွားလာမှုများကို အထင်သား တွေ့မြင်နေရသည်။

ဦးရွှေဘက Command Control Center တည်ဆောက်နိုင်ဖို့အတွက် ၂၀၁၁ ခုနှစ် ဇွန်လကတည်းကပင် စတင်ခဲ့ကြတာပါ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းက သန်လျင်မြို့နယ် အပါအဝင် ၃၂ မြို့နယ်ရဲ့ မြေပုံ Digitalနဲ့ ရေးဆွဲခဲ့ကြ ပြီး Aregis Software နဲ့ အသုံးပြုခဲ့ကြတာပါ။ ၂၀၁၃ ခုနှစ် မေ ၅ ရက်မှာ စတင်အသုံးပြုနိုင်ခဲ့ပါတယ်”ဟု စကားနိဒါန်းစခဲ့သည်။

ရေးဆွဲမှုတွင် ရန်ကုန်မြို့၏ အဓိကအရေးကြီး အဆောက်အအုံများ၊ အစိုးရဌာနများ၊ ကျောင်း၊ ဘဏ်များ(အစိုးရ/ပုဂ္ဂလိက)ဈေးကြီးများ စူပါမတ်ကက်များ၊ အလုပ်ရုံ၊ စက်ရုံများပါဝင်ပြီး တစ်မိုင်ပတ်လည်အတွင်း ရေရရှိနိုင်မည့်နေရာများကိုပါ ထည့်သွင်းရေးဆွဲထားသည်ဟု သိရသည်။

ယင်းနေရာများမှာ မြို့လယ်ရှိ ဆူးလေ ရှန်ဂရီလာဟိုတယ်၊ ဆာကူရာတာဝါ၊ ဘောက်ထော်မှတ်တမ်းရုံးဝင်းရှိ မြဝတီတာဝါတိုင်၊ ကမ္ဘာအေးဘုရားလမ်းရှိ ရှစ်မိုင် အိတ်ချိန်းတာဝါတိုင်၊ ဘုရင့်နောင်တံတားအနီးရှိ အိတ်ချိန်းတာဝါတိုင်များဖြစ်ပြီး ထိုငါးနေရာတွင် CCTV ကင်မရာရှစ်လုံး တပ်ဆင်ထားသည်ဟု သိရသည်။ တပ်ဖွဲ့ဝင် ၂၀ က ၂၄နာရီ စောင့်ကြည့်သည့် E-watching စနစ်ဖြင့် အသုံးပြုထားကြောင်း သိရသည်။ ယခုချိတ်ဆွဲထားသော နေရာများထက် ပိုမိုကောင်းမွန်သော



နေရာများတွေ့ရှိပါက ထပ်မံ ချိတ်ဆွဲထားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ ယင်းစနစ်အရ ရန်ကုန်မြို့ရှိ မြို့နယ် ၂၀ ကျော်မှ မီးသတင်းနှင့် သဘာဝဘေးအန္တရာယ်၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များကို တွေ့မြင်သိရှိရမည်ဟု သိရသည်။

ဆက်လက်၍ ၎င်းက “အဲဒါကို ကြည့်တဲ့အခါ မီးနဲ့ပတ်သက်ရင် နေ့ဘက်ဆို မီးခိုးထွက်ရှိမှုကို အဓိကကြည့်ရပါတယ်။ ညဘက်ဆိုရင်တော့ ထွက်ပေါ်လာတဲ့ မီးတောက်မီးရောင်ကိုပေါ့။ ဒါပေမယ့် ညအခါ အမြင်ဝိုးတဝါးမကြည်လင်မှုတွေတော့ ရှိတာပေါ့”ဟု ဆိုသည်။

ထိုသို့ ကြည့်မြင်ရာမှ မီးလောင်မှုတွေ့ရှိချက် အနည်းအများပေါ်မူတည်၍ မီးငြိမ်းသတ်ရေးယာဉ်များကို စေလွှတ်ခြင်းဖြစ်သည်။ E-watching စနစ်သည် မီးလောင်မှုဖြစ်ပေါ်မှုကို စောင့်ကြည့်သည့် အဓိကအသုံးပြုသော စနစ်ဖြစ်သည်ဟု သိရသည်။

ထို့အပြင် မီးလောင်မှုဖြစ်ပွားစဉ်အတွင်း မီးသတ်စခန်းများနှင့် Control Center တို့အကြား (F.S.O.M.S (Fire Service Operation Managenment System) ကိုပါ ပူးတွဲအသုံးပြုရသည်ဟု သိရသည်။

F.S.O.M.S System ၏ အဓိကအချက်မှာ မီးလောင်မှုဖြစ်ပွားရာသို့ သွားရောက်နေသည့် မီးငြိမ်းသတ်ရေးယာဉ်များ အမြန်ဆုံးရောက်ရှိနိုင်မှု၊ ရေရရှိနိုင်မှုတို့ကို မြေပုံဖြင့် ဖော်ညွှန်းပေးနေခြင်းဖြစ်သည်ဟု သိရသည်။ Control Center မှ ညွှန်ကြားပေးနိုင်ရုံမျှမက မီးငြိမ်းသတ်ရေးယာဉ်များမှာလည်း ပြန်လည်သတင်းပို့နိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် မီးသတ်ကားများတွင် GPS များ တပ်ဆင်ပေးထားသည်ဟု သိရသည်။ မီးလောင်ပြင်သို့သွားရာတွင် ခြေရာခံပေးနိုင်မည့် Vehicle Tracking System ကိုပါ ထည့်သွင်းအသုံးပြုထားသည်ဟု ဆိုသည်။

ထို့ပြင် “အဲဒီ စနစ်အရ မီးငြိမ်းသတ်ရေးယာဉ်တွေရဲ့ သွားလာမှုမြင်ကွင်းကို ကျွန်တော့်တို့ဆီက မြင်တွေ့နေရတာဖြစ်ပါတယ်။ မြို့နယ်မီးသတ်စခန်း ၃၁ ခုက မီးငြိမ်းသတ်ရေး ယာဉ်အစီး ၁၄၀ သာ ဦးစွာ တပ်ဆင်ပေးနိုင်ပါသေးတယ်”ဟု ပြောသည်။

ယနေ့ နောက်ဆုံးအဆင့် အသုံးပြုနေသည့် စနစ်မှာ မီးငြိမ်းသတ်ရေးယာဉ်များပေါ်တွင် 3G ကွန်ရက်ဖြင့် ချိန်ဆက်အသုံးပြုနေခြင်းပင်ဖြစ်သည်။ မီးလောင်မှုအခြေအနေကို အွန်လိုင်းမှ တိုက်ရိုက်ပေးပို့နိုင်သည့် IP ကင်မရာ တပ်ဆင်ထားသည့်အတွက် Control Center မှ ထိန်းကြောင်းလမ်းညွှန်မှု ပြုနိုင်ခြင်းပင် ဖြစ်ကြောင်း သိရသည်။

“ IP ကင်မရာများ တပ်ဆင်ပေးထားခြင်းအားဖြင့် မီးဘေးအန္တရာယ်အပြင် အခြားသဘာဝဘေးအန္တရယ်များ၊ လူကြောင့် ဖြစ်သော ဘေးအန္တရာယ်များအတွက်ပါ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ပါတယ်”ဟု ၎င်းက ရှင်းပြသည်။

ထို IP ကင်မရာများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အလုံး ၂၀၊ မကွေးတိုင်းဒေသကြီးအတွင်း၌ ၁၀ လုံး၊ နေပြည်တော်၌ ၁၀ လုံးသာ တပ်ဆင်ထားလျက်ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ ဖြည့်ဆည်းတပ်ဆင်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဦးရွှေဘက “တကယ်တော့ မီးသတ်လုပ်ငန်းဟာ အလွန်ပဲသိမ်မွေ့ပါတယ်။ နည်းပညာများ မြင့်မားလာမှု၊ လူနေမှုအဆင့်အတန်း မြင့်မားလာမှု၊ ထုတ်ကုန်များ ဆန်းပြားလာမှု စတာတွေက ကျွန်တော်တို့ရဲ့ မီးသတ်တပ်ဖွဲ့ကို စိန်ခေါ်မှုတစ်ရပ်ဖြစ်စေပါတယ်။ အဲဒီလို စိန်ခေါ်မှုတွေ ကို ယှဉ်ပြိုင်အနိုင်ရယူဖို့အတွက် အခုလို နည်းပညာတွေနဲ့ ဖြည့်ဆည်းနေရတာဖြစ်ပါတယ်။ ဒါက နည်းပညာပိုင်းပါ။ တကယ်လက်တွေ့ ငြိမ်းသတ်ရတဲ့အခါ လိုအပ်တဲ့ယာဉ်၊ စက်တွေ ဖြည့်ဆည်းမှု၊ တပ်ဖွဲ့ဝင်တွေလို နိုင်ငံခြားကသင်ယူလာတဲ့ ခေတ်မီနည်းစနစ်တွေနဲ့ ပြန်လည်ဆင့်ပွားသင်ကြားမှုတွေကိုလည်း ပြုလုပ်နေပါတယ်။ ဒါမှ လမ်းညွှန်မှုနှင့်အတူ ငြိမ်းသတ်ရေးမှာ ဟန်ချက်ညီညီ မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ဆိုတဲ့မူအရ အောင်နိုင်မှုတွေကို ရယူနိုင်မှာ ပါ”ဟု ဆိုသည်။

နည်းပညာများ တိုးတက်လာသော ယနေ့အချိန်တွင် ခေတ်မီနည်းပညာများကို မီးသတ်လုပ်ငန်းတွင် အသုံးပြုထားသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ Command Control Center ကြောင့် မြန်မြန်သိ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ဆိုသည့် မီးသတ်တပ်ဖွဲ့၏မူအတိုင်း ဆောင်ရွက်ကာ မီးဘေးကြောင့် ပျက်စီးမှုများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ။

## ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆွေးနွေး

**မကွေး မတ် ၂၃**

မကွေးမြို့တွင် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ်ရှိ ကော်မတီသုံးရပ်မှ ကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် သတင်းမီဒီယာသမားများ တွေ့ဆုံဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ မတ် ၂၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



တွေ့ဆုံပွဲတွင် မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်က ရဲတပ်ဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများက ကူညီရန်လိုအပ်ပုံ၊ မကွေးမြို့ပေါ်တွင် တက္ကသိုလ်ကျောင်းများရှိနေသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်များ မကြုံတွေ့စေရန်အတွက် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများကို သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ ပေးပို့ရန်၊ မြို့ပေါ်တွင် ယာဉ်တိုက်မှုများ တစ်နေ့တခြားများပြားလာသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန်နှင့် ပညာပေးမှုများ ပိုမိုလုပ်ဆောင်ရန်၊ တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှု ပိုများနေသော ကျေးလက်တောရွာများသို့ကွင်းဆင်းပြီး မှုခင်းကျဆင်းရေး ပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ရဲတပ်ဖွဲ့၏ အားနည်းချက် အားသာချက်များကို အပြုသဘောဆောင်သော ဝေဖန်အကြံပြုချက်များ ပေးစေလိုကြောင်း၊ မီဒီယာများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုလည်း ရဲတပ်ဖွဲ့ကကြိုဆိုလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သည့် မြို့မိမြို့ဖများနှင့် မီဒီယာကိုယ်စားလှယ်တစ်ဦးက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

**ကျော်ဇေယျ**

## ကျေးရွာလေးရွာ၌ မီးလင်းရေးလုပ်ငန်းများပြီးစီး၍ ဖွင့်ပွဲကျင်းပ

**ချောက် မတ် ၂၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ စွယ်ပေါက်ကုံ(ရှေ့)၊ စွယ်ပေါက်ကုံ(နောက်)၊ ရေလာနှင့် ထန်းစုရွာမ/ရွာသစ် ကျေးရွာတို့တွင် ဆောင်ရွက်ခဲ့သော မီးလင်းရေးလုပ်ငန်းများပြီးစီးသဖြင့် မတ် ၂၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်/လမ်းရွာရေနံမြေ၏ လူမှုရေးတာဝန်ယူမှုအစီအစဉ်(CSR)နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး ပူးပေါင်းမှုဖြင့် ချောက်မြို့နယ်အတွင်းရှိ ကျေးရွာ ၃၁ ရွာ၌ ထရန်စမော်မာတပ်ဆင်ပြီး မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာတွင် ကျန်နေသေးသော အဆိုပါ ကျေးရွာလေးရွာ၌ ထရန်စဖော်မာတစ်လုံး တပ်ဆင်ကာ ဆက်လက်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲတွင် ချောက်/လမ်းရွာရေနံမြေ အထွေထွေမန်နေဂျာ ဦးကရင်နော်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါကျေးရွာ ၃၁ ရွာ၌ ထရန်စမော်မာများတပ်ဆင်ကာ မီးလင်းရေးလုပ်ငန်းများကို ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာ ၃၁ ရွာလုံး၌ လျှပ်စစ်မီးများ ရရှိအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

စာမျက်နှာ ၁၆ မှ

ချစ်သူများအားလုံး တညီတညွတ်တည်း တန်ဖိုးထားဂုဏ်ယူ ကြည့်ရှုခံစားအံ့ဩခဲ့ကြရုံမက အမျိုးသားလက္ခဏာလို့ အသိအမှတ်ပြုခဲ့ကြတဲ့ သင်္ကြန်ရဲ့ဂီတ. . .၊ သင်္ကြန်ရဲ့အလှ. . .၊ သင်္ကြန်ရဲ့အက၊ သင်္ကြန်ရဲ့ယဉ်ကျေးမှု၊ သင်္ကြန်ရဲ့အနုပညာ. . .၊ ထိုထိုအရာများစုစည်းရာဖြစ်တဲ့ သင်္ကြန်ရဲ့ညတွေ လုံးဝ(လုံးဝ)ပျောက်သွားပြီး အဖိုးတန်ကျုံး၊ မြို့ရိုး၊ ပြာသာဒ်တွေကို မိုက်မဲစွာ ကျောပေးဆောက်ထားတဲ့ ရေပက်မဏ္ဍပ်ရောမကြီးတွေရဲ့ မောင်နဲ့နှမသားအမိ ကြည့်ရှုခံစားလို့မှ မသင့်တော်တဲ့ ရေပက်နှိပ်စက်၊ အော်ဟစ်ဆူညံ၊ ကာမရာဂ နှိုးဆွ ဝတ်စားဆင်ယင်မှုနှင့် ကခုန်၊ ဆေးဝါး၊ အရက် ဖောချင်းသောချင်းနဲ့ မူးယစ်ရမ်းကား၊ အရွယ်မရောက်၊ အရွယ်ရောက် လူငယ်ဖိုမများရဲ့ ကာမရာဂပေါက်ကွဲမှုတွေ၊ လူမြင်ကွင်းမှာ လူ့တော်သလင်းဇာတ်တွေခင်းကျင်း. . .။ နှုတ်မှ ယဉ်ကျေးမှု၊ ယဉ်ကျေးမှုတွင်တွင်အော်၊ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးတွင်တွင်ကြွေးကြော်၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး. . . ဆိုတဲ့စာသားများကို ကြက်တူရွေး၊ သာလိကာတွေလို မျက်စိမှိတ် တွင်တွင်ရွတ်ဆိုကြလေ ကုန်သော ‘လူကြီးမင်း’တို့က ကော်ဇောခင်း၊ သံဆူးကြိုးကာ. . .၊ ဆိုဖာဆက်တီခုံမှာ အပူအအေး၊ အချိုအဆိမ့်၊ စားစရာမြည်းစရာ အစုံအလင်၊ ဆွေမျိုးမိတ်သင်္ဂဟအစုံအလင်နဲ့ လက်ခုပ်လက်ဝါးတီး. . . အားပေးချီးမြှင့်၊ ဂုဏ်ပြုချီးကျူး၊ ထောမနာပြု၊ ရွှေပေလွှာမှာ မှတ်တမ်းတင်၊ ရွှေတိုက်သွင်း အသိအမှတ်ပြုကြလေကုန်သော. . . ရှုံစရာ၊ မုန်းစရာ၊ အော့နှလုံးနာစရာ. . . သင်္ကြန်ကြီးသာ တည်တံ့ခိုင်မာသွားတာ ဆယ်စုနှစ် သုံးစုကြာပေါ့. . ။

မကြာခင် သင်္ကြန်ကျတော့မယ်။

တစ်မျိုးသားလုံး၊ တစ်ကမ္ဘာလုံးက တန်ဖိုးထားတဲ့ မန္တလေးမြို့တော်ကြီးက လာမယ့်သင်္ကြန်မှာ. . . ကျုံးဘေးမှာ ကျုံးကိုဖင်ပေး၊ ဗီနိုင်းတွေနဲ့ ကာရံကြမယ့် မဏ္ဍပ်ကြီးတွေ နှစ်တိုင်းလိုပဲ စတင်ဆောက်လုပ်နေကြပြီ. . .။ ရေပက်မဏ္ဍပ်ကြီးတွေမှာ အော်ကြဟစ်ကြ. . .၊ ကဲကြတွဲကြ. . .၊ ပြဲကြဖြဲကြ. . . ဖို့ ရှေ့ဆောင်ရှေ့ရွက်ပြုမယ့် မြို့တော်ဝန်မဏ္ဍပ်ကြီးက အရင်နှစ်တွေလို ငွေကျပ်သိန်းပေါင်းများစွာ သုံးဖို့ဖြုန်းဖို့ စီစဉ်ကြပြီ. .။

ရေတွေနဲ့ပက်၊ နှိပ်စက်ကြဖို့. . . ကျုံးထဲက ရေဂါလန် သန်း ၄၀၊ သန်း ၅၀ ၊ သန်း ၆၀ မက အလဟဿ ဖြုန်းတီးကြဦးမှာလား. . .။

# ဒီဂျစ်တယ်အော်တိုအိတ်ချိန်း ဖွင့်လှစ်၍ ဆက်သွယ်မှု ပိုအဆင်ပြေလာမည်

**ဖာပွန် မတ် ၂၃**

ကရင်ပြည်နယ် ဖာပွန်မြို့၌ လိုင်း 200 KY-1000 ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းကို မတ် ၂၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဝန်ဆောင်မှုများပေးသွားမည်ဖြစ်၍ ပြည်သူများ၏ တယ်လီဖုန်းဆက်သွယ်မှုနှင့် အင်တာနက်အသုံးပြုမှုများ ပို၍ အဆင်ပြေလာတော့မည်ဖြစ်ကြောင်း သိရသည်။

ဖာပွန်မြို့သည် ယခင်က ဆက်သွယ်ရေးခက်ခဲသည့် မြို့တစ်မြို့ဖြစ်ပြီး ကြေးနန်းစက်ဖြင့်သာ ဆက်သွယ်ခဲ့ရကာ ၁၉၉၁ ခုနှစ်တွင် မြို့တွင်းလက်လှည့်အိတ်ချိန်းတစ်ခုကို လိုင်း ၅၀ ဖြင့် တည်ဆောက်ခဲ့သည်။ ထို့နောက် ၂၀၀၁ ခုနှစ်တွင် ဒေသခံပြည်သူများ အဝေးဆက်သွယ်မှုရရှိစေရန် V-SAT ဂြိုဟ်တုစနစ်ဖြင့် ဖုန်းလိုင်းခြောက်လိုင်းကို ဖာပွန်မြို့တွင် တပ်ဆင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် V-SAT စက်ချွတ်ယွင်းပါက အရံအဖြစ် IP Star ဖုန်းလိုင်းလေးလိုင်းကို ထပ်မံတပ်ဆင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် CDMA မိုဘိုင်းဖုန်းလိုင်း ၃၀၀ ကို တပ်ဆင်ခဲ့ကာ ဖာပွန်မြို့နှင့် ကျေးရွာများမှ ဒေသခံပြည်သူများ မိုဘိုင်းဖုန်းစနစ်များကို စတင်သုံးစွဲနိုင်ခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဖာပွန်မြို့ ဘုရားကုန်း၌ GSM BTS မိုဘိုင်းစခန်း အစမ်းဖွင့်လှစ်ခဲ့သည့်အတွက် GSM မိုဘိုင်းဖုန်းလိုင်းနှင့် 3G အင်တာနက်ကို ထပ်မံအသုံးပြုနိုင်ခဲ့သည်။ ယခုအခါ လိုင်း 200 KY-1000 ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းကို ထပ်မံဖွင့်လှစ်ပြီဖြစ်၍ အော်တိုတယ်လီဖုန်းစနစ်ဖြင့် ပြည်သူများ အချိန်ပြည့်ဖုန်းလိုင်းဆက်သွယ်မှု ရရှိနိုင်မည့်အပြင် Internet Data Service များကိုပါ သုံးစွဲနိုင်ပြီဖြစ်၍ ဖာပွန်မြို့မှ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံအတွင်းရှိ မြို့ကြီးများနှင့်တန်းတူ ဆက်သွယ်ရေးစနစ်ကို ရရှိပြီဖြစ်သည်။



ဖာပွန်မြို့ လိုင်း(200) KY-1000 ဒီဂျစ်တယ်အော်တိုအိတ်ချိန်း ဖွင့်ပွဲကို အဆိုပါအော်တိုအိတ်ချိန်းရုံးရှေ့၌ ကျင်းပခဲ့ရာ ဖွင့်ပွဲတွင် ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောခင်မောင်မြင့်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးမြင့်လွင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးချုပ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က အမှာစကားပြောကြားခဲ့ကြသည်။

ဖွင့်ပွဲအပြီးတွင် MPT ဆင်းကတ်များ၊ အင်္ကျီ၊ ထီးစသည့် အမှတ်တရလက်ဆောင်များကိုလည်း အခမဲ့ဝေငှပေးခဲ့၍ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်စွာ ရယူခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်း လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

**ငဖဲ မတ် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်း ကျေးရွာ ၁၂ ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ်သိန်းသုံးရာစီဖြင့် ဆောင်ရွက်ထားသော မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ မတ် ၁၉ ရက်က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ၁၂ ရွာမှ အိုးမြေတွင်းကျေးရွာနှင့် နယ်ဇောကျေးရွာများတွင် စီမံကိန်းရန်ပုံငွေဖြင့် ဒေသခံပြည်သူများ လုပ်ကိုင်နေသော တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ စီမံကိန်းဆိုင်ရာ ငွေစာရင်းများ ထိန်းသိမ်းထားရှိမှုများကိုလည်းကောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး လုပ်ကိုင်သည့်လုပ်ငန်းများ ရေရှည်တည်တံ့အောင်မြင်ရေး လိုအပ်သည်များကို အကြံပြုကာ ကျေးရွာနေပြည်သူများကလည်း လုပ်ငန်းများလုပ်ကိုင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ပတ်သက်၍ တင်ပြခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**ပုဏ္ဏားကျွန်း မတ် ၂၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် ကျောင်းများမှ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲကို ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးစာကြည့်တိုက်ခန်းမ၌ မတ် ၂၁ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပုဏ္ဏားကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးဝင်းရှိန်က အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်နှင့် မြို့နယ်ဦးစီးမှူးဦးလှဘော်သူက ဆွေးနွေးပွဲစာတမ်းနှင့် ဆွေးနွေးရမည့်ခေါင်းစဉ်များကို ဖတ်ကြားသည်။

ထို့နောက် စာကြည့်တိုက်လုပ်ငန်းကို စိတ်ပါဝင်စားသူ ၂၅ ဦးက အစုအဖွဲ့ငါးဖွဲ့ခွဲ၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခေါင်းစဉ် ၁၂ ခုကို ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲကို မတ် ၂၂ ရက်တွင်လည်း ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြီ)**

# သကြၤန်အမီ အတာအိုးများ ဈေးကွက်သို့ဝင်ရောက်လာ



**စဉ့်ကူး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့မှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချရန်အတွက် စဉ့်ကူးဆိပ်ကမ်းသို့ ဝက်လက်မြို့နယ် ရှိမ်းမကားရွာသစ်မှ ထွက်ရှိသော မြေသောက်ရေအိုးများနှင့် သင်္ကြန်အကြို အတာအိုးများ ဝင်ရောက်လာလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရေအိုးနှင့် အတာအိုးများကို ရှိမ်းမကားရွာသစ်မှဝယ်ယူ၍ စဉ့်ကူးဆိပ်ကမ်းသို့ရောက်ရှိလာသော တစ်ဆင့်ရောင်းချသူတစ်ဦးက "ကျွန်မတို့ ဒီအခေါက်ပါနဲ့ဆို နှစ်ခေါက်ရှိပါပြီ။ သင်္ကြန်မကျမီ ငါးခေါက်လောက်တော့ ပို့ဖြစ်မယ်ထင်ပါတယ်။ နှစ်တိုင်း သင်္ကြန်မတိုင်မီ တစ်လ၊ နှစ်လမှာ ရှိမ်းမကားရွာသစ်ထွက် အတာအိုးတွေ ရောင်းလို့ကောင်းပါတယ်။ အခု ကျွန်မတို့ အိုးတင်စက်လှေနဲ့ အတူ စက်လှေငါးစင်း စဉ့်ကူးဆိပ်ကမ်းကိုရောက်နေပြီး ဈေးကွက်ရှိတဲ့ ရွှေဘောတစ်ဝိုက် ကျေးရွာတွေကို သုံးဘီးနဲ့ ထော်လာဂျီတွေနဲ့ တင်ပို့ရောင်းချမှာပါ"ဟု ပြောသည်။

ရှိမ်းမကားရွာသစ်မှ မြေအိုးများသည် နှစ်စဉ် ယခုအချိန်တွင် ရောင်းကောင်းသဖြင့် တစ်ဆင့်ဝယ်ယူရောင်းချသူများအတွက် အဆင်ပြေကြောင်း၊ စက်လှေတစ်ခေါက်လျှင် သောက်ရေအိုးကြီး အလုံး ၅၀၊ အိုးအလတ် ၃၀၀ နှင့် အတာအိုး ၃၅၀ ခန့်ပါပြီး လှေတစ်ခေါက်လျှင် အရင်း ကျပ်သုံးသိန်းခန့်ရှိကာ အမြတ် ကျပ်တစ်သိန်းခန့်ကျန်ကြောင်း သိရသည်။

စဉ့်ကူးမြို့နယ် ဈေးကွက်တွင် ရှိမ်းမကားရွာသစ်ထွက် မြေအိုးများအပြင် ရန္တပိုကျေးရွာမှထွက်သော ရန္တပိုအိုးနှင့် ခက်သင်အိုးများ ဝင်ရောက်လျက်ရှိသော်လည်း အရည်အသွေးကောင်းပြီး သဘာဝအအေးဓာတ်ကို ကြာရှည်ထိန်းနိုင်သော ရှိမ်းမကားရွာသစ် မြေအိုးများကို လူကြိုက်များကြသဖြင့် ဈေးကွက်ခိုင်မာကာ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်**



**ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျန်းမာရေးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးအဖွဲ့မှ တာဝန်ရှိသူများက အုပ်ဖိုစုကျေးရွာအုပ်စု တိုက်ကြီးကျေးရွာ၌ အနာကြီးရောဂါ ရှိ မရှိ ရွာလုံးကျွတ်စစ်ဆေးခြင်း(Ideal Mass-survey)ကို မတ် ၂၂ ရက်က ပြုလုပ်စစ်ဆေးစဉ်။**(စစ်ဆေးရာတွင် အိမ်ခြေ ၇၁ အိမ်မှ လူဦးရေ ၂၇၉ ဦးအား စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။)

**(ဝ၆၂)**

## သတင်းတိုများ

### ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှု

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသော လမ်း၊ တံတားနှင့် စက်ရေတွင်းတူးဖော်ခြင်း စသည့်လုပ်ငန်းများကို အမှန်တကယ်လိုအပ်မှုရှိသော ကျေးရွာများတွင် ရရှိစေရန်အတွက် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်မင်းထွဋ်နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးလျက်ရှိရာ အောက်လှိုင်းကျေးရွာအုပ်စုမှ အောက်လှိုင်းရွာ၊ အရှေ့ကန်ဘောင်ကျေးရွာ၊ ကြို့ဝန်းကြီးကျေးရွာနှင့် ပုခက်တိုင်ရွာများသို့ မတ်လ ဒုတိယပတ်အတွင်းက ကွင်းဆင်းစစ်ဆေးကာ မှတ်တမ်းများ ရယူခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**အင်းတော် မတ် ၂၃**

မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အကြောင်း အသိပညာပေးဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ငွေ့ကြီးကျေးရွာအုပ်စု ကူးဆိပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ မတ် ၂၁ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါကျောင်း၌ ဖွင့်လှစ်ထားသည့် ယဉ်ကျေးလိမ္မာသင်တန်းမှ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ခြင်းဖြစ်သည်။ ဟောပြောပွဲတွင် မော်လူးနယ်မြေရဲစခန်းမှူး ရဲအုပ်မင်းနိုင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ ဆောင်ရန်ရှောင်ရန်များနှင့် လူကုန်ကူးမှုပပျောက်ရေးတို့ကို ရှင်းလင်းပြောကြားပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးမှ ဒုတပ်ကြပ်နေဝင်းထွန်းက မော်တော်ဆိုင်ကယ်စီးလျှင် ရှောင်ရန်အချက်များ အပါအဝင် ယာဉ်စည်းကမ်းဆိုင်ရာများကို ဟောပြောခဲ့သည်။ **နီတိုး**



# အီတလီနဲ့ စပိန်တို့ကစားမယ့် နိုင်ငံတကာခြေစမ်းပွဲတွေစပြီ

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ မတ် ၂၆ ရက်နဲ့ မတ် ၂၇ ရက်တွေမှာတော့ ဥရောပပြည်တွင်းလိဂ်ပွဲစဉ်တွေ ရပ်နားထားပေမယ့် ယူရိုပြိုင်ပွဲကို ပြင်ဆင်တဲ့အနေနဲ့ နိုင်ငံတကာခြေစမ်းပွဲတွေ ကစားဖို့ရှိနေပါတယ်။ နာမည်ကြီးအသင်းတွေရဲ့ ယှဉ်ပြိုင်ပွဲတွေ ပါဝင်နေတာမို့ ဥရောပထိပ်တန်းကလပ်တွေမှာ သွားရောက်ကစားနေတဲ့ ကမ္ဘာကျော်ဘောလုံးသမားတွေနဲ့ စုဖွဲ့ထားတဲ့ အဲဒီအသင်းတွေရဲ့ ခြေစွမ်းတွေကို ကြည့်ရှုအကဲခတ်ခွင့်ရမှာဖြစ်ပါတယ်။



### အီတလီနှင့် စပိန်

အီတလီအသင်းဟာ လူငယ်တွေနဲ့ ဝါရင့်ကစားသမားတွေပေါင်းစပ်ဖွဲ့စည်းထားတဲ့ အသင်းဖြစ်ပြီး ကွင်းလယ်ကစားအားကိုယူကာ တိုက်စစ်ဆင်ကစားမယ့် ဗျူဟာနဲ့ ခင်းကျင်းထားပါလိမ့်မယ်။ အသင်းလိုက်ကစားအား အသားမကျသေးတဲ့ အီတလီတို့ဟာ လောလောဆယ်မှာတော့ ဘယ်လ်ဂျီယံကို သုံးဂိုး-တစ်ဂိုးနဲ့ရှုံးထားပြီး ရိုမေးနီးယားကို နှစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ နော်ဝေကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ ခြေစွမ်းက အားရစရာတော့မရှိပါဘူး။ စပိန်တို့ကလည်း အသင်းကိုပြန်လည်တည်ဆောက်နေပြီး လူငယ်ကစားသမားတွေကို ပွဲထုတ်ဖို့ရှိနေပါတယ်။ စပိန်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် လူဇင်ဘတ်၊ ယူကရိန်း၊ အင်္ဂလန်တို့ကို နိုင်ပွဲဆက်တိုက်ရရှိထားပါတယ်။ အီတလီနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ၂၀၁၄ ခုနှစ် မတ် ၃ ရက်က ပွဲစဉ်မှာတော့ စပိန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာလည်း စပိန်ကို အနိုင်ကစားဖို့ မလွယ်ပါဘူး။ ရလဒ်မပြတ်ပေမယ့် စပိန်တို့ကပ်ပြီး နိုင်သွားဖို့ များနေပါတယ်။

### တူရကီနှင့် ဆွီဒင်

ဆွီဒင်ရဲ့ လက်ရှိခြေစွမ်းအရ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိခဲ့ပါဘူး။ တူရကီတို့ကလည်း နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် အိုက်စလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး ဂရိကိုတော့ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပါတယ်။ နှစ်သင်းစလုံး အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်လာကြမှာမို့ ဒီပွဲက အကြိတ်အနယ်ရှိလာမယ့် ပွဲပါပဲ။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ တူရကီက နှစ်ဂိုး- တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ လက်ရှိခြေစွမ်းအရ နှစ်သင်းစလုံး အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

### ဒိန်းမတ်နှင့် အိုက်စလန်

ကစားသမားကောင်းတွေ စုစည်းနိုင်ပေမယ့် ရလဒ်တွေ ဆိုးရွားနေတဲ့ ဒိန်းမတ်တို့ဟာ အိုက်စလန်ကို အကြိတ်အနယ်ကစားရဖို့ရှိနေပါတယ်။ ဒိန်းမတ်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကို ကြည့်ရင် ပြင်သစ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ဆွီဒင်ကိုလည်း နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးကာ ဆွီဒင်နဲ့ နောက်တစ်ပွဲကတော့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ အိုက်စလန်တို့ကတော့ လောလောဆယ် ခြေစွမ်းကိုကြည့်ရင် ဖင်လန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ယူအေအီးနဲ့ အမေရိကန်ကိုတော့ ရှုံးခဲ့ပါတယ်။ လက်ရှိခြေစွမ်းအရ အိမ်ရှင် ဒိန်းမတ်တို့ အသာစီးရသွားနိုင်ပါတယ်။

### ပိုလန်နှင့် ဆားဘီးယား

အိုင်ယာလန်၊ အိုက်စလန်နဲ့ ချက်အသင်းတွေကို ဆက်တိုက်နိုင်ပွဲရထားတဲ့ ပိုလန်အသင်းဟာ တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားပုံကောင်းနေပါတယ်။ ပိုလန်မှာ တိုက်စစ်မှူး လီဝမ်ဒေါ့စကီး ပါဝင်လာမှာဖြစ်ပြီး ဆားဘီးယားနောက်တန်းကို ကျော်ဖြတ်ဂိုးသွင်းနိုင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဆားဘီးယားရဲ့ လက်ရှိခြေစွမ်းက အသင်းလိုက်ဟန်ချက်ညီမှုတွေရှိနေတာမို့ အခုပွဲမှာတော့ ပိုလန်တို့ နိုင်ပွဲရသွားပါလိမ့်မယ်။

### ချက်နှင့် စကော့တလန်

ချက်အသင်းရဲ့ ကစားပုံက ကောင်းမွန်လာပါတယ်။ ချက်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ဟော်လန်နဲ့ ဆားဘီးယားတို့ကို အနိုင်ကစားပြီး ပိုလန်ကိုတော့ ရှုံးပွဲကြုံထားပါတယ်။ စကော့တလန်တို့ကတော့ ပိုလန်ကို နှစ်ဂိုးစီသရေပွဲကစားပြီး ဂျီဘရော်တာကို ခြောက်ဂိုးပြတ်နိုင်ပွဲရထားတာမို့ ဒီပွဲဟာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ ။

❐

မိုးမြင့်လင်းလက်



## တစ်ပတ် ပေါင်သုံးသိန်းနဲ့ စာချုပ်မယ်ဆိုတဲ့ ဂါးရက်ဘေးလ်

ရီးရဲမက်ဒရစ်အနေနဲ့ တိုက်စစ်မှူး ဂါးရက်ဘေးလ်ကို တစ်ပတ်ပေါင် သုံးသိန်းနဲ့ နှစ်နှစ်စာချုပ် ချုပ်ဆိုဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။ စပိန်ထိပ်သီး ရီးရဲမက်ဒရစ်က ဝေလတောင်ပံတိုက်စစ်မှူး ဂါးရက်ဘေးလ်ကို စာချုပ်သစ်ချုပ်ဆိုဖို့ ပြင်ဆင်နေပြီလို့ ဆိုပါတယ်။ ဂါးရက်ဘေးလ်ကို မန်ယူက တစ်ပတ်ပေါင် ၃၀၀၀၀၀ နဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ ရီးရဲမက်ဒရစ်ကလည်း စာချုပ်သစ် နှစ်နှစ်ထပ်မံတိုးချဲ့သွားဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တောင်ပံတိုက်စစ်မှူး ဂါးရက်ဘေးလ်ဟာ စပိန်လာလီဂါမှာ ယခင်က အင်္ဂလန်နဲ့ ဘာစီလိုနာတိုက်စစ်မှူးဟောင်း ဂါရီလိုင်ကာ တင်ထားတဲ့ စံချိန်ကိုကျော်ကာ ၄၃ ဂိုးမြောက်အဖြစ် တနင်္ဂနွေနေ့က လာလီဂါသမိုင်းမှာ ဗြိတိန်ကစားသမားတစ်ဦးအဖြစ် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့ပါတယ်။ ဂါးရက်ဘေးလ်ကို ချယ်လ်ဆီး၊ ပီအက်စ်ဂျီတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

## ချန်ပီယံလိဂ်ဝင်ခွင့်မရသည့်တိုင် မန်စီးတီးနည်းပြလုပ်မယ့် ဂွာဒီယိုလာ

မန်စီးတီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရ မရအပေါ် ဂွာဒီယိုလာရဲ့ စာချုပ်ဟာ ပြောင်းလဲမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာဟာ လာမယ့်ရာသီမှာ မန်စီးတီးနည်းပြဖြစ်ဖို့ စာချုပ်ထားတာပါ။ မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်နေရာရဖို့ ရုန်းကန်ကြိုးစားနေရပါပြီ။ ပြီးခဲ့တဲ့ အပတ်က မြို့ခံပြိုင်ဘက် မန်ယူကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်သွားပြီးနောက် ချန်ပီယံလိဂ်နေရာအတွက် စိုးရိမ်စရာဖြစ်လာပါတယ်။ မန်ယူက စတုတ္ထနေရာမှာ ရှိနေတဲ့ မန်စီးတီးကို အမီလိုက်လာပါတယ်။ ရမှတ်တစ်မှတ်သာလိုပါတော့တယ်။ ချန်ပီယံလိဂ်ဖလား နှစ်လုံးရယူထားတဲ့ နည်းပြဂွာဒီယိုလာအနေနဲ့ မန်စီးတီးအသင်း ချန်ပီယံလိဂ်နေရာအတွက် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရသော်လည်း မန်စီးတီးနည်းပြအလုပ်ကို လုပ်သွားဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။ မန်စီးတီးအသင်းဟာ ဇယားထိပ်ဆုံးနံပါတ် ၄ နေရာအတွက် ဝက်စ်ဟမ်းနဲ့ မန်ယူတို့က အနီးကပ်စိန်ခေါ်နေပြီဖြစ်ပါတယ်။



## ကမ္ဘာ့ထိပ်သီးတွေ အားပြိုင်မယ့် အမေရိကအင်တာနေရှင်နယ်ဖလား

ဇူလိုင်လမှာကျင်းပမယ့် အမေရိကအင်တာနေရှင်နယ်ချန်ပီယံဖလားမှာ ဆဲလ်တစ်အသင်းအနေနဲ့ ပရီမီယာလိဂ်ထိပ်သီးကလပ်ဖြစ်တဲ့ လက်စတာအသင်းနဲ့ ယှဉ်ပြိုင်ရဖို့ရှိနေပါတယ်။ ဒီပြိုင်ပွဲကတော့ ချန်ပီယံလိဂ် ခြေစစ်ပွဲအောင်ထားတဲ့ အသင်းတွေရဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်လို့ ဘောလုံးလောကမှာ အကောင်းဆုံးပြိုင်ပွဲတွေဖြစ်လာဖို့ ရှိနေပါတယ်။ ဒီပြိုင်ပွဲတွေကိုတော့ လာမယ့်ဇူလိုင် ၁၇ ရက်ကစပြီး ချန်ပီယံလိဂ် ဒုတိယအကျော့ခြေစစ်ပွဲအောင်ထားတဲ့ အသင်းတွေဟာ အိမ်ကွင်း၊ အဝေးကွင်း ကစားရမှာဖြစ်ပါတယ်။ ဆဲလ်တစ်ကတော့ ဒီပြိုင်ပွဲမှာ ပရီမီယာလိဂ်ထိပ်သီး လက်စတာနဲ့ ကစားရမှာဖြစ်ပါတယ်။

ဒီပြိုင်ပွဲမှာ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာ၊ ပီအက်စ်ဂျီနဲ့ ဘိုင်ယန်မြူးနစ်တို့လည်း ပါဝင်ကစားကြမှာဖြစ်ပါတယ်။ အမေရိကန်အင်တာနေရှင်နယ်ဖလားဟာ လူသိနည်းတဲ့ပြိုင်ပွဲဖြစ်သော်လည်း ကမ္ဘာ့ထိပ်သီးအသင်းတွေရဲ့ အဓိကအားပြိုင်တဲ့ ပြိုင်ပွဲတစ်ခုဖြစ်နေတဲ့အတွက် စိတ်ဝင်စားဖွယ်ပြိုင်ပွဲဖြစ်လာခဲ့ပါတယ်။ ချယ်လ်ဆီး၊ ဆဲလ်တစ်၊ ဘိုင်ယန်မြူးနစ်၊ ရီးရဲမက်ဒရစ် အစရှိတဲ့အသင်းတွေရဲ့ အဓိကအားပြိုင်မှုကြီး ဖြစ်လာဖွယ်ရှိနေပါတယ်။

ကောင်းမြတ်သူ ➢➢ စုစည်းသည်။



# မြစ်သဲထုတ်လုပ်မှုကြောင့် ကမ်းပြိုမှုများမဖြစ်စေရန် ကျေးရွာများ စုပေါင်းဆွေးနွေး

**မြန်အောင် မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများစုပေါင်း၍ မြစ်အတွင်း၌ မြစ်သဲနှင့် ကျောက်ထုတ်လုပ်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးအပြစ်များနှင့် မြစ်ကမ်းပြိုကျမှုမဖြစ်စေရန် အတွက် မတ် ၂၀ ရက်က ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ် ညောင်ဝိုင်းအုပ်စု (၂)ရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် ဆွေးနွေးပွဲသို့ ဧရာဝတီမြစ်ကမ်း ပဲတခွဲကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများဖြစ်သော အလယ်ကျွန်း၊ ညောင်ဝိုင်းအုပ်စုနှင့် သုံးဆယ်ကျွန်းရွာများမှ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ လေးမျက်နှာနှင့် ရေကြည်မြို့များမှ သတင်းမီဒီယာများ တက်ရောက်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ဒေသခံပြည်သူများက မိမိတို့ကျေးရွာများအနီးတွင် နှစ်စဉ် မြစ်ကြောင်းပြောင်းလဲစီးဆင်းမှု၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြစ်အတွင်းမှ ကျောက် လုပ်ကွက်များကြောင့် ကမ်းပြိုမှုများ ဖြစ်ပေါ်နိုင်ပုံနှင့် အကျိုးအပြစ်များ၊ ကမ်းပြိုမှုကြောင့် ကျေးရွာများ နေရာပြောင်းရွှေ့ရခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းခွင်များ ပျက်စီးခြင်းစသည့် လူမှုရေးပြဿနာများ ကြုံတွေ့ရပုံများ၊ ကမ်းပြိုမှုများ ဆက်လက်မဖြစ်စေရန် မြစ်သဲနှင့် ကျောက်တူးဖော်မှု လုပ်ငန်းများကို ကျေးရွာများအား ထိခိုက်နိုင်မှု မရှိသည့်နေရာများတွင်သာ လုပ်ကိုင်ရေးအတွက် တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်ပေးစေလိုကြောင်းနှင့် တာဝန်ရှိသူများထံလည်း တင်ပြထားကြောင်း စသည့်အချက်များကို ဆွေးနွေးခဲ့ကြသည်။



ဧရာဝတီမြစ်အတွင်း မြစ်သဲထုတ်လုပ်နေသော ရေယာဉ်ကြီးများ။

အဆိုပါဒေသရှိ ကျေးရွာများမှာ လက်ရှိအချိန်တွင် နှစ်စဉ် မိုးရာသီ၌ မြစ်ရေဝင်ရောက်မှုရှိပြီး နှစ်စဉ် ဧရာဝတီမြစ်ရေကြောင်း ပြောင်းတတ်သော ဧရိယာဖြစ်နေကာ အငြင်းပွားဖွယ်ရာ မြေနေရာပိုင်ဆိုင်မှုများလည်း ဖြစ်ပွားနေကြောင်းနှင့် မြစ်ကြောင်းအပေါ် မူတည်၍ ပဲခူးတိုင်းဒေသကြီးဘက်သို့ ပါသွားသကဲ့သို့ရှိသော မြန်အောင်မြို့နယ်ပိုင် ကျေးရွာအချို့လည်း ရှိနေကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**



**ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ သမိုင်းဝင်ဘော်ကြိုမုဋ္ဌောစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်၌ ရတနာမာန်အောင်၊ ရတနာရန်အောင်၊ ရတနာဉာဏ်အောင်နှင့် ရတနာဈာန်အောင် ဘုရားလေးဆူကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများက ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။** (ဘော်ကြိုမုဋ္ဌောစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ စတင်ကျင်းပနေပြီး တပေါင်းလပြည့်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။) **စိုင်း(သီပေါ)**

# သံလှယ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ရေစတင်ပေးဝေ

**ဘားအံ မတ် ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလှယ်ကျေးရွာအနီးရှိ သံလှယ်မြစ်ရေတင်လုပ်ငန်း အကျိုးပြုဧက-၈၀၀ တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)က ဆောင်ရွက်ခဲ့သော ၄၅ ကီလိုဝပ် မော်တာနှင့်ပန့်လေးစုံ တပ်ဆင်ပြီးစီးပြီဖြစ်၍ ရေစတင်ပေးဝေခြင်းနှင့် တောင်သူတွေ့ဆုံပွဲကို မတ် ၂၂ ရက်က သံလှယ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ သံလှယ်ရွာအနီးရှိ နှစ်ပေါင်းများစွာ ပလပ်ထားသော လယ်မြေများကို ပြန်လည်ဖော်ထုတ်စိုက်ပျိုးလာနိုင်စေရန်၊ နွေစပါးနှင့် နွေသီးနှံများအတွက် စဉ်ဆက်မပြတ် စိုက်ပျိုးရေ ပေးဝေစိုက်ပျိုးနိုင်ရန်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုရန်အတွက် ဂျိုင်းမြစ်မှရေကို စုပ်တင်၍ ရေပေးဝေနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်သူတွေ့ဆုံပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက သံလှယ်မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦးစောခရစ္စတိုဖာနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းတို့က အမှာစကားပြောကြားကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက တပ်ဆင်ပြီးစီးသော ရေမော်တာနှင့် ပန့်လေးစုံဖြင့် ရေစတင်ပေးဝေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ကရင်ပြည်နယ်တွင် မြစ်ရေတင်လုပ်ငန်းများ အနေဖြင့် ယခင်က တရုတ်လှ၊ ဘားကပ်၊ ထုံးအိုင်နှင့် ဇာသပြင် လျှပ်စစ်မြစ်ရေတင် လေးခု၊ ဂျိုင်းနှင့် ဇာသပြင် ဒီဇယ်မြစ်ရေတင် နှစ်ခု စုစုပေါင်း မြစ်ရေတင်ခြောက်ခုရှိခဲ့ပြီး ယခု သံလှယ်မြစ်ရေတင်လုပ်ငန်းသည် ခုနစ်ခုမြောက်ဖြစ်ကာ ရေသောက်ဧရိယာ ဧက ၈၀၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ သံလှယ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ပေါ်ပေါက်လာစေရန် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့်စီပွားရေးဝန်ကြီးနှင့် ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်အဖွဲ့များသည် တောင်သူများနှင့် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းကာ သဘောတူညီချက်ရယူပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်က စီမံကိန်းစတင်ခဲ့ကာ လုပ်ငန်းအားလုံးမှာ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်မှသာ ပြီးစီးမည်ဖြစ်ကြောင်း၊ လုပ်ငန်းအားလုံး ပြီးစီးသည်အထိ ငွေကျပ်သန်းပေါင်း ၂၁၄၃ သန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် စနစ်တစ်ခုလုံး ပြီးစီးခြင်းမရှိသေးသော်လည်း ပြီးစီးသည့် အပိုင်းကို အကျိုးရှိစေရန်အတွက် ယခုနှစ်တွင် ဧက ၃၀၀ ရေပေးဝေ သွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# မိတ္ထီလာမြို့နယ်၌ ကျေးရွာပေါင်းစုံ လူကြီး၊လူငယ်ဘောလုံးပြိုင်ပွဲများ ကျင်းပ

**မိတ္ထီလာ မတ် ၂၃**

မိတ္ထီလာမြို့နယ် ရှမ်းတဲစံပြကျေးရွာ၌ ကျေးရွာနေပြည်သူများ အားကစားလှုပ်ရှားမှုများ ပြုလုပ်ကာ ကျန်းမာကြံ့ခိုင်စေရန်အတွက် လူကြီး၊လူငယ်ဘောလုံးပြိုင်ပွဲများကို မတ် ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည်။

"လူကြီး ဘောလုံးပြိုင်ပွဲကတော့ အလွတ်တန်းပြိုင်ပွဲပါ။ လူကြီးအလွတ်တန်းဘောလုံးပြိုင်ပွဲမှာ အသင်းပေါင်း ၃၂ သင်းနဲ့ လူငယ်ဘောလုံးပြိုင်ပွဲ အသင်းက သုံးသင်းပဲရှိပါတယ်။ လူကြီးဘောလုံးပြိုင်ပွဲကို အုပ်စုပတ်လည်စနစ်နဲ့ ကျင်းပပြီးတော့ လူငယ်ဘောလုံးပြိုင်ပွဲကို ရှုံးထွက်စနစ်နဲ့ ကျင်းပတာပါ။ နွေရာသီအားလပ်ရက်မှာ ရွာမှာရှိတဲ့ လူကြီးရော၊ လူငယ်ရော အားကစားလှုပ်ရှားမှု ပြုလုပ်ပြီး ကျန်းမာကြံ့ခိုင်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီဘောလုံးပြိုင်ပွဲကို ကျင်းပတာပါ"ဟု ရှမ်းတဲစံပြကျေးရွာ ဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်တစ်ဦးဖြစ်သည့် ဦးကျော်မြင့်က ပြောသည်။

ရှမ်းတဲကျေးရွာ ဘောလုံးပြိုင်ပွဲများသို့ ပတ်ဝန်းကျင်ရှိ ကျေးရွာများဖြစ်သော ရွာသာကြီး၊ ကုက္ကိုလ်ပင်၊ ထိန်တောအိုင် စသည့်ကျေးရွာများမှ လူကြီး၊ လူငယ်ဘောလုံးအသင်းများ လာရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သတင်းတိုများ

### ထီးလင်းမြို့၌ရေပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်လျက်ရှိ

ထီးလင်းမြို့၌ ယခုနှစ် နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှု မရှိစေရန်အတွက် ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ အမှတ် (၁) ရပ်ကွက်တွင် လက်တူးတွင်းကျယ် တစ်တွင်းကို ရန်ပုံငွေ ကျပ် ၁ ဒသမ ၅ သန်းဖြင့်တူးဖော်ပေးခဲ့ကြောင်း၊ အဆိုပါရေတွင်းမှာ ရေထွက်အားကောင်းပြီး ရေကြည်ရေသန့်သဖြင့် ရပ်ကွက်နေပြည်သူများ အတွက် သောက်သုံးရေလုံလောက်စွာရရှိကာ ယခုနှစ် နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှုလည်း မရှိနိုင်တော့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### တီဘီရောဂါအကြောင်းသတိပြုဖွယ်ရာများပညာပေးဟောပြော

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တီဘီရောဂါအကြောင်း သတိပြုဖွယ်ရာများ ပညာပေးဟောပြောပွဲကို မတ် ၂၂ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် ကျိုင်းတုံမြို့နယ် ကျန်းမာရေးဌာနမှ ဒေါက်တာသက်မြင့်က တီဘီရောဂါနှင့်ပတ်သက်၍ သတိပြုဖွယ်ရာများ၊ လိုက်နာဆောင်ရွက်သင့်သည်များကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ခိုင်ဇာ(ယောမြေ)**

### မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းညီလာခံ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်ညီလာခံ အစည်းအဝေးကို မယ်လမုဘုရား ဓမ္မာရုံ၌ မတ်လ ပထမပတ်က ကျင်းပခဲ့ပြီး အစည်းအဝေးတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဆရာမောင်ကျေးဇူးက အမှာစကားပြောကြားကာ အစည်းအဝေးအစီအစဉ်အရ ဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်၊ အတွင်းရေးမှူးမောင်ယဉ်မွန်(ကယား)တို့ ပါဝင်သော မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**(ဝ၂၂)**

### ဒုတိယအကြိမ်မြစိမ်းရောင်ချေးငွေများထုတ်ပေး

ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းရွာမှ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေးအပ်ထားသော မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်ချေးငွေများကို မတ်လ တတိယပတ်တွင် စတင်ထုတ်ချေးနေပြီဖြစ်ကြောင်း၊ ဒုတိယအကြိမ်တွင် စုစုပေါင်းချေးငွေ ကျပ်သိန်း ၃၃၀ ကို မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၀၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ ပရိဘောဂလုပ်ငန်းလုပ်ကိုင်သူ လေးဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးတို့အား ၎င်းတို့၏ လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

# ပုဂံဒေသ မြန်မာ့ရိုးရာသဲပုံစေတီပွဲတော် တပေါင်းလပြည့်နေ့တွင် ကျင်းပ

**ညောင်ဦး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ရှိ မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၊ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ နှစ်ခြိုက်စွာလာရောက်လေ့လာလည်ပတ်သည့် ပုဂံရှေးဟောင်းဒေသတွင် ဆယ့်နှစ်လရာသီပွဲတော်များကို ဖော်ထုတ်ပြသလိုခြင်းနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် မတ်လအတွင်းကျရောက်သည့် တပေါင်းလ၏ ပွဲတော်ဖြစ် သည့် သဲပုံစေတီပွဲတော်ကို ကျင်းပပြုလုပ်နိုင်ရေးအတွက် Royal Bagan Foundation နှင့် နာရေးကူညီမှုအသင်း(ရန်ကုန်) တို့ပူးပေါင်း၍ စီစဉ်ခဲ့ကြကြောင်း သိရသည်။

သဲပုံစေတီပွဲတော်ကို ညောင်ဦးမြို့ အမှတ်(၇)နယ်မြေ ဝက်ကြီးအင်းရပ် မြစည်းခုံဘုန်းတော်ကြီး ကျောင်းအနီး ဧရာဝတီသဲသောင်ပြင်ပေါ်၌ ကျင်းပမည်ဖြစ်ကြောင်း၊ တပေါင်းလပြည့်နေ့တွင် ပွဲတော်ကျင်းပနိုင်ရေးအတွက် မတ် ၁၆ ရက်မှစတင်၍ ဉာဏ်တော် ၁၁ပေ ၃လက်မရှိ သဲပုံစေတီကြီးနှစ်ဆူနှင့် ဉာဏ်တော် ၅ပေ ၆လက်မရှိ အရံသဲပုံစေတီငယ် ၃၆ဆူ တို့ကို ကျွမ်းကျင်ပညာရှင်များနှင့်အတူ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၏ လုပ်အားဒါနတို့ဖြင့် တည်ထားလျက်ရှိကြောင်း သဲပုံစေတီတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်ယူထားသူ ပန်းချီပညာရှင် ဦးလှထွန်းက ပြောသည်။

ဆယ့်နှစ်လရာသီပွဲတော်များကို ဖော်ထုတ်ကျင်းပခဲ့သည်မှာ ယခုတပေါင်းပွဲတော်နှင့်ဆိုလျှင် သုံးကြိမ်သုံးလရှိပြီဖြစ်ပြီး ပြာသိုလ မြင်းခင်းသဘင်ပွဲတော်မှ အစပြုခဲ့သည်ဟုသိရသည်။ ပြာသိုလ မြင်းခင်းသဘင်ပွဲတော်နှင့် တပို့တွဲလ ထမနဲထိုးပွဲတော်များကို ညောင်ဦးမြို့ မြို့ရှောင်လမ်းဘေးရှိ ဦးပေါင်းကျား မြင်းစီးစခန်းကွင်းပြင်အတွင်း၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယင်းပွဲတော်ကို လစဉ်လတိုင်း ဖော်ထုတ်ကျင်းပနိုင်ရန် စီစဉ်ထားသည်ဟု သိရသည်။

ဆယ့်နှစ်လရာသီပွဲတော်များ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပပြုလုပ်သည့် တန်ခူးလကဲ့သို့ နှစ်သစ်ကူးသင်္ကြန်ပွဲတော်များရှိသကဲ့သို့ အချို့လရာသီပွဲတော်များကို ကျင်းပကြသည်မှာ နည်းပါး လျက်ရှိနေပြီဖြစ်ရာ မြန်မာရိုးရာဓလေ့ပွဲတော်များကို တိမ်မြုပ်ပျောက်ကွယ်မသွားစေဘဲ ပြန်လည်ဖော်ထုတ်ပြသခြင်းသည် မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူစရာဖြစ်ကြောင်း၊ ဧည့်လမ်းညွှန်များအနေဖြင့်လည်း ပုဂံသို့ရောက်ရှိနေခိုက် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား မြန်မာတို့၏ရိုးရာဓလေ့များကို ပွဲတော်ကာလဖြင့်ကြုံကြိုက်ပါက ဂုဏ်ယူစွာဖြင့် သွားရောက် ပြသသင့်ကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

**ရဲသူရအောင်(ညောင်ဦး)**



# ဘီးလင်းမြို့နယ်အတွင်းမှ ရေရှားပါးသောကျေးရွာများသို့ ဦးစီးဌာနနှစ်ခုပူးပေါင်း၍ သောက်သုံးရေများဖြန့်ဝေပေးနေ



**ဘီးလင်း မတ် ၂၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ ရေရှားပါးသောကျေးရွာများတွင် သောက်သုံးရေရရှိနိုင်ရန်အတွက် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

သောက်သုံးရေ ဖြန့်ဝေပေးရာတွင် တောင်ကြီးကျေးရွာအုပ်စု မော်ကြီးဝိုင်ကျေးရွာသို့ ရေဂါလန် ၁၀၂၀ နှင့် ကြံတိုင်းအောင်ကျေးရွာသို့ ရေဂါလန် ၁၀၂၀ ကို မတ် ၂၀ ရက်ကလည်းကောင်း၊ ဝင်းကကျေးရွာအုပ်စု ကြာဇီအောင်ကျေးရွာသို့ ရေဂါလန် ၂၄၀နှင့် ကိုးတဲစုကျေးရွာသို့ ရေဂါလန် ၁၀၂၀ ကို မတ် ၂၁ ရက်ကလည်းကောင်း သွားရောက်ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။ တောင်ကြီးကျေးရွာနှင့် ဝင်းကကျေးရွာများသည် လူဦးရေများသော ရွာကြီးများဖြစ်၍ ယခုလိုရေရှားပါးမှုကြုံတွေ့ရချိန်တွင် သောက်သုံးရေးများ လာရောက်ဖြန့်ဝေပေးသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့အား ကျေးဇူးတင်ရှိကြောင်း ဒေသခံပြည်သူများက ပြောသည်။ ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ် အတွင်းရှိ သောက်သုံးရေ လိုအပ်နေသေးသော ကျေးရွာများသို့လည်း သောက်သုံးရေများ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လယ်ယာမြေနှင့် သီးနှံများအတွက် နစ်နာကြေးပေးအပ်

**ဝါးခယ်မ မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း ဝါးခယ်မ-မော်လမြိုင်ကျွန်း ကားလမ်းနှင့် လမ်းအမှတ်(၁၀) ကားလမ်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော တောင်သူများအား နစ်နာကြေးငွေပေးအပ်ပွဲကို ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မနောသုခအစည်းအဝေးခန်းမ၌ မတ် ၂၂ ရက်က ကျင်းပခဲ့သည်။

နစ်နာကြေးငွေ ပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက ဝါးခယ်မ-မော်လမြိုင်ကျွန်း ကားလမ်းမြေသားတာပေါင်ပြုလုပ်ရာတွင် ပါဝင်သွားသော ကျေးရွာအုပ်စုသုံးခုမှ တောင်သူ ၃၅ ဦး၏ လယ်ယာမြေ ၃၄ ဒသမ ၆၆ ဧက၊ စိုက်ပျိုးထားသော နှစ်ရှည်ပင်များနှင့် နေအိမ်အဆောက်အအုံတစ်လုံး ပြောင်းရွှေ့ရခြင်းအတွက် နစ်နာကြေးငွေ စုစုပေါင်း ၅၇၂၉၀၀၀၀ ကျပ်ကိုလည်းကောင်း၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း လမ်းအမှတ်(၁၀) မြေသားတာပေါင်ပြုလုပ်ရာတွင် ပါဝင်သော ကျေးရွာအုပ်စု နှစ်အုပ်စုမှ တောင်သူခုနစ်ဦး၏ လယ်ယာမြေ ၄ ဒသမ ၀၉ ဧကအတွက် နစ်နာကြေးငွေ ၉၄၀၇၀၀၀ ကျပ်ကိုလည်းကောင်း တောင်သူတစ်ဦးချင်းထံ ပေးအပ်ခဲ့ကြသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုဆန်တန်းရပ်၊ ကျိုက္ခမီလမ်းမကြီး၊ အမှတ်(၁၁၃)နေ ဦးခင်သိန်း-ဒေါ်နှင်းကြည်တို့၏သား **ဦးခင်ဝင်း** သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီးက ချီးမြှင့်သော **သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**ကို ရရှိပါသောကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ သာသနာအကျိုး၊ ဘာသာအကျိုး ဆထက်တိုး၍ ထမ်းဆောင်နိုင်ပါကြောင်းနှင့် သက်ရှည်ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းမေတ္တာပို့သလျက်ပါ အန်ကယ်ကြီး။

**ပညာရေးမိသားစု**
**မော်လမြိုင်မြို့နယ်**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ် ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ တိုက်ခန်းအား အမည်ပေါက်ပိုင်ဆိုင်သူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ပျောက်ဆုံးခဲ့ပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့် အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အကြောင်းအရာ | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|
| ဦးရန်အောင်စိုး ၁၂/ပဘတ(နိုင်)၀၂၉၈၂၉ | အဆောက်အအုံနေထိုင်ခွင့် စာချုပ်မိတ္တူမှန်ထုတ်ယူရန် | တိုက်အမှတ်(၁၆၁)၊ အခန်းအမှတ်(၇)လွှာ-ဝဲ၊ လမ်း(၃၀)၊ပန်းဘဲတန်းမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို မူလအမည်ပေါက်ထံမှ ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့် အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁ | ဒေါ်လှလှကြည် ၁၂/တမန(နိုင်)၀၅၀၅၂၂(မှ) | ဒေါ်အေးအေးမော် ၁၀/မလမ(နိုင်)၁၁၉၇၉၁ | တိုက်အမှတ်(၂၀)၊ အခန်းအမှတ်(၁)၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ လှိုင်မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၀/၃၃-ရပ်ကွက်၊ ကော့သောင်းလမ်း၊ အမှတ်(၄၂၀/ခ)နေ ဒေါ်နိုင်ဇာမိုး ၁၂/ရပသ(နိုင်)၀ရ၃၆၃၀ ကိုင်ဆောင်သူသည် ခင်မင်ရင်းနှီးသည့် မိတ်ဆွေဖြစ်သူ ဦးအောင်မိုးသန်းအပေါ် လူမှုကွန်ယက် (Facebook) စာမျက်နှာပေါ်တွင် KoKoChitthae အကောင့်နံပါတ်ဖြင့် ဓါတ်ပုံများကို မှားယွင်းစွာ ဖော်ပြခဲ့ပါသည်။ ယခုအခါ နှစ်ဦးနှစ်ဖက်ဖြေရှင်းညှိနှိုင်းခဲ့ပြီးဖြစ်ပါသည်။ ယခုကြော်ငြာသည့်အချိန်မှစပြီး ဒေါ်နိုင်ဇာမိုးမှ နောက်နောင်အချိန်များတွင် ထပ်မံဖော်ပြခြင်း မပြုလုပ်တော့ပါကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်နိုင်ဇာမိုး
၁၂/ရပသ(နိုင်)၀ရ၃၆၃၀

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကူမဲမြို့၊ ရွာသစ်ကုန်းရပ်ကွက်နေ
ဦးသန်းတင်-ဒေါ်ခင်သန်း (အောင်သစ္စာပရိဘောဂလုပ်ငန်း)တို့၏သား

**ဗိုလ်ဇော်ထက်အောင်**

**BE (Mechanical) D.S.T.A**

**အမှတ် (၂၁)ကာကွယ်ရေးပစ္စည်းတပ်**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်နေ
ဦးကျော်ညွန့် (အင်ဂျင်နီယာ-ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
C.R.D.C. Co., Ltd. -ဒေါ်စိုးစိုးရီ (တံတားအထူးအဖွဲ့-၁၁)
တို့၏သမီးငယ်

**မသက်ထားဆွေ**

**(Diploma in IT), 1st Year (Burmese)**

တို့သည် ၂၀-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့် ဗိုလ်ဇော်ထက်အောင်-မသက်ထားဆွေ**

**ဖခင်အမည်မှန်**

ရေဖြူမြို့နယ်၊ ပုဂေါ့ဇွန်းရွာ၊ အထက(ခွဲ)ရလိုင်၊ နဝမတန်း(A)မှ မယုယနွေး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးသန်းထွန်း ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း ၆/ရဖန(နိုင်)၀၄၃၉၁၉**

## လက်ထပ်ပြီးစီးကြောင်း

ဦးအောင်လင်း-(ဒေါ်ရွှေကျိုး)တို့၏သား မောင်အောင်ဇော်ထွန်း @ Mr Cheng Wun York ၁၂/ကတတ(နိုင်)၀၂၆၄၈၂ နှင့် (ဦးစောဦး)-ဒေါ်သိန်းသိန်းအေး တို့၏သမီး မအိမွန်ဦး ၁၂/ဒဂန(နိုင်)၀၂၉၃၇၅တို့သည် Macau နိုင်ငံဘုန်းတော်ကြီးကျောင်း၌ ၂၈-၂-၂၀၁၆ရက်တွင် နှစ်ဖက်မိဘများရှေ့မှောက်တွင် ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

**မောင်အောင်ဇော်ထွန်း-မအိမွန်ဦး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၉၃၃၁၃ Honda Click ယာဉ်လက်ဝယ်ရှိသူ ဒေါ်အီအင် ၁၃/တခလ(နိုင်)၀၀၅၂၅၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၇ယ/၃၄၇၁၇ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးနန်းလှိုင် ၈/မကန(နိုင်)၀၃၃၂၅၀က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ဘဒ္ဒန္တဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆုချီးမြှင့်ပွဲ ဖိတ်ကြားလွှာ

ဂျပန်နိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ၏ (၁၅)ကြိမ်မြောက် ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆုပေးပွဲ အခမ်းအနားကို (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) ၂၇-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃း၀၀နာရီတွင် ပဓာနနာယကဆရာတော် ဦးဓမ္မတိက္ခာမှ ဦးဆောင်၍ မဟာသာသနာဝေပုလ္လကျောင်း၊ ကြားတောရလမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပင့်ဖိတ်ထားသော စာအောင်ပုဂ္ဂိုလ်များဆုလက်ခံယူကြပါရန်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများမှလည်း လှူဒါန်းပူဇော် သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါရန် ကြွရောက်ပါမည့်အကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဝေယျာဝစ္စအဖွဲ့**

**ဖုန်း-၀၉-၅၀၇၁၅၅၇**

**ဖခင်အမည်မှန်**

အထက (၂)၊ ပုသိမ် နဝမတန်း (E)မှ မမေလွင်ဦး၏ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဦး (ခ)ဦးသန်းဇော်ဦးဖြစ်ပါကြောင်း။

**ဦးသိန်းဇော်ဦး(ခ)ဦးသန်းဇော်ဦး**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ(၁၈)ရက်နေ့ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူလုပ်ငန်းရှင်(၁၀၀၀)ဦးအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမနေရာ"** မှ ဝင်ငွေခွန်အများဆုံး(၄)နှစ်ဆက် ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ အများဆုံးသယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော MEC

# MYANMAR EDUCATION CENTRE

# မြန်မာ့ပညာရေးအောင်မြေ

## ကိုယ်ပိုင်အထက်တန်းကျောင်း

သူငယ်တန်းမှ ဒသမတန်း

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက ၁၃/၀၂/၀၉၃

**၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ**

သူငယ်တန်းမှ နဝမတန်းအထိ (**မေလ ၄ ရက်**) နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
ဒသမတန်းကို (**မတ်လ ၂၀ ရက်**) နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

**ကျောင်းပုံစံနှင့် ပြင်ဆင်မှု**

- ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံဆောက်လုပ်ထား၍ -
  - စာသင်ခန်းများ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား အထူးကောင်းမွန်ခြင်း
  - ဘေးကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်း ပါရှိခြင်း
  - ကျောင်းသားကျောင်းသူ ဝင်ဆံ့အားနှင့် အဆောက်အဦး၏ ခံနိုင်ရည်တို့ကို သေချာစွာ တွက်ချက်၍ ဆောက်လုပ်ထားခြင်းကြောင့် လုံခြုံစိတ်ချရမှုရှိခြင်း
  - ကျောင်းနေရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ)တို့နှင့် ပြည့်စုံပါသည်။
- စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition)များ အပြည့်တပ်ဆင်ထားပြီး၊ သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။

**သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ**

- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ (အစိုးရကျောင်းကြီးတက်ရန်နှင့် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။)
- စေတနာနှင့် ဝါသနာတို့ကို အရင်းခံပြီး ထပ်ဆောင်း၍ -
  - အင်္ဂလိပ်စာစွမ်းရည် မြင့်မားတိုးတက်စေရန် အင်္ဂလိပ်စာ (4 skills)ကို ဖြည့်စွက်၍ သင်ကြားပေးခြင်း
  - စိတ်တည်ငြိမ် နူးညံ့မှုရရှိစေရန် ပန်းချီပညာသင်ကြားပေးခြင်း
  - ကိုယ်ကာယနှင့်စိတ်ဓာတ် ကျန်းမာကြံ့ခိုင်စေရန် မြန်မာ့ရိုးရာသိုင်းပညာ သင်ကြားပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။
- နောင်အနာဂတ်တွင် နိုင်ငံ၏ သားကောင်း၊ သမီးကောင်းများ ဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည်အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ အငြိမ်းစား (ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ)နှင့် ပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းဆရာဖြစ် မှတ်ပုံတင်လက်မှတ်ရ (Ph.D, M.Sc, M.Ed, B.Ed, M.A ဆရာ အတတ်သင်ဆင်း) ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။

**ကျောင်းချိန်နှင့် သွားလာရေး**

- မနက် ၈း၀၀ မှ ၁း၃၀ နာရီအထိ။ ၈၊ ၉၊ ၁၀ အတန်းများ Guide ချိန်ရှိပါသည်။
- ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိပါသည်။

**ကျောင်းတည်နေရာ** MEC-1 အမှတ် (၁၅၈)၊ စရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ဆက်သွယ်ရန်** ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၇၉၈၁၃၆၃၈၈၇၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၉၆၃၇၇၃၅၄၅၁

မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားနိုင်သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ၊ အလိုရှိသည် (ဆရာဖြစ်လက်မှတ်ပါရှိသူဦးစားပေးမည်)။ အင်္ဂလိပ်စာ 4 Skills ၊ ပန်းချီသင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။

# ဆေးပညာဆွေးနွေးပွဲ ဖိတ်ကြားခြင်း

ဆေးတက္ကသိုလ်(၁) ကျောင်းသူ၊ ကျောင်းသားဟောင်းများ အသင်း (University of Medicine (1) Alumni Association ) မှ ဦးစီးကျင်းပမည့် ''စဉ်ဆက်မပြတ် ဆေးပညာ နှီးနှောဖလှယ်ပွဲ'' အစီအစဉ်ကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**Chairperson - Professor Aye Maung Han**
- President ,University of Medicine (1) Alumni Asseiation
- Emeritus Professor, University of Medicine (1),Yangon
- Former Rector, University of Medicine (1), Yangon

| ဟောပြောမည့်ပုဂ္ဂိုလ် | အကြောင်းအရာ |
|---|---|
| **(1)Professor Tint Lwin**<br>- Visiting Professor to Institutes of Medicine, Myanmar<br>- Honoray Professor , Defences Services Medical Academy<br>- Senior Consultant Radiologist | : **Basic MRI and PET/ CT- "How you can read"** |
| **(2) Professor Nyunt Thein**<br>-Senior Consultant Physician<br>-Emeritus Professor<br>-Former Head of Department of Medicine, University of Medicine -1,Yangon<br>-Regional Adviser of Royal College of Physicians of Edinburgh<br>-International Adviser of Royal College of Physicians of London | : **"EI Nino, UV rays, Heat& Health"** |

နေ့ရက် ။ ။ ၂၇-၃-၂၀၁၅(တနင်္ဂနွေနေ့)။
အချိန် ။ ။ မနက်(၉း၀၀)နာရီမှ နေ့လည် (၁၂း၀၀)အထိ။
နေရာ ။ ။ ဝိဝကခန်းမ၊ ဆေးတက္ကသိုလ်(၁)၊ လမ်းမတော်။

24/7 Service
Electric & Plumbing

ရေနှင့် လျှပ်စစ်မီး ကိစ္စများကို

အခမဲ့

ဖြင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်

SPECIAL OFFERS
Now to April 30

TYW & ASSOCIATES



ဆက်သွယ်ရန်
09-250 066172
09-250 066173
09-250 066174
09-316 61552
09-316 61553

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မင်းမင်းသူ ၁၀/ခဆန(နိုင်)၁၁၃၂၀၄ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ကိုဒ္ဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## တောင်ငူမြို့နယ်တရားရုံးတော်၌

## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၄

| | | |
|---|---|---|
| ဒေါ်လှိုင်ဦးဆွေ | **နှင့်** | ၁။ ဦးပြည့်မျိုးကျော် |
| | | ၂။ ဦးကျော်ဖြိုးအေး |
| **တရားလို** | | **တရားပြိုင်များ** |

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ လဲဘူးကျေးရွာနေ (၁) တရားပြိုင် ဦးပြည့်မျိုးကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဒေါ်လှိုင်ဦးဆွေက နှစ်ဦးသဘောတူညီချက်အရ ငွေအပ်နှံခြင်းကတိစာချုပ်အရ (ငွေသိန်းရှစ်ဆယ်ကျပ်)တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ ၈ရက် (၁၃၇၇ခုနှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှိုင်မျိုးအောင်)**
**မြို့နယ်တရားသူကြီး**
**တောင်ငူမြို့နယ်တရားရုံး**

# အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ် (၂၈/ဃ)၊ ဧရိယာ ၀ဒသမ ၃၇၆ဧကရှိ မြေသည် ဦးဘပုအမည်ဖြင့် ဦးပိုင်ပေါက်ပြီး (99) LNO No 5334-5335/ 1-1-52 အရ (၉၉)နှစ်အငှားဂရန် ရရှိထားပါသည်။ အဆိုပါမြေအား ဦးအောင်ရွှေမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး နှစ် ၃၀ အငှားဂရန် လျှောက်ထားရာတွင် အငှားဂရန်စာချုပ်မှာ ပျောက်ဆုံးနေ၍ တင်ပြနိုင်ခြင်းမရှိပါ။ ထိုသို့အငှားဂရန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

# ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၄)၊ ဦးပိုင်အမှတ် ၁၃၁၊ ၆၈×၆၉ကြား၊ ၄ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြားရှိ ဦးကျော်လွင်အမည်ပေါက် ဂရန်မြေကွက်အား ဦးလေးဖြစ်သူ ဦးကျော်လွင်၊ ဖခင် ဦးဖိုးရစ်၊ မိခင် ဒေါ်ပုတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော တူမ/သမီးဖြစ်သူ ဒေါ်စန္ဒာဝင်း ၇/နတလ(နိုင်)၀၀၀၇၂၅မှ ဂရန်စာချုပ်၊ သေစာရင်း တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၇)၊ ဦးပိုင်အမှတ် ၁၊ ၄၈×၄၉လမ်းကြား၊ဒေလီယာနှင့် ခိုင်ရွှေဝါလမ်းကြားရှိ တပ်သားလှထွန်း အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်အုန်းမေကြည် ၉/မရမ(နိုင်)၀၁၁၇၂၀မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့ ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/6380, Hyundai, Bus (4x2) L ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီနိုင် ၁၂/သလန(နိုင်)၀၇၈၂၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ပျဉ်မနားမြို့နယ်တရားရုံးတော်၌

## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၀

| | | |
|---|---|---|
| ဦးဇော်ဝေမြင့်(ခ)ဇော်မြင့် | **နှင့်** | ဦးလှရှိန် |
| အမှတ် ၁၄/၂၃၊ ကေးလမ်း၊ | | အမှတ် ၆၇၅၊ ပျဉ်းမမြိုင်လမ်း၊ |
| မင်္ဂလာမီးရထားရပ်ကွက်၊ | | (၃၄)ရပ်ကွက်၊ ဒဂုံ(မြောက်)၊ |
| ပျဉ်းမနားမြို့ | | ရန်ကုန်မြို့ |

**မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ပျဉ်းမမြိုင်လမ်း၊ (၃၄)ရပ်ကွက်၊ အမှတ် ၆၇၅ တွင် နေထိုင်သူ ဦးလှရှိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်ဝေမြင့်(ခ)ဇော်မြင့်က ပျဉ်းမနားမြို့နယ်၊ မင်္ဂလာမီးရထားရပ်ကွက်၊ ကေးလမ်းရှိ အကွက်အမှတ်နှင့် အမည်(၂၆-မီးရထားရပ်)၊ ဦးပိုင်အမှတ်(၁၃-က)၊ ဧရိယာ ၀ဒသမ ၂၇ဧက ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) ၂၀၁၆ခုနှစ် ဧပြီ ၅ရက် မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးခွန်ဖြူ)**
**မြို့နယ်တရားသူကြီး**
**ပျဉ်မနားမြို့နယ်တရားရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)**
**ကြည်း-၁၈၃၆၉၉၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆)**
**အသက် (၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၀၉၈၊ ခတ္တာ (၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ် ၂ နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်း ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)ည၁၀း၁၅နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး ဒေါ်နီနီမိသားစု**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်ဝင်းမြင့် အသက်(၅၆)နှစ်**
**(ကာကွယ်ရေးဝန်ကြီးဌာန)**
**ကြည်း-၁၈၃၆၉၉၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ်၃၀၉၈၊ ခတ္တာ(၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်၂နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ်ဝင်းမြင့် (ကြည်း-၁၈၃၆၉၉)သည် ၂၀-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည၁၀း၁၅နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့်အစိုးရအဖွဲ့ဝန်ကြီးများ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်ဝင်းမြင့်**
**ကြည်း-၁၈၃၆၉၉**
**(ကာကွယ်ရေးဝန်ကြီးဌာန)**
**အသက်(၅၆)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်း၊ သူငယ်ချင်း ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက် ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်ဝင်းမြင့် အသက်(၅၆)နှစ်**
**(ကာကွယ်ရေးဝန်ကြီးဌာန)**
**ကြည်း-၁၈၃၆၉၉၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆)**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ်၃၀၉၈၊ ခတ္တာ(၈)လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ်၂နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည၁၀း၁၅နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့်လှိုင်(ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန နှင့်ဇနီး**
**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး ယဉ်ကျေးမှုဝန်ကြီးဌာန)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကျင်တင် (ကော့မှူးမြို့)**
**အသက် (၉၂)နှစ်**

ကော့မှူးမြို့နယ်အသင်း(ရန်ကုန်)၊ ရာသက်ပန်အသင်းဝင် ဦးဆန်းတင့်-ဒေါ်ကြူကြူတို့၏ မြတ်သောမိခင်ကြီး ဒေါ်ကျင်တင် အသက်(၉၂)နှစ်သည် ကော့မှူးမြို့၊ ပြည်တော်သာ(၂)လမ်းနေအိမ်တွင် ၁၃-၃-၂၀၁၆ ရက် ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲခြင်းဖြစ်ကြရပါသည်။ **အသင်းဝင်များ**
**ကော့မှူးမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရားဒကာ၊ ကျောင်းဒကာ၊ သိမ်ဒကာ၊ ရဟန်းဒကာ**
**ဦးသိန်း**
**အသက် (၉၁)နှစ်**

ရန်ကုန်မြို့နေ ဦးကျော်မြင့်ဦး(အထွေထွေအတွင်းရေးမှူး)၊ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF) - ဒေါ်သီဂီအေးတို့၏ဖခင်သည် မန္တလေးမြို့နေအိမ်တွင် ၂၀-၃-၂၀၁၆ ရက် ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။ **အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်**

## တစ်လပြည့် သတိရလွမ်းဆွတ်ခြင်း

**ဒေါ်ရင်ကြည် (ကော့ကရိတ်မြို့)**
**အသက် (၈၉)နှစ်**

မိခင်ဒေါ်ရင်ကြည်သည် ၂၄-၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသည်မှာ တစ်လပြည့်ပြီဖြစ်ပါသည်။ တစ်လပြည့်သည့်တိုင် တစ်နေ့မှ မေ့မရပါ။ မိသားစုများမှ ပြုသမျှကုသိုလ်အဝဝအတွက် အမျှ-အမျှ-အမျှပေးဝေပါသည်။

**သားသမီးများ- ဦးမောင်ထွေး-ဒေါ်ရင်ပို့**
**ဦးအောင်ထွေး-ဒေါ်ရင်ရှိန်**
**ဦးအောင်လွင်-ဒေါ်မူမူလွင်**
**မြေး ၅ ယောက်၊ မြစ် ၃ ယောက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်ဝင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)**
**အသက် (၅၆) နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၃၀၉၈၊ ခတ္တာ (၈) လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ် (၂) နေ ဒေါ်သင်းသင်းသန်း၏ခင်ပွန်း ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ၂၀-၃-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀း၁၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆန်းလင်း-ဒေါ်ချိုချိုအောင် (မိသားစု)

## ဒေါ်ကြည်သန်း (ဟင်္သာတမြို့)

**အသက် (၆၅)နှစ်**

ဟင်္သာတမြို့၊ လိပ်ချောင်းကျေးရွာနေ (ဦးမော်-ဒေါ်ခင်လု) ဆန်စက်လုပ်ငန်းရှင်တို့၏ သမီး၊ ဟင်္သာတမြို့နေ (ဦးစန်းမောင် - ဒေါ်ဝင်းကြည်)တို့၏ညီမ၊ ဒေါ်သန်းသန်းစိုး၊ ဦးတက်နေလင်း၊ ဒေါ်သက်မွန်စိုးတို့၏အဒေါ်သည် ၁၃-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း ၂၆နာရီတွင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာအောက်လမ်း၊ အမှတ် ၇၁(၃) လွှာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၆ ရက် ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း

**ဗိုလ်မှူးစိန်ထွန်း BC(6038)**
**လက်ထောက်စစ်ဥပဒေချုပ်(ငြိမ်း)**
**B.A.,B.L(Advocate)M.L(University of Virginia)**
**အသက်(၉၉)နှစ်**

မန္တလေးမြို့၊ အထက်မြန်မာပြည် မက်သဒစ်အသင်းတော် ဂိုဏ်းချုပ်ကြီး (ဦးဘိုးထွန်း- ဒေါ်ထွန်းပန်း)တို့၏ တစ်ဦးတည်းသောသား၊ မန္တလေးမြို့၊ စက်ဗိုလ်[ဦးဘိုးလွင်(B.E.S Co.,Ltd.)-ဒေါ်ဒွေး၃]တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၂၃နေ [Naw Pearl White@ဒေါ်မြလွင်လွင်]၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ခင်စိန်-ဦးသောင်းဖေ၊ ဒေါ်သိန်းသိန်းစိန်-(ဦးကိုကြီး)၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်မြင့်မြင့်စိန်-ဦးဝင်းမြင့်၊ ဦးစိန်လွင်ထွန်း-ဒေါ်ဝေမာအေးတို့၏ ချစ်လှစွာသောဖခင်သည် ၂၂-၃-၂၀၁၆ရက် နံနက် ၄း၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း

**ဗိုလ်မှူးစိန်ထွန်း BC(6038)**
**လက်ထောက်စစ်ဥပဒေချုပ်(ငြိမ်း)**
**B.A.,B.L(Advocate)M.L(University of Virginia)**
**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၂၃နေ [Naw Pearl White@ဒေါ်မြလွင်လွင်]၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးမြကို၊ ဒေါ်ခင်စန္ဒာဖေ-ဦးဒေဝါသိန်း၊ ဦးစိန်သောင်းထွန်း-ဒေါ်ကေခိုင်ထွန်း၊ ဦးငြိမ်းချမ်းကို၊ ဒေါ်အေးမြင့်ဝင်း-ဦးသစ်နိုင်၊ ဒေါ်ခိုင်လွင်ကြည်၊ ဒေါ်ခင်ဥမ္မာ ဖေ-ဦးရဲထွန်းလင်း၊ ဒေါ်ဥမ္မာမြင့်၊ ဦးလွင်မြင့်ထွန်း-ဒေါ်သိမ့်သိမ့်အောင်တို့၏အဘိုး၊ Daniel ဒေဝါ၊ Angel ဒေဝါ၊ Esther လင်း၊ Valentino ထွန်း၊ သော်Noelထွန်း၊ Sharonလင်းတို့၏ ဘိုးဘိုးကြီးသည် ၂၂-၃-၂၀၁၆ရက် နံနက် ၄း၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစူဗင်ကောင်း(ခ)ဦးမောင်ဝင်း အသက် (၉၆) နှစ်**

သူငယ်ချင်း ဖြိုးကျော်သူ၏အဖိုးဖြစ်သူ ဦးစူဗင်ကောင်း(ခ)ဦးမောင်ဝင်းသည် (၁၈-၃-၂၀၁၆) ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗီတီ (94) အဖွဲ့နှင့်
အမှတ် ၆ အ. ထ. က (၆) မော်လမြိုင်မှသူငယ်ချင်းများ

## ဘုရား၊ ရဟန်း ဒါယိကာမကြီး

**ဒေါ်စိန်ရောင်း (ပျဉ်းမနား)**
**အသက်(၉၂)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့နေ(ဦးတိမ်းကော့-ဒေါ်စောရှင်)တို့၏သမီး၊ (ဦးကောင်ဗီ)၏ဇနီး၊ (ဦးမြင့်ဦး)၊ ဦးမြင့်ဌေး၊ ဦးသိန်းဟန်-ဒေါ်ဌေးဝင်း၊ ဦးဌေးအောင်-ဒေါ်သင်းသင်း၊ ဦးမင်းသိမ်းအောင်-ဒေါ်နိုင်နိုင်မော်၊ ဦးဌေးနိုင် -ဒေါ်အေးမြင့်တို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၂-၃-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ကန်ဦး-သပြေလှသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးသန်းလွင် (ငြိမ်း) အသက် (၈၀)

**ဌာနမှူး (ငြိမ်း) YCDC OTS အပတ်စဉ် (30)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊၃၆လမ်း(အထက်)၊အမှတ်(၂၀၉/ခ)နေ ဒေါ်ခင်မြင့်မြင့်စိုး၏ခင်ပွန်း၊ဒေါ်မေမီမီလွင်၊ ဦးကိုကိုလွင်-ဒေါ်ဝင်းဝင်းမြင့်၊ဒေါ်မေသူဇာလွင်၊ ဦးသက်တင်-ဒေါ်ခိုင်ရွှေဝါလွင်၊ ဦးမင်္ဂလာလွင်-ဒေါ်စုလှိုင်ထွန်းတို့၏ဖခင်၊ မြေးနှစ်ယောက် တို့၏ အဘိုးသည် ၂၁-၃-၂၀၁၆ရက် (တနင်္လာနေ့)မွန်းလွဲ ၁၂း၁၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ် လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ၃၆လမ်း၊ ဝေယျာဝစ္စမ္ဘောရုံသို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ကြည်ညွန့်**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၅၁နေ (ဦးဘရင်-ဒေါ်မြအေး)တို့၏ သမီး၊ (ဦးဇေယျ)၏ဇနီး၊ ဦးတင်အောင်-ဒေါ်ခင်ခင်စိန်၊ ဦးမြဝင်း-ဒေါ်အေးမြင့်၊ (ဦးသိန်းမြင့်ထွန်း-ဒေါ်ခင်ဝင်းစိန်)၊ ဦးသန်းအောင်- ဒေါ်မြင့်မြင့်ကြည်၊ ဦးခင်ကျော်-ဒေါ်မာမာအေး၊ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ရီ၊ (ဦးထင်ကျော်)- ဒေါ်သင်းသင်း၊ ဦးကျော်ကျော်- ဒေါ်ဘုတ်ဘုတ်တို့၏မိခင်၊မြေး ၂၀၊ မြစ် ၁၇ ယောက်တို့၏ အဘွားသည် ၂၂-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၅၅ နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ရဟန်း ဒါယိကာမကြီး

**ဒေါ်စန်းမြင့်**
**အသက် (၆၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ စွမ်းအင်လမ်း၊ အမှတ် ၅၇၂နေ (ဦးအောင်သန့်- ဒေါ်ဖွားမြိုင်)တို့၏မြေး၊ (ဦးလူခ-ဒေါ်ထပ်) တို့၏ သမီးချွေးမ၊ ဦးအောင်ကြည်၏ ချစ်လှစွာသောဇနီး၊ မောင်လှိုင်ဝင်း၊ ကိုအေးချို-မသက်မာဝင်း၊ မောင်အောင်မင်းသူ- မမြင့်မြင့်သိန်းတို့၏မိခင်၊ မောင်နိုင်ဘုန်းမြင့်မိုရ်(ခ) တုတု၏ အဘွားသည် ၂၂-၃-၂၀၁၆ ရက် နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၂၈-၃-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီ မှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တသုန္ဒရမဟာထေရ်မြတ်**
**သက်တော် (၈၇)နှစ်၊ သိက္ခာတော် (၆၇)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အဘယာရာမ မိုးထိတိုက် ဩဝါဒါစရိယဇမ္ဗူအေး ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက၊ မန္တလေးတိုင်း ဩဝါဒါစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ တိပိဋကပါဠိမြန်မာအဘိဓာန် ကျမ်းပြုဆရာတော် ဘဒ္ဒန္တသုန္ဒရမဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက်) ၂၁-၃-၂၀၁၆ ရက် (တနင်္လာနေ့) နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ရက်) ၂၇-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အေးရိပ်ငြိမ်သုသာန်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ဒက္ခိဏာရာမဘုရားကြီးတိုက် နယားဆရာတော်နှင့်**
**မိုးထိတိုက် နာယက စာချ တပည့်သံဃာ**
**ဒါယကာ၊ ဒါယိကာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အမာ**
**အသက် (၉၀)**

ပါမောက္ခ ဒေါက်တာဒေါ်တင်တင်မာ (ပါမောက္ခ/ဌာနမှူး၊ အသည်းနှင့်သည်းခြေလမ်းကြောင်း ခွဲစိတ်ကုပညာဌာန၊ ခုတင် ၅၀၀ဆံ့ အထူးကုဆေးရုံကြီး)၏မိခင် ဒေါ်အမာသည် ၁၀-၃-၂၀၁၆ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဆုတ်နှင့်ရင်ခေါင်းဆေးကုဌာန မိသားစုဝင်များ**
**ဆေးတက္ကသိုလ် (၁)၊ ဆေးတက္ကသိုလ် (၂)နှင့် ဆေးတက္ကသိုလ်-မန္တလေး**

## ဦးစိန်ဝင်း အသက်(၈၆)နှစ်

**အကြီးတန်းအုပ်ချုပ်ရေးအရာရှိ(ငြိမ်း)**
**အထွေထွေစီမံခန့်ခွဲရေးဌာန(ရန်ကုန်)**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)**

မတ္တရာမြို့နေ ဦးလေးတာ-ဒေါ်ဆွမ်းပို့တို့၏သား၊ ပြင်ဦးလွင်မြို့နေ ဦးဘဝင်း-ဒေါ်ကွန့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ တိုက် ၂၁၉၊ အခန်း ၂၈နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ ဦးတင်မောင်မောင်ဝင်း(E/E,APL Shipping Co.,Ltd. S'Pore)-ဒေါ်မေမေသန်း(FM Bagan)၊ ဒေါ်တင်မမဝင်း၊ [ဦးမျိုးညွန့်(3rd Mate F.G)]-ဒေါ်တင်လှလှဝင်း၊ [ ဦးဌေးလွင်(East Wind Shipping)]-ဒေါ်သီတာဝင်း(မီးမီး)တို့၏ချစ်စွာသောဖခင်၊ မောင်နေလင်းထွန်း-မဆုလဲ့ဖြူ (Idea Gems Art&Frame)၊ မောင်အောင်ကောင်းမြတ်(Grade-11, အထက-၂၊ ကမာရွတ်)၊ မောင်ကျော်နန္ဒ(Grade-10,အထက-၁၊ ရန်ကင်း)၊ မောင်အောင်မျိုးသူ (Grade-9,TTC,ပြည်လမ်း)တို့၏အဘိုးသည် ၂၂-၃-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဦးစိန်ဝင်း အသက်(၈၆)နှစ်

**အကြီးတန်းအုပ်ချုပ်ရေးအရာရှိ (ငြိမ်း)**
**အထွေထွေစီမံခန့်ခွဲရေးဌာန (ရန်ကုန်)**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နေ ဦးလေးတာ-ဒေါ်ဆွမ်းပို့တို့၏သား၊ ပြင်ဦးလွင်မြို့နေ ဦးဘဝင်း-ဒေါ်ကွန့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ တိုက် ၂၁၉၊ အခန်း ၂၈နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ မန္တလေးမြို့နေ ဆရာတော်ဘန္ဒတဝိသုဒ္ဓ (ဦးဝင်းရှိန်)၏ညီ၊မန္တလေးမြို့နေ ပါမောက္ခ ဒေါက်တာဦးမြမောင်-ပါမောက္ခ ဒေါက်တာဒေါ်စန်းရီတို့၏ အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ ခပေါင်းအိမ်ရာနေ ရဲမှူးကြီးအေးကို၊ ဒေါ်မိမိကြည်တို့၏အစ်ကို၊ မန္တလေးမြို့နေ (ဦးထွန်းအောင်)-ဒေါ်ခင်ထွေးတို့၏အစ်ကိုသည် ၂၂-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးသိန်းထွန်း**
**(ဦးသိန်းထွန်းနှင့်မောင်နှမများကုန်ခြောက်ဆိုင်)**
**B.Ag.(1973-1978)**
**အသက်(၆၄)နှစ်**

မြောင်းမြမြို့၊ (၄)လမ်း၊ အမှတ် ၅၀နေ(ဦးလှရွှေ)-ဒေါ်သန်းရီတို့၏သား၊ မြောင်းမြမြို့၊ (၇)လမ်း၊ အမှတ် ၁၄နေ(ဦးမြမောင်-ဒေါ်နီ)တို့၏သားသမက်၊ မြောင်းမြမြို့၊ နတ်စင်လမ်း၊ အမှတ် ၆ နေ ဒေါ်နီနီဝင်း (မြောင်းမြဂုန်နီစက်ရုံခွဲမှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်သန်း)-ဒေါ်အေးမိ၊ ဒေါ်အေးဝင်း၊ ဦးချိုထွန်း၊ ဦးဇော်ထွန်း(MMAဘုရင့်နောင်)-ဒေါ်စုလေးမေ၊ ဒေါ်မြင့်မြင့်အေး၊ ဦးကျော်ဇေယျ(မြေစာရင်း)-ဒေါ်အေးအေးခိုင်တို့၏အစ်ကို၊ ဒေါက်တာကျော်လင်းထွန်း(လက်ထောက်ဆရာဝန်-ခွဲစိတ်၊ မြောက်ဥက္ကလာပကုသရေးနှင့်သင်ကြားရေးဆေးရုံကြီး)၊ ဒေါက်တာကျော်သက်နိုင်(လက်ထောက်ဆရာဝန် Y.S.H)တို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ငါးယောက်တို့၏ဦးလေးသည် ၂၂-၃-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် မြောင်းမြမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးသိန်းထွန်း**
**(ဦးသိန်းထွန်းနှင့်မောင်နှမများကုန်ခြောက်ဆိုင်)**
**B.Ag.(1973-1978)**
**အသက်(၆၄)နှစ်**

မြောင်းမြမြို့၊ (၄)လမ်းနေ(ဦးလှရွှေ)-ဒေါ်သန်းရီတို့၏သား၊ မြောင်းမြမြို့၊ (၇)လမ်း၊ အမှတ် ၁၄နေ(ဦးမြမောင်-ဒေါ်နီ)တို့၏သားသမက်၊ မြောင်းမြမြို့၊ နတ်စင်လမ်း၊ အမှတ် ၆ နေ ဒေါ်နီနီဝင်း (မြောင်းမြဂုန်နီစက်ရုံခွဲမှူး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာကျော်လင်းထွန်း (လက်ထောက်ဆရာဝန်-ခွဲစိတ်၊ မြောက်ဥက္ကလာပကုသရေးနှင့် သင်ကြားရေးဆေးရုံကြီး)၊ ဒေါက်တာကျော်သက်နိုင် (လက်ထောက်ဆရာဝန် Y.S.H)တို့၏ချစ်လှစွာသောဖခင်၊ ဆရာမဒေါ်နွဲ့နွဲ့ဝင်း (ဓာတုဗေဒသင်တန်း)၊ ဦးကိုကို-ဒေါ်ညွန့်ညွန့်သန်း (သင့်မိတ်ဆွေဆန်စက်)၊ ဒေါ်လှလှဝင်းတို့၏အစ်ကို၊ ဒေါက်တာသုတကိုကို-ဒေါက်တာသဲဖြူဖြူဇင်၊ မောင်စွမ်းထက်ကိုကိုတို့၏ဦးလေးသည် ၂၂-၃-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် မြောင်းမြမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးကျင်းပ




ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဖွင့်ပွဲအခမ်းအနားနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

**စန်းယ မတ် ၂၃**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဟိုင်နန်ပြည်နယ် စန်းယမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် မတ် ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များသည် ထိပ်သီးအစည်းအဝေး ကျင်းပမည့်နေရာသို့ နံနက် ၉ နာရီတွင် ရောက်ရှိလာရာ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထိပ်သီး အစည်းအဝေးသို့ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ●

# မရမ်းကုန်းမြို့နယ်ရှိ ၈ မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်းဖွင့်



မရမ်းကုန်းမြို့နယ်ရှိ ၈ မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်ဖွင့်လှစ်ပြီးနောက် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။

သတင်း-စိုးဝင်း(SP)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)
မျိုးမင်းသိန်း (မရမ်းကုန်း)

**ရန်ကုန် မတ် ၂၃**

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရန်အတွက် ငွေကျပ် ၁၅ ဒသမ ၈ ဘီလီယံ အကုန်အကျခံ တည်ဆောက်ပြီးစီးပြီဖြစ်သည့် မရမ်းကုန်းမြို့နယ်ရှိ ၈ မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက အဆိုပါတံတားအနီး၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ယူတည်ဆောက်သော Crown Advanced Construction ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အဆိုပါကုမ္ပဏီလီမိတက်က ၈ မိုင်လမ်းဆုံခုံးကျော်တံတားသစ်ကို တည်ဆောက်ခြင်းဖြစ်ပြီး ကမ္ဘာအေးဘုရားလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းဆုံရာဖြစ်သော ပြည်လမ်းမကြီးပေါ်၌ တည်ရှိသည့်

*စာမျက်နှာ ၅ ကော်လံ ၁* ◆

## အင်အား အနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် မတ် ၂၃**

မတ် ၂၃ ရက် ညနေ ၅ နာရီ မိနစ် ၂၀ အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်ဘက် ၁၈၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုးညှင်းမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍အင်အား ရစ်(ခ်ျ)တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

● စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။
ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..
UEC
ကကက-၁၃/၂၂/၂၃
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
GRADE 1 - GRADE 11
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

၂၀၁၆ - ၁၇ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။
အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။
DAY CAMP - (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း - English 4 - skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
■ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။
ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 31 558973, 09 79 3893725, 09 51 57988, 09 51 62238
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS